စိတ်ကူးချိုချိုအနုပညာ
mgyoe.com

# Man-Eaters of Kumaon

by
Jim Corbett



မြန်မာပြန်သည်

ဒုတိယအကြိမ်

mgyoe.com

# Man-Eaters of Kumaon

by
**Jim Corbett**



လူစားကျား
ဒေါက်တာသန်းထွေး

မြန်မာပြန်သည်

ISBN 9789997119575
DTH31
9 789997 119575
3,200.00KS

mgyoe.com

mgyoe.com

ကုမာအောင်က လူစားကျား ဒေါက်တာသန်းထွန်း
မျက်နှာဖုံးပန်းချီ - ဇော်မောင်
စာမျက်နှာ ၂၃၉ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၀ ·၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းညီ၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဒီဇင်ဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၄၊ တကောင်းစာအုပ်တိုက်၏ ပထမအကြိမ်မူ

ရောင်းဈေး ၃ ၂ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

## မာတိကာ


| | | |
|---|---|---|
| ၁။ | ချမ်ပဝတ် လူစားကျား | ၁ |
| ၂။ | ရော်ဗင် | ၃၀ |
| ၃။ | ချောင်းဂါးကျားများ | ၄၃ |
| ၄။ | ပေါ်ဝလဂါး လူပျိုကြီး | ၉၇ |
| ၅။ | မောဟန် လူစားကျား | ၁၁၂ |
| ၆။ | တမ်းတခဲ့ရတဲ့ ငါး | ၁၄၃ |
| ၇။ | ကန္ဒလူစားကျား | ၁၄၉ |
| ၈။ | ဂါးရဝါးပြည်သူတွေက စာရေးသူဆီကို ပို့တဲ့ အသနားခံလွှာ | ၁၆၄ |
| ၉။ | ပိပါပနိကျား | ၁၆၇ |
| ၁၀။ | သက်လူစားကျား | ၁၇၉ |
| ၁၁။ | ကျားတွေပဲ သန့်သန့် | ၂၂၈ |


mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# ချမ်ပဝတ် လူစားကျား

## [ ၁ ]

နောက်တော့ 'ချမ်ပဝတ်လူစားကျား' လို့နာမည်နဲ့ မှတ်တမ်းတင်ခံရမယ့် ကျား အကြောင်းကို မလနီမှာ ကျွန်တော်နဲ့ အယ်ဒီနိုးလက်တို့ အမဲလိုက်နေတုန်းကပဲ စပြီး သတင်းကြားရပါတယ်။

အယ်ဒီဆိုတဲ့လူက သည်နယ်တစ်ကြောမှာ အတော်ဆုံးမုဆိုးလို့ အကြာအရှည် မော်ကွန်းတွင်ရစ်မယ့်သူဖြစ်လေတော့ တောလိုက်အတွေ့အကြုံတွေကို အဆုံးအဆ မရှိလောက်အောင် ပြောနိုင်စွမ်းတဲ့လူပါပဲ။ လူ့လောကမှာ အဘက်ဘက်က ပြည့်စုံတဲ့ လူဆိုတာ သိပ်မများဘူး။ ဒီလူနည်းစုထဲမှာ သူလည်းပါတယ်။ သူသုံးတဲ့ ရိုင်ဖယ်ဟာ လက်ဖြောင့်ပုံ၊ အားကြီးပုံတို့မှာ အတူမရှိ။ သူ့ရဲ့ ညီအစ်ကိုသားချင်းတစ်ယောက်က အိန္ဒိယမှာ သေနတ်လက်အဖြောင့်ဆုံး။ နောက်တစ်ယောက်က အိန္ဒိယတပ်မတော်မှာ တင်းနစ်အတော်ဆုံး။ ကျုပ်ယောက်ဖကို အစိုးရက ချမ်ပဝတ်လူစားကျားကို ပစ်ခိုင်း သဗျလို့ အယ်ဒီ ပြောလာတဲ့အခါ ဒီယောက်ဖဆိုတဲ့လူဟာလည်း မုဆိုးအကျော်အမော် မို့ လူစားကျားတော့ တယ်မကြာဘူး၊ ဘဝနိဂုံးချုပ်တော့မယ်လို့ စိတ်ချလက်ချ တွက်မိ တယ်။

ဘာ့ကြောင့်ရယ်လို့တော့ ပိုင်းခြားပြီး မပြောတတ်ဘူး။ ဒါပေမဲ့ ကျားမသေ။ နောက်လေးနှစ်ကြာလို့ ကျွန်တော် နိုင်နီတာကို အလည်ရောက်တဲ့အခါ ပြည်ပိုင်အစိုးရ ဟာ ဒီကျားအတွက် သိပ်စိုးရိမ်ကြောင့်ကြဖြစ်နေရတယ်လို့ သိရပါတယ်။ ဆုပေးမယ် လို့လည်း ကြေညာထားသတဲ့။ မုဆိုးကျော်တွေကို ငှားတယ်။ အာလမောရစခန်းက

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


ဂေါ်ရခါးတပ်သားတွေကို တစ်ဖွဲ့ပြီးတစ်ဖွဲ့ လွှတ်ရတယ်။ ဒါပေမဲ့ ကျားစားလို့သေတဲ့ လူစာရင်းဟာ ကြောက်စရာကောင်းလောက်အောင် အရေအတွက် များများပြီးလာပါတယ်။

အခု ကူမာအောင်မှာ သောင်းကျန်းနေတဲ့ လူစားကျားက ကျားမဖြစ်တယ်လို့ သိရပြီး အရင်နီပေါမှာနေတုန်းကလည်း လူနှစ်ရာကျော် စားခဲ့ပြီးပြီလို့ဆိုတယ်။ နီပေါ လက်နက်ကိုင်တွေ ဝိုင်းဝန်းပြီး မောင်းထုတ်လိုက်လို့ နယ်ပြောင်းလာတာဖြစ်တယ်တဲ့။ အခု ကူမာအောင်မှာ လေးနှစ်လေးမိုးနေပြီးတဲ့အခါမှာ သူစားလို့ နောက်ထပ် လူနှစ်ရာ သုံးဆယ့်လေးယောက် သေပြီးပြီ။

အခြေအနေက ဒီလိုဖြစ်နေတုန်းမှာ ကျွန်တော် နိုင်နီတာကို ရောက်သွားတယ်။ ရောက်ပြီး တယ်မကြာဘူး၊ ကျွန်တော့်ဆီကို ဗာသုတ်ဆိုတဲ့လူ ပေါက်လာပါတော့တယ်။ အဲဒီတုန်းက နိုင်နီတာအရေးပိုင်က ဗာသုတ်ပဲဖြစ်တယ်။ သူ အသေဆိုးသေရ ရှာပြီးနောက် အလောင်းကို ဟာလဒွန်နီမှာပဲ မထင်မရှား မြှုပ်နှံထားလိုက်ကြတယ်။ ဒါပေမဲ့ သူ့ကို တွေ့ဖူးသူတိုင်း သူ့ကို ချစ်ခင်ကြည်ညိုလေးစားကြတယ်။ သူ့နယ် တစ်ဝိုက်မှာ ဂြိုဟ်ကောင်မွှေနေလို့ နယ်သားတွေ ဒုက္ခရောက်ပုံကို သူပြောပြတာ ကြားပြီးနောက် သူတောင်းပန်တဲ့ အကူအညီကို ကျွန်တော် ဘယ်မှာ ငြင်းရက်တော့မှာလဲ။ နောက်လူတစ်ယောက်ကို ကျားစားတယ်လို့ သတင်းကြားတာနဲ့ တစ်ခါတည်း ချမ်ပဝတ်ကိုအရောက် ကျွန်တော် သွားပါမယ်လို့ ကတိပေးလိုက်တယ်။

အစိုးရဆုငွေတွေကို ရုပ်သိမ်းပါ။ ပြီးတော့ အထူးမုဆိုးနဲ့ အာလမောရတပ် သားတွေကိုလည်း ပြန်ခေါ်သွားပါလို့ ကျွန်တော်က အစိုးရကို တောင်းပန်ရပါတယ်။ ဘာပြုလို့လဲဆိုတော့ ကျွန်တော်ဟာ ကြေးစားအခေါ်မခံချင်ဘူး။ အဲဒါအပြင် တခြား မုဆိုးက ကိုယ့်ကို မှားပစ်သွားမှာလည်း ကြောက်တယ်။ ကျွန်တော်တောင်းသမျှကို အစိုးရကလည်း လိုက်လျောပါတယ်။ သတင်းတစ်ပတ်ကြာတဲ့ တစ်နေ့ မနက်စောစော မှာပဲ ဗာသုတ် ပေါက်လာပြန်တယ်။ ဒဗိဓုရနဲ့ ဓုနဂတ်ခြားက ပါလိရွာမှာ မိန်းမတစ် ယောက်ကို ကျားချီတယ်လို့ ညက ခြေမြန်လုလင်လာပြီး သတင်းပို့သွားတယ်တဲ့။

သတင်းရလျှင်ရချင်း ထွက်နိုင်အောင် ကြိုပြီး ရှက်ထည်တဲကအစ တောလိုက် ကိရိယာတန်ဆာပလာအစုံကို သယ်ယူဖို့ လူခြောက်ယောက်ငှားပြီး ဖြစ်တယ်။ မနက် စာစားပြီး ခရီးအရောက် တစ်ဆယ့်ခုနစ်မိုင် လမ်းလျှောက်ရတယ်။ နောက်တစ်နေ့ မော်ရနော်မှာ မနက်စာစားပြီး ဒဗိဓုရမှာ ညသွားအိပ်တယ်။ နောက်တစ်နေ့ညနေကျမှ

mgyoe.com

ပါလိကိုရောက်တော့ ကျားဆွဲလို့ လူသေပြီးတာ ငါးရက်တောင် ရသွားပြီ။

ရွာသားကြီးငယ် ကျား၊ မ ငါးဆယ်လောက်ဟာ အဆမတန် တုန်လှုပ်ချောက်ချားနေပါတယ်။ ရွာကို ကျွန်တော်တို့ရောက်ချိန်က နေဝင်ဖို့ အများကြီးလိုသေးပေမဲ့ အိမ်စေ့အပေါက်မှန်သမျှ ပိတ်ဆို့ပြီးသား၊ ပုန်းအောင်းပြီးသား ဖြစ်နေပါပြီ။ ခြံဝင်းတစ်ခုမှာဝင်ပြီး တပည့်တွေက နေရာယူပြီး ခင်းကျင်းတယ်၊ မီးဖိုတယ်၊ ရေနွေးထပ်တည်လို့ ဖျော်ပေးတဲ့ လက်ဖက်ရည်တစ်ခွက်ကို ကျွန်တော် ထိုင်ပြီးသောက်ချိန်ရောက်ခါမှ သတိနဲ့ တံခါးလှပ်ပြီး ရွာသားတချို့ ပေါက်လာပါတယ်။

အိမ်တံစက်မြိတ်ကိုကျော်ပြီး ဘယ်သူမှ အပြင်မထွက်ဝံ့တာ ငါးရက်ရှိပြီလို့ ပြောကြပါတယ်။ အနီးအနားမှာပဲ စွန့်ထားရတဲ့ အညစ်အကြေးအနံ့တွေက ဒီအဖြစ်ကို သက်သေခံနေပါတယ်။ ရိက္ခာလည်း ပြတ်မတတ်ဘဲတဲ့။ ကျားကို သတ်ပေးရင်ပေး ဒါမှမဟုတ်လည်း အဝေးရောက်အောင် နှင်ရင်နှင်၊ ဒီလိုမလုပ်ရင်တော့ သူတို့အားလုံး ငတ်ပြီး သေကြတော့မယ်တဲ့။

ကျားဟာ အနီးဝန်းကျင်မှာပဲ ရှိသေးတာက ထင်ရှားတယ်။ လမ်းပေါ်မှာ လျှောက်ပြီး ဟိန်းတဲ့အသံကို သုံးညဆက်တိုက် ကြားရတယ်။ အသံလာတဲ့အရပ်ဟာ အိမ်တန်းနဲ့ ကိုက်တစ်ရာလောက်တောင် မဝေးဘူးတဲ့။ ကနေ့မနက်ကပဲ ရွာအောက်ပိုင်းအစွန်းက လယ်ကွက်မှာ မြင်လိုက်ကြရသေးတယ်ဆိုပဲ။

ရွာလူကြီးက လောကွတ်ကောင်းကောင်းနဲ့ အခန်းရှင်းပေးတယ်။ ဒါပေမဲ့ အခန်းထဲမှာ လူရှုစ်ယောက်နေရမယ့်အပြင် မကောင်းနံ့ အခန်းထဲ လှောင်ထားသလို ဖြစ်နေတော့ ဘာပဲဖြစ်ဖြစ် ငါအပြင်မှာအိပ်မယ်လို့ ကျွန်တော် ဆုံးဖြတ်လိုက်ပါတယ်။

ညစာကိုတော့ ဖြစ်သလို နည်းနည်းစားလိုက်ပါတယ်။ တပည့်တွေကို အခန်းထဲမှာသွင်းပြီး အလုံဆို့ပိတ်ထားလိုက်ပြီး လမ်းဘေးသစ်ပင်တစ်ပင်ကိုမှီပြီး ထိုင်နေလိုက်တယ်။ ရွာသားတွေပြောတဲ့အတိုင်းဆိုရင် အဲဒီလမ်းဟာ ကျား လမ်းသလားမြဲဖြစ်တဲ့လမ်း။ ကျွန်တော်ကသာ သူ့ကို အရင်မြင်ရရင်တော့ လကလည်းသာသာမို့ လက်ဦးကောင်းပါရဲ့။

သားကောင်ကိုချောင်းရင်း တောထဲမှာ ညလုံးပေါက် ခဏခဏ နေဖူးပါတယ်။ ဒီတစ်ခါတော့ ပထမဆုံးအကြိမ် လူစားကျားကို စောင့်ရတာပဲပေါ့။ သိပ်မကြာဘူး။ လရောင်ဖွေးဖွေးနဲ့ ကျွန်တော့်ရှေ့တည့်တည့်က လမ်းမကြီးဟာ အထင်းသားရှိနေပါတယ်။ လမ်းရဲ့ ဝဲယာတစ်လျှောက်မှာက သစ်ပင်တွေအုပ်ဆိုင်းနေလို့ မှောင်ကွက်တွေ

mgyoe.com

mgyoe.com
ရှိပြီး လေတိုးတိုင်း အရိပ်တွေလှုပ်တော့ ကျားတစ်ကျိပ်ကိုးကောင် ဟိုကဒီက ထွက်လာကြတယ်လို့ပဲ မြင်မိပြီး ကျားသနားမှ နွားချမ်းသာမည်ဆိုတဲ့အသိမျိုး ဝင်လာတယ်။ အဲဒီတော့မှ အပြင်မှာနေတော့မယ်လို့ စောစောက ဆုံးဖြတ်ပြီးတာကိုပဲ နောင်တရနေမိပါတယ်။ ရွာကို ပြန်ပြေးဖို့တောင် သတ္တိမကျန်တော့ဘူး။ ငါ ဒီတာဝန်ကိုယူမယ်လို့ ပြောပြီးမှ မလုပ်ရဲတော့ဘူးဟေ့လို့ ဝန်ခံရမှာကိုလည်း ရှက်တယ်။ ရာသီဥတုကလည်း အေးတဲ့အခါမို့ အကြောက်အအေးရောပြီး သွားခိုက်ခိုက်တုန်လာတယ်ပေါ့။ ညတာက ပိုလို့ပဲ ရှည်တယ်ထင်မိတယ်။ မျက်နှာမူထားတဲ့ဘက်က နှင်းဖုံးတောင်တန်းကို ရောင်ခြည်ဦးလာလို့ မြင်ရပြီးတဲ့နောက် ကွေးထားတဲ့ ဒူးပေါ်မှာပဲ ခေါင်းတင်ပြီး အိပ်ပျော်သွားလိုက်တာ နောက်တစ်နာရီကြာလို့ တပည့်တွေရောက်လာတော့ ဒီပုံစံအတိုင်းပဲ ကျွန်တော် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတာကို တွေ့ကြတယ်တဲ့။ အဲဒီညက ကျားကို ကြားလည်းမကြား၊ မြင်လည်းမမြင်။

မသေမပျောက် ပြန်ရောက်လာတာကို မြင်ကြတော့ ရွာသားတွေ အံ့ဩလို့မဆုံးဘူး။ လူကို ကျားဆွဲလေ့ရှိတဲ့နေရာကို လိုက်ပို့ပါခိုင်းတော့ ညှိထားသလိုပဲ အားလုံးငြင်းကြတယ်။ လက်ညှိုးညွှန်ဖော်သာ ရကြတယ်။ နောက်ဆုံး ဆွဲသွားတဲ့ နေရာက ရွာအနောက်တောင်တန်းအစွန်းရဲ့ ကွေ့တစ်နေရာမှာတဲ့။ နွားကျွေးဖို့ သစ်ရွက်ထွက်ခုတ်ကြတုန်းက အတူပါတယ်ဆိုတဲ့ မိန်းမကြီးငယ် နှစ်ဆယ်ကျော်က ဖြစ်ပျက်ပုံအသေးစိတ်ကို အလုအယက် ပြောကြတယ်။

အပြောက မနက်ဆယ်နာရီလောက်မှာ ရွာနဲ့ မိုင်ဝက်ကွာတဲ့နေရာကိုသွားပြီး သစ်ကိုင်းတွေ တက်ချိုင်ကြတယ်။ ကျားဆွဲခံရမယ့် မိန်းမနဲ့ အဖော်နှစ်ယောက်တက်တဲ့ သစ်ပင်က လျှိုတစ်ခုရဲ့နှုတ်ခမ်းမှာ ရှိတယ်။ နောက် သွားကြည့်တဲ့အခါ အဲဒီလျှိုက ဇောက်လေးပေ၊ အကျယ် ဆယ်ပေ၊ ဆယ့်နှစ်ပေရှိမယ်။ လိုသလောက် သစ်ရွက်ကို ရပြီးတဲ့အခါ သစ်ပင်ကအဆင်းမှာ ကျားက ချောင်းပြီးကပ်လာတယ်။ ပတတ်ရပ်ပြီးတော့ သူ့ကို ခြေကနေဆွဲချလိုက်လို့ သစ်ကိုင်းကိုတွယ်ထားရာက ပြုတ်ပါသွားတယ်။ လျှိုထဲကိုရောက်ခါမှ ကျားက ခြေကိုလွှတ်ပြီး အတင်းထပြေးဖို့ အားယူဆဲမှာပဲ လည်မျိုကို ဝင်ပြီးခဲတယ်။ သေတော့မှ အကောင်ကိုကောက်ပြီး၊ လျှိုပေါ်ခုန်တက်ပြီး လာပြန်တယ်။ ချုံတွေ သိပ်ထူထပ်တဲ့အထဲကို ဝင်သွားလို့ နောက်ထပ် မမြင်ရတော့ဘူးတဲ့။

ဒီအဖြစ်အပျက်ကို သစ်ပင်ပေါ်မှာကျန်ရစ်တဲ့ အဖော်မိန်းမနှစ်ယောက်အပြင်
mgyoe.com

တခြား သိပ်မကွာတဲ့နေရာတွေက တခြားအဖော်အားလုံးလည်း အသေအချာ မြင်လိုက်ကြတယ်။ ကျားနဲ့ ကျားစာမိန်းမ ကွယ်ပျောက်သွားတဲ့အခါကျမှ ကြောက်အားလန့်အားနဲ့ ရွာကို ပြေးလွှားပြန်လာကြတယ်။ ယောကျ်ားတစ်သိုက်လည်း နေ့လယ်စာစားဖို့ အိမ်အသီးသီးကို ပြန်ရောက်ချိန်ဖြစ်လို့ အားလုံးစုပြီး ဆူဆူညံညံ အသံထွက်အောင်လို့ ကြေးအိုးကအစ စည်တိုတွေပါယူပြီး ရှေ့ကသွားတဲ့ ယောကျ်ားတွေနဲ့ အတူတူ မိန်းမတွေပါလိုက်ပြီး တောနင်းကြတယ်။

လျှိုအထဲ လူကို ကိုက်သတ်တဲ့နေရာကိုရောက်လျှင် 'ဘာဆက်လုပ်မလဲ' လို့ ဆွေးနွေးကြတုန်း ကိုက်သုံးဆယ်အကွာ ချုံထဲက ကျားဟိန်းသံကြီး ပေါ်လာပါတယ်။ အားလုံးလှည့်ပြီး ရွာအရောက်ပြန်ပြေးဖို့ကိုတော့ ထူးပြီး မတိုင်ပင်ရပါ။ အမောပြေမတတ်ရှိလျှင် သူကစပြီးပြေးလို့ ငါက လိုက်ရတယ်ဆိုတဲ့လေနဲ့ တစ်ယောက်က နောက်တစ်ယောက်ကို အပြစ်ဖို့တယ်။ အတော်ကြာမှ အပြောအတိုင်း အားလုံး သူ့ရဲ့ ကောင်းချည်းဖြစ်ရင် တစ်ခေါက်ပြန်ပြီး အချိန်မလင့်မီ ကယ်ဆယ်ရေးလုပ်ကြဦးစို့လို့ သဘောတူကြလို့ သွားကြပြန်တယ်။ အဲဒီလိုနဲ့ လျှိုကို သုံးခေါက်တိတိ ရောက်ကြတယ်။ တတိယအကြိမ်မှာ သေနတ်ပါသူက သေနတ်တစ်ချက်ပစ်ဖောက်တော့ ချုံအတွင်းက ကျားဟိန်းပြီးထွက်လာလို့ ဆက်မရှာဝံ့ကြတော့ဘူး။ ဆက်မရှာဖြစ်တာလည်း ကောင်းကောင်းပဲ။ သေနတ်ဆရာကို ချုံထဲပစ်ထည့်လိုက်ရောပေါ့ဗျာလို့ ပြောတော့ ကျားကြီးက စိတ်ဆိုးလုပြီဗျ၊ ခင်ဗျားပြောသလို ပစ်ထည့်မိလို့ ထိသွားရင် တစ်ခါတည်း ထွက်လာပြီး ကျုပ်ကို ချီသွားမှာဗျလို့ ဖြေပါတယ်။

အဲဒီနေ့မနက်က ရွာကိုပတ်ပြီး သုံးနာရီလောက်ကြာအောင် ကျားခြေရာနဲ့ ကျားကို တွေ့လိုတွေ့ငြား ရှာမိပါတယ်။ စိတ်ထဲကလည်း မတော် တွေ့မှဖြင့်လို့ ရွံ့မိသေးတယ်။ သစ်အုပ်ကောင်းလို့ မှောင်နေတဲ့ လျှိုတစ်ခုကိုအရောက် ချုံတစ်ခုကို ကွေ့အရှောင်မှာ ရစ်တစ်အုပ် အော်မြည်ပြီး ပျံထွက်သွားလို့ ကြောက်အားလန့်အားနဲ့ နှလုံးသွေးအခုန် တစ်ခါတည်းရပ်သွားပြီလို့ ထင်မိလိုက်သေးတယ်။

တပည့်တွေက သစ်ကြားပင်ရင်းမှာ ရှင်းပြီး စားစရာပြင်တယ်။ မနက်စာစားအပြီးမှာ သူကြီးက "ဂျုံရိတ်လိုပါတယ်။ သေနတ်ထမ်းပြီး စောင့်ပေးပါ" လို့ တောင်းပန်လာတယ်။ မစောင့်ပေးရင် မရိတ်သိမ်းဝံ့လို့ အဆုံးခံကြရတော့မယ် ဖြစ်နေတော့ အားလုံး ငတ်ကြတော့မယ်ဆိုပဲ။ နာရီဝက်အတွင်းမှာပဲ တစ်ရွာလုံးထွက်ပြီး ကျွန်တော့်တပည့်တွေပါ ကောက်ရိတ်တာကို ကျွန်တော်က သေနတ်မောင်းတင်ပြီး စောင့်ရတယ်။

mgyoe.com

mgyoe.com


ညနေစောင်းရင် ကွင်းကြီးငါးကွင်းက ကောက်လှိုင်းတွေအားလုံး စုမိတယ်။ နေအိမ်နဲ့ နီးတဲ့ အကွက်နှစ်ကွက်ပဲကျန်တယ်။ နောက်တစ်နေ့ လက်စသတ်ဖို့ မခက်ခဲတော့ပါဘူး။

ကျေးလက်သန့်ရှင်းရေး အခြေအနေလည်း တိုးတက်လာပါပြီ။ ကျွန်တော့်အတွက် သီးသန့်အိပ်စရာနေရာရလို့ လေသစ်ဝင်နိုင်အောင် တံခါးပေါက်ကိုမပိတ်ဘဲ ဆူးဆို့ခိုင်းပြီး မနေ့ညက အိပ်ပျက်သမျှ အတိုးချအိပ်လိုက်ပါတယ်။

ကျွန်တော်ရှိနေတုန်း ရွာသားတွေ အားတက်ပြီး သွားရဲလာရဲရှိလာကြပေမဲ့ တောကို ပတ်ကြည့်ရမှဖြစ်မယ်၊ လိုက်ပြီး လမ်းပြပါလို့ ကျွန်တော် တောင်းဆိုတာကို လိုက်လျောနိုင်လောက်အောင် မရဲကြသေးဘူး။ ပတ်ဝန်းကျင်ကို ကျယ်ကျယ်ပြန့်ပြန့် အသေးစိတ်သိထားသူတွေဖြစ်လို့ ပြရဲမယ်ဆိုရင် ကျားအောင်းမယ့်နေရာ အရောက် ပို့နိုင်ကြမယ်လို့ ယုံတယ်။ အနည်းဆုံး ကျားခြေရာကောက်မိအောင် ပို့နိုင်ကြမယ်ပေါ့။ လူဆွဲတဲ့သတ္တဝါကတော့ ကျားမှန်ပြီ။ ကြီးတယ်ငယ်တယ်၊ အထီးအမလို့ ခွဲခြားသိနိုင်ဖို့ ခြေရာကို မြင်ချင်တယ်။ မသိရရင် မိအောင်ဖမ်းဖို့ ပိုပြီးခက်မယ်။

အဲဒီနေ့မနက် လက်ဖက်ရည်ကို သောက်အပြီးမှာ တပည့်တွေအတွက် သားစိမ်းရအောင် တောင်ဆိတ်ပစ်ချင်တယ်လို့ စကားစလိုက်တယ်။ အရှေ့အနောက်တန်းတဲ့ တောင်ရိုးရှည်ရဲ့ ထိပ်မှာရှိတဲ့ရွာဖြစ်လို့ အရင်ညက အိပ်ရေးပျက်ခံပြီး စောင့်ခဲ့တဲ့ လမ်းရဲ့အောက်နားမှာ မြောက်ကို ခပ်စောက်စောက် နိမ့်ဆင်းသွားတဲ့ မြက်သောသောနဲ့ ကုန်းလျှောတွေရှိတယ်။ ဒီကုန်းလျှောတွေမှာ တောင်ဆိတ်ပေါတယ်လို့ သိထားပါတယ်။ လူအတော်များများပဲ လမ်းပြလိုက်မယ်လို့ ထွက်လာပါတယ်။ ကျွန်တော်က ထူးပြီး ဝမ်းသာသွားပုံကို မသိစေရအောင် ဟန်လုပ်ပြီး လူသုံးယောက် ရွေးလိုက်တယ်။ သူကြီးကိုလည်း ပြောတဲ့အတိုင်း ဆိတ်များများတွေ့ရင် ရွာအတွက် နှစ်ကောင်၊ တပည့်တွေအတွက် တစ်ကောင် ပစ်ပေးမယ်လို့ ပြောခဲ့ပါတယ်။

လမ်းကိုဖြတ်ပြီးတဲ့အခါ အင်မတန်မတ်စောက်တဲ့ တောင်ရိုးကုန်းတန်းတစ်ခုက ဘယ်ညာကို မျက်ခြည်မပြတ်ကြည့်ပြီး အောက်ကိုဆင်းကြတယ်။ ဘာမှမတွေ့။ ကုန်းဆင်း မိုင်ဝက်သွားမိရင် လျှိုတွေ ဖြာထွက်တဲ့နေရာကိုရောက်တယ်။ အဲဒီကမှ ဘယ်ဘက်ကိုမျှော်ကြည့်ရင် ကျောက်တုံးကျောက်ခဲပေါပြီး မြက်လည်းထူတဲ့ ကုန်းလျှောကို မြင်ရပါတယ်။ ခဏကလေးရပ်ပြီး တစ်ပင်တည်း ထီးတည်းပေါက်နေတဲ့ ထင်းရှူးပင်ကို ကျောခိုင်းပြီး အဲဒီကုန်းလျှောကိုကြည့်နေတုန်း တောင်ပေါ် အမြင့်

mgyoe.com

တစ်နေရာက လှုပ်သွားတာကို သတိပြုလိုက်မိတယ်။ နောက်တစ်ကြိမ် လှုပ်ပြန်တဲ့အခါ တော့ တောင်ဆိတ် နားရွက်ခတ်တာပဲလို့ အသေအချာသိရတယ်။ မြက်ပင်အပေါ်မှာ ခေါင်းလောက်သာပေါ်နေလို့ ဆိတ်ကို အတူပါသူတွေ မမြင်ကြပါ။ ထင်ထင်ရှားရှား မြင်သာအောင်လှုပ်တာလည်း မဟုတ်လို့ သူတို့ကို အလွယ်နဲ့မြင်အောင် မပြနိုင်ပါ။ အဲဒါကြောင့် ခပ်လွယ်လွယ်ပဲ ဆိတ်ရှိမယ့်နေရာကို ညွှန်ပြီး အားလုံးကို ထိုင်ခိုင်း လိုက်တယ်။ ပြီးတော့ ကျွန်တော်ပစ်ပုံကို ကြည့်ခိုင်းတယ်။ ကျွန်တော့်လက်ထဲမှာတော့ ပါတိနီဟင်နရီအမျိုးအစား ရိုင်ဖယ်ဟောင်းတစ်လက်ပါတယ်။ ပစ်လိုက်ရင် နောက်ကို ပြင်းပြင်းကန်တတ်ပေမဲ့ အင်မတန်လက်တည့်လို့ သုံးပျော်တယ်။ ပစ်ရမယ့် သား ကောင်က ကိုက်နှစ်ရာအကွာလောက်မှာ ရှိနေလို့ ဝမ်းလျားမှောက်ပြီး ထင်းရှူးပင်မြစ်မှာ ပြောင်းတင်ပြီး အသေအချာ ချိန်ပစ်လိုက်တယ်။

ယမ်းခိုးမှောင်သွားလို့ ရှေ့ကိုမမြင်၊ ပွဲကြည့်ပရိသတ်ကလည်း ဘာမျှမမြင်။ ကျွန်တော်ပစ်တာ ကျောက်စွန်း၊ သစ်ငုတ် တစ်ခုခုဖြစ်လေမလားမသိလို့ သူတို့ထင် မယ်ပေါ့။ မှောက်မြဲမှောက်ရင်း မောင်းတင်လိုက်ပြန်တယ်။ ချက်ချင်းပဲ ကျွန်တော် ပစ်တဲ့နေရာရဲ့ အောက်နားဆီက မြက်ပင်တွေလှုပ်ပြီး တောင်ဆိတ်တစ်ကောင်ရဲ့ နောက်ပိုင်း ပေါ်လာတယ်။ မြက်ပင်တွေထဲက တစ်ကောင်လုံးပေါ်လာပြီးနောက် တောင်စောင်းမှာ တစ်လိမ့်ပြီးတစ်လိမ့် လိမ့်ကျလာတယ်။ အောက်နားကိုရောက်လေ အကျမြန်လေပါပဲ။ လမ်းခုလတ်မှာ မြက်ဖုတ်တစ်ခုထဲကျတော့ ဆက်မမြင်ရတော့ဘူး။ ဒါပေမဲ့ အဲဒီမြက်ဖုတ်ထဲမှာ ခိုနေတဲ့ တောင်ဆိတ်နှစ်ကောင် ပြေးထွက်လာတယ်။ လန့်အော်အော်တဲ့ ချေဆတ်သံမျိုး အော်ကြပြီး တောင်ကုန်းပေါ်ကို ခုန်လွှားတက်ပြေး တယ်။ ပစ်ရမယ့်သားကောင်ရဲ့ အကွာအဝေးက အရင်ကထက် နီးပါတယ်။ ချိန်သီးကို ပြင်ချိန်လိုက်ပြီး ဒီဆိတ်နှစ်ကောင်ထဲက အကြီးကောင်ကြီး အခုန်နှေးသွားတုန်းကလေး တစ်ခဏကို ဖမ်းပြီး ကျောကို ကျည်တစ်တောင့် ပစ်သွင်းလိုက်တယ်။ နောက် တစ်ကောင်က မူလဦးတည်လမ်းက ဖဲ့ထွက်ပြီး ဘေးကိုပြေးလို့ ပခုံးကို ပစ်ရတယ်။

တစ်ခါတစ်ရံ အံ့ဖွယ်သရဲကို လုပ်လို့ရတတ်တယ် ဆိုပါတော့။ ကသိ ကအောက် ဝပ်နေရပုံက မသက်သာလှပါ။ ခြောက်ဆယ်ဒီဂရီလောက်မော့ပြီး ကိုက် နှစ်ရာက တောင်ဆိတ်ရဲ့လည်က အဖြူပြောက်ကို ပစ်ရတာ အချက်တစ်သန်းမှာ တစ်ချက်တောင် ထိနိုင်စရာမရှိဘူး။ ဒါပေမဲ့ ယမ်းမည်းရဲ့ တွန်းကန်အားနဲ့ ထွက်သွား တဲ့ ခဲစေ့လေးလေးဟာ မှန်းချက်ကို တစ်ဆံခြည်မျှမလွဲ။ တောင်ဆိတ်ဟာ ချက်ချင်း

mgyoe.com

mgyoe.com


လဲသေတယ်။ အံ့သြစရာ နောက်တစ်ချက်က အခုလို ကျောက်စွန်းတွေ၊ ချောက်တွေ ပေါလှတဲ့ တောင်စောင်းမှာ အပေါ်ကဆိတ်သေဟာ နောက်ထပ် ဆိတ်နှစ်ကောင် ခိုနေတဲ့ မြက်တောထဲကိုမှ တည့်တည့်ကြီး လိမ့်ကျလာရတယ်။ ပထမ အသေကောင် ဟာ ဒီမြက်တောထဲက ဆက်ပြီး လိမ့်ထွက်မလာခင်ပဲ နောက်နှစ်ကောင်ဟာလည်း သေပြီ၊ ပေါင်းမိလျက် သုံးကောင်စလုံးပဲ ကျွန်တော်တို့ရှေ့ သိပ်မကွာလှမ်းတဲ့ လျှိုအထိ လိမ့်ကျပြီး ရောက်လာပါတော့တယ်။ အရင်က ရိုင်ဖယ်ပစ်ဟန်ကို တစ်ခါမျှ မကြုံဖူး တဲ့ ရွာသားတွေရဲ့ အံ့သြကျေနပ်ပုံကို ကြည့်လို့ပဲ ကောင်းသေးတော့တယ်။ လူစား ကျားကိုတောင် တစ်ခဏလောက်မေ့ပြီး သားကောင်ကောက်ဖို့ လျှိုထဲကို အလုအယက် ပြေးဆင်းကြတယ်။

လိုတဲ့အမဲကို ရပြီဆိုတဲ့ အောင်ပွဲတစ်မျိုးသာမဟုတ်ပါ။ တစ်ရွာလုံးက ကျွန်တော့်အစွမ်းအစကို ယုံပြီး အားကိုးလာကြပါပြီ။ တောလိုက် အတွေ့အကြုံဆိုတာ လူတိုင်းသိတဲ့အတိုင်း အကြိမ်ကြိမ်ပြောလေ၊ ရိုးတယ်မရှိ နားထောင်လို့ ပိုကောင်းလေ ပဲပေါ့။

ဆိတ်တွေကို အရေဆုတ်ပြီး ဝေမျှပေးနေတုန်းမှာပဲ လမ်းပြသုံးယောက်က အကဲအပိုတွေသုံးပြီး ဒီလိုပြောကြပါတယ်။ သူတို့မှန်းခြေအရ တစ်မိုင်ကျော်ဝေးတဲ့ နေရာက ဆိတ်တွေကို ဆေးစီရင်ထားတဲ့ ကျည်စေ့နဲ့ ပစ်လိုက်တဲ့အခါ တည့်တည့်မှန် တဲ့အပြင် တို့ဆရာကြီးရဲ့ ခြေရင်းအရောက် တွန်းပို့လိုက်သေးတယ်လို့ ပြောပြနေတာ ကို တအံ့တသြ စုတ်တသတ်သတ်နဲ့ ဝိုင်းအုံပြီး နားထောင်နေတာကို ကျွန်တော် မနက်စာစားရာက လှမ်းကြားနေရပါတယ်။

နေ့လယ်စာစားအပြီးမှာ သူကြီးက "သွားလိုရာ လိုက်ပြပါမယ်။ လူဘယ် နှယောက်လိုပါသလဲ" လို့ မေးလာတယ်။ လိုက်ချင်သူတွေ ဝိုင်းအုံလာကြပေမဲ့ အရင် လမ်းပြထဲက နှစ်ယောက်ပဲခေါ်ပြီး နောက်ဆုံး ဝမ်းနည်းစရာဇာတ်လမ်း ကြုံရတဲ့ နေရာကို ထွက်ခဲ့ကြတယ်။

ကျွန်တော်တို့ တောင်ကုန်းဒေသက လူတွေဟာ ဟိန္ဒူတွေဖြစ်ပြီး လူသေရင် မီးသင်္ဂြိုဟ်မြဲ ဖြစ်တယ်။ လူကို ကျားချီရင် ကျန်ရစ်တဲ့အမျိုးအဆွေတွေက အနည်းဆုံး အရိုးအစအနကလေးပဲဖြစ်ဖြစ် ပြန်ပြီး ရအောင်ယူပြီး သင်္ဂြိုဟ်ရမယ့်တာဝန် ရှိနေတယ်။ အခုသေတဲ့မိန်းမရဲ့ သားချင်းတွေက အလောင်းကောင်ရဲ့ တစ်စိတ်တစ်ပိုင်း ရ သလောက်ကောက်ခဲ့ပါလို့ မှာလိုက်တယ်။

mgyoe.com

ငယ်ငယ်ကတည်းကပဲ တောထဲမှာ မြင်သမျှ၊ ကြားသမျှကို အဓိပ္ပာယ်ပေါက် အောင်ကြံတဲ့ အလုပ်ကို ဝါသနာပါတယ်။ အခုအရေးမှာ ကျားချီတုန်းက မျက်မြင် သက်သေတွေရဲ့ အပြောကိုတော့ ကြားရပြီ။ ဒါပေမဲ့ မျက်မြင်ဆိုတိုင်း အားလုံးမမှန် ဘူးလို့လည်း သိတယ်။ ခြေရာလက်ရာတွေကသာ ဖြစ်ပျက်ပုံကို အမှန်အတိုင်း မှတ် တမ်းတင်ထားမယ်လို့ သိတယ်။ အခင်းဖြစ်ပွားတဲ့နေရာကိုရောက်တော့ မြေအနေ အထားကိုကြည့်ရုံနဲ့ ကျားဟာ လူမမြင်ရအောင်လာနိုင်တာ တစ်လမ်းတည်းရှိတယ် ဆိုတာ သိရတယ်။ အဲဒီအတိုင်း လိုက်လာပြီး သစ်ပင်နဲ့ ကိုက်တစ်ရာလောက်အကွာ အောက်က လျှိုတွင်းဝင်ပြီး သစ်ပင်ဘက်သို့ ကြည့်တဲ့အခါ ကျောက်တုံးနှစ်လုံး အကြားမှာ မို့နေတဲ့မြေနုမှာ ကျားခြေရာကိုတွေ့တယ်။ ခြေရာကိုကြည့်ပြီးပြောရရင် ကျားမဖြစ်တယ်။ အရွယ်ကောင်းတော့ နည်းနည်းလွန်ခဲ့ပြီ။ သစ်ပင်နဲ့ ဆယ်ကိုက် လောက်အကွာကိုရောက်ရင် ကျောက်တုံးကွယ်ပြီး ကျားမဟာ သစ်ပင်ကဆင်းလာမယ့် လူကို စောင့်နေဟန်ရှိတယ်။ ကျားစာခံဖြစ်မယ့် မိန်းမဟာ သူလိုသလောက် သစ်ရွက်ကို ချိုင်ပြီး သူများထက်အရင်ပြီးလို့ အရင်ဆုံး သစ်ပင်ကဆင်းမယ်။ အချင်း နှစ်လက်မ ရှိတဲ့ သစ်ကိုင်းက ခိုပြီးဆင်းမယ်အလုပ်မှာ ကျားမက တွဲလောင်းကျလာတဲ့ ခြေနှစ်ဖက် ကို လျှိုထဲကို ဆွဲချသွားတယ်။ ကျားကိုမြင်ရတဲ့အခါ မိန်းမက ကြောက်အားလန့်အားနဲ့ သစ်ကိုင်းကို ဆုပ်ကိုင်တွယ်ကပ်ပေမဲ့ ကျားရဲ့ဆွဲအားကို မခံနိုင်လို့ သစ်ရွက်တွေကြေပြီး သစ်ပင်ရဲ့ သစ်ခေါက်ကြမ်းကြမ်းမှာ အသားကို ခြစ်ဆွဲခံရသလို စုတ်ပြတ်ပြီး အဖတ် ဖတ်ကပ်ကျန်တာ တွေ့တယ်။ အကြိတ်အနယ် သူ့ဘက်ကိုယ့်ဘက်လုရတဲ့ တိုက်ပွဲ သက်သေခံဖြစ်တယ်။ ကိုက်သတ်တဲ့နေရာမှာကတော့ ရှန်းကန်တဲ့လက္ခဏာတွေရှိပြီး ခြောက်သွေ့နေတဲ့ သွေးကွက်ကြီးရှိနေတယ်။ အဲဒီနေရာကစပြီး အလောင်းကို ယူသွားတဲ့တစ်လျှောက်မှာ ကျတဲ့ သွေးစက်တွေကတော့ ခြောက်ကပ်နေပြီဖြစ်ပေမဲ့ ထင်ထင်ရှားရှားပဲ မြင်နိုင်သေးတယ်။ လျှိုကိုဖြတ်ပြီး တစ်ဖက်ကမ်းကို တက်တယ်။ ဒီသွေးစက်လမ်းအတိုင်း လိုက်တော့ အလောင်းကိုချပြီး စားတဲ့ ချုံပုတ်ကိုရောက်တယ်။

လူစားကျားဟာ လူရဲ့ ခေါင်း၊ လက်နဲ့ ခြေတွေကို ဘယ်တော့မှ မစားဘူးလို့ ပြောစမှတ်ပြုကြတယ်။ မမှန်ဘူး။ ဘယ်သူမှ လိုက်ပြီး မနှောင့်ယှက်ရင် လူတစ်ကိုယ် လုံးသာမက သွေးရွှဲရွှဲစိုတဲ့အဝတ်ကိုပါ စားတာကို တစ်ခါက တွေ့ဖူးတယ်။ နောင် အဆင်သင့်ရင် ဒီအကြောင်းကို ပြောပါဦးမယ်။

အခုကိစ္စမှာ မိန်းကလေးရဲ့ အဝတ်တွေနဲ့အတူ အရိုးတချို့ကိုပါ တွေ့သေးလို့

mgyoe.com

mgyoe.com


အသင့်ယူလာတဲ့ ဝတ်သန့်ဝတ်ကောင်းနဲ့ ထုတ်ယူကြတယ်။ အကြွင်းအကျန် သိပ်နည်းနည်းပဲရပေမဲ့ သင်္ဂြိုဟ်ဖို့တော့ လုံလောက်တယ်။ ဓာတ်ကြီးတဲ့ မိန်းကလေးရဲ့ ပြာက အမိဂင်္ဂါထဲမှာ မျောပါဖို့ သေချာသွားပြီ။

လက်ဖက်ရည်သောက်ပြီးတော့ အလားတူ ကံနည်းသူတစ်ဦးရဲ့ သေရာကို သွားကြပြန်တယ်။ ရွာမနဲ့ လမ်းကို ကျော်လိုက်ရင် တော်တော်ကလေးကျယ်တဲ့ ဦးပိုင်မြေကွက်တစ်ခုရှိတယ်။ ဦးပိုင်ရှင်က လမ်းအတက်ကပ်ပြီး တောင်စောင်းမှာ တဲငယ်ထိုးထားတယ်။ အသက်လေးနှစ်ရွယ် သားတစ်ယောက်နဲ့ ခြောက်နှစ်ရွယ် သမီးတစ်ယောက်ရှိတယ်။ မယားနဲ့ မရီးတွေ တဲအထက်မှာ မြက်ရိတ်နေကြတုန်း ကျားမ ရုတ်တရက်ပေါ်လာပြီး အစ်မကြီးကို ချီပြေးတယ်။ ဒီအခါမှာ မမျှော်လင့်တဲ့ သတ္တိပြပွဲကို တစ်ရွာလုံး မြင်လိုက်ကြရပါတယ်။ တံစဉ်ကို ဝှေ့ယမ်းပြီး အစ်မထားခဲ့၊ ငါ့ကိုယူလို့အော်ပြီး ညီမက ကျားကို ကိုက်တစ်ရာလောက် လိုက်ခြောက်တယ်။ အစ်မကြီးအသေကောင်ကို ကိုက်တစ်ရာလောက် ချီယူပြီးမှ အောက်ကိုချပြီး ဟိန်းဟောက်လို့ ညီမကို လိုက်ပြန်တယ်။ ညီမလည်း လှည့်ပြီး တောင်ခြေကို ပြေးဆင်းလို့ ရွာထဲဝင်ကာ ရွာသားတွေမသိသေးဘူးလို့ထင်လို့ အကူအညီရလိုရငြား အော်ဟစ်တယ်။ စကားလုံးမကွဲတာက ထိတ်လန့်လို့၊ မောပန်းလို့ပဲလို့ ထင်ကြတယ်။ ဒါပေမဲ့ ကယ်ဆယ်ဖို့ အမြန်ဆုံးထွက်ပြီးလိုက်တဲ့ ရွာသားတွေ ဘယ်လိုမှ အရာရောက်အောင် မစွမ်းဆောင်နိုင်ဘဲ ပြန်လာကြတဲ့အခါကျမှ ညီမဖြစ်သူမှာ အသံတိမ်မြုပ်ပြီး အအ ဖြစ်နေတာ တွေ့ကြရပါတယ်။ ဒီအကြောင်းကို ရွာထဲကပဲ ကြားခဲ့ပြီးမှ အခန်းနှစ်ခန်းပဲရှိတဲ့ သူတို့တဲကို တက်သွားတဲ့အခါ အဲဒီမိန်းမကို အဝတ်ဖွပ်လျှော်ဆဲ တွေ့တယ်။ စကားမပြောနိုင်တာ တစ်ဆယ့်နှစ်လရာသီထဲကိုတောင် ရောက်နေပြီတဲ့။

ကြည့်ပုံ ကြောင်တောင်ငေးတေးဖြစ်ရုံအပြင် ဒီမိန်းမအ အ ဟာ သာမန်မိန်းမတွေနဲ့ ဘာမှမခြားပါ။ ခင်ဗျားအစ်မကြီးကို ချီယူတဲ့ ကျားမကို ပစ်သတ်ဖို့ ကျွန်တော်လာခဲ့ပါတယ်လို့ ပြောလိုက်ရင်ပဲ လက်နှစ်ဖက်ယှက်ပြီး မြေမှာငုံ့လို့ ကျွန်တော့်ခြေအစုံကို ကိုင်လာတဲ့အခါကျမှ ဟန်ကောင်းကောင်းနဲ့ ဝင့်ဝါတဲ့ အယောင်ဆောင်တစ်ယောက်လို၊ မဖြစ်မြောက်ခင် ကြွားမိပေတယ်လို့ အနေခက်မိပါတယ်။ ဒီကျားမကို သတ်မယ်လို့ အဓိဋ္ဌာန်နဲ့ လာခဲ့တာမှန်ပေမဲ့ တစ်နေရာတည်းကို နှစ်ခါလာပြီး ချောင်းလေ့မရှိ၊ တစ်ခါစားပြီးအလောင်းကို နောက်တစ်ခါ ပြန်လာမစားဆိုတဲ့ အလွန်အင်မတန်ပါးနပ်တဲ့အကျင့်နဲ့ စတုရန်းမိုင်ရာကျော်မှာ လှည့်နေတဲ့ ကျားမိစဉ်းလဲကို

mgyoe.com

ရှာရဖမ်းရမယ့်အလုပ်ဟာ ကောက်ရိုးပုံထဲက အပ်တစ်ချောင်း ရှာရတာထက်တောင် ခက်လိမ့်ဦးမယ်။

နိုင်နီတာက မထွက်မီက နည်းပရိယာယ်အမျိုးမျိုးကို ကြံဆခဲ့တယ်။ တစ်မျိုးကိုတော့ စမ်းလို့ပြီးပါပြီ။ အဲဒီနည်းနဲ့ မျှော်လင့်စရာရှိတယ်လို့ ဆိုနိုင်ပေမဲ့ တစ်ကြိမ်ထပ်ပြီး မစမ်းဝံ့တော့ပါ။ အခု အခင်းဖြစ်ရာနယ်မြေအရောက် လက်တွေ့လှည့်လည်ကြည့်ပြီးပြန်တော့ တခြားနည်းတွေကိုလည်း မစမ်းဝံ့အောင် ရှိပါတယ်။ အဲဒါထက်အကြံဉာဏ်တောင်းရမယ့်သူလည်းမရှိ။ လူစားကျားမျိုးကို ကူမာအောင်မှာ ဒီတစ်ကြိမ်သာ အဦးအစ ပေါ်ပေါက်လာတယ်။ လက်တွေ့မရှိကြဘူး။ ဒါပေမဲ့ မမိ မိအောင်တော့ ဖမ်းရတော့မယ်။ အဲဒီနေ့ကစပြီး နေထွက်က နေဝင်တဲ့အထိ နေ့စဉ်ရက်ဆက်သုံးရက်လုံးလုံး ဆက်ပြီး တောထဲမှ မိုင်တွေအများကြီးလှည့်ပြီး ရွာသားတွေက လူစားကျားမနဲ့ တွေ့နိုင်လောက်တယ်လို့ ညွှန်းတဲ့နေရာတိုင်းကို သွားကြည့်ပါတယ်။

ဒီနေရာမှာ ပြောလက်စပုံပြင်ကို ခဏလောက်ရပ်ပြီး တောင်ရိုးတစ်လျှောက်ကျွန်တော့်အကြောင်း ကျော်ကြားနေပုံကို ပြောပြချင်တယ်။ ကျွန်တော်ဟာ လူစားကျားဖမ်းရင် အမြဲလိုလို တောင်ရိုးနေ တောင်သူမကြီးလို ဝတ်ဆင်ပြီး မိမိကိုယ်ကိုယ်ကျားစာအဖြစ်နဲ့ မျှားတယ်။ ကျားလာမှ တံစဉ်နဲ့ဖြစ်ဖြစ်၊ ပုဆိန်နဲ့ဖြစ်ဖြစ် ခုတ်သတ်လေ့ရှိတယ်လို့ သတင်းဖြစ်နေတာဟာ မမှန်ပါလို့ တစ်လက်စတည်း ပြောထားလိုက်ပါတယ်။ အများဆုံးလုပ်ဖူးတာက ဆာရီအင်္ဂာ ကိုယ်မှာပတ်ပြီးတော့ မြက်ရိတ်တယ်။ သစ်ပင်တက်ပြီး သစ်ကိုင်းချိုင်တယ် ဆိုတာမျိုးတော့ လုပ်ဖူးပါတယ်။ ဒါပေမဲ့ မစွံပါ။ သိရသမျှလောက်တော့ လူစားကျားက သစ်ပင်ထက်မှာရှိတဲ့ ကျွန်တော့်ကို တစ်ခါက ကျောက်တုံးကြီးကိုကွယ်ပြီး ချောင်းတယ်။ နောက်တစ်ခါက လဲနေတဲ့သစ်ပင်ကို ကွယ်ပြီး ချောင်းတယ်။ အဲဒီနှစ်ကြိမ်တော့ အချောင်းခံရဖူးတယ်။ သိလျက်နဲ့ ရန်သူက အကာအကွယ်ကောင်းနေတော့ ပစ်သတ်ခွင့်မရလိုက်ဘူးပေါ့။

ဆက်ပြီး ပြောကြပါစို့။ ကျားမဟာ အခြားတစ်ဒေသကို ပြောင်းသွားပြီလို့ ထင်ရတာနဲ့ ကျွန်တော်လည်း စခန်းပြောင်းဖို့လိုပါတယ်။ အဲဒါကို ပါလိရွာကလူတွေက မကြိုက်ပေမဲ့ အဲဒီရွာက အရှေ့စူးစူး တစ်ဆယ့်ငါးမိုင်ကွာ ချမ်ပဝတ်ကို စခန်းပြောင်းဖို့ ဆုံးဖြတ်လိုက်တယ်။ စောစောထထွက်ခဲ့ပြီးမှ ဓုနဂတ်မှာ မနက်စာစားတယ်။ ချမ်ပဝတ်ကို နေဝင်တော့ ရောက်ပါတယ်။ ဒီဒေသက လမ်းခရီးဟာ စိတ်မချရဆုံးလို့ ဆိုရမယ်။ လူတွေ တစ်ရွာလုံးကူးမယ်၊ ဈေးဝယ်ထွက်မယ်ဆိုရင် များနိုင်သလောက်

mgyoe.com

mgyoe.com


စုဝေးပြီးမှ သွားရဲတယ်။ ကျွန်တော် ရှေ့ဆောင်ပြီး လူရှစ်ယောက် စုနဂတ်က ထွက်ခဲ့တော့ အဖော်ကောင်းတယ်ဆိုပြီး အားကိုးကြီးတစ်ခုနဲ့ ထွက်လိုက်ကြတာ ချမ်ပဝတ်အရောက်မှာ အစုစု လူသုံးဆယ်ပါလာတာကို တွေ့ရတယ်။ အဲဒီလူစုထဲမှာ အရင်နှစ်လလောက်က ချမ်ပဝတ်ကို လူနှစ်ဆယ်စုပြီးအသွားမှာ ဘေးဒုက္ခကြုံဖူးတဲ့ လူတချို့လည်း ပြန်ပါလာတယ်။ သူတို့ပြောပြတဲ့ သနားစရာအဖြစ်အပျက်ကတော့ ဒီအတိုင်းဖြစ်ပါတယ်။

ချမ်ပဝတ်ဘက်ကို နီးသွားတော့ လမ်းကြောင်းဟာ တောင်ရဲ့ တောင်ဘက်က မြှောင်ပြီး မိုင်အတော်ရောက်အောင် သွားရတယ်။ လမ်းက ချိုင့်အထက် ကိုက်ငါးဆယ်လောက်က သွားတယ်။ အရင်နှစ်လလောက်က နေ့လယ်အချိန်ပိုင်းမှာ ကျွန်တော်တို့ လူနှစ်ဆယ်စုပြီး ချမ်ပဝတ်ဈေးကို သွားကြပါတယ်။ လမ်းရဲ့ ဒီဘက်အပိုင်းကိုရောက်ရင် အောက်ချိုင့်ဝှမ်းဘက်က မိန်းမတစ်ယောက် ငယ်သံပါအောင် အော်လိုက်တာကို ကြားရတယ်။ ကြောက်လွန်းလို့ တစ်ယောက်ကိုတစ်ယောက် ဖက်မတတ် လမ်းနဲ့ ချောက်အစပ်မှာ စုပြီးနေတုန်း အသံက နီးသထက်နီးလာပြီ။ ကိုယ်လုံးတီး မိန်းမ တစ်ယောက်ကို ကျားချီလာတာ တွေ့ရတော့တယ်။ ကျားရဲ့တစ်ဖက်မှာ ဆံပင်ဖားလျားချပြီး တစ်ဖက်မှာ ခြေတွဲလောင်းကျနေပုံကို မြင်ရတော့ အဲဒီမိန်းမကို ခါးသိမ်ကနေပြီး ချီပြီးလာတယ်လို့ ပြောနိုင်ပါတယ်။ ရင်ကိုထုပြီး ဘုရားရောလူပါ ကယ်တော်မူပါလို့ အော်ပြီးပါလာတယ်။ ကျွန်တော်တို့ ရှေ့ကိုက်ငါးဆယ်လောက်က အများ ရှေ့မှောက်မှာပဲ ကျားဖြတ်ပြီးသွားတော့ အော်သံလည်း တဖြည်းဖြည်း ဝေးဝေးသွားရှာတယ်။ ကျွန်တော်တို့လည်း ဒီအခါကျမှ ခရီးဆက်ရဲပါတော့တယ်။

လူနှစ်ဆယ်ရှိနေတာတောင် ဘာမှုမလုပ်ကြဘူးလားဗျလို့ ပြောတဲ့အခါ သခင်ရယ် ကြောက်နေတဲ့လူတွေက များတာကို ဘာလုပ်တတ်ဦးမှာလဲလို့ ဖြေတယ်။ လိုက်ပြီး ကယ်ဆယ်ကြရင်လည်း ကျားက စိတ်ဆိုးပြီး ကျွန်တော်တို့ကိုပါ ရန်မူမယ်။ ကယ်လို့ရတယ်ပဲထား သွေးတွေ တစ်ကိုယ်လုံး ခြင်းခြင်းနီနေတာ အသက်ဆိုးမရှည်နိုင်ပါဘူးဗျာလို့လည်း ပြောတယ်။

အဲဒီမိန်းမက ချမ်ပဝတ်အနားက ရွာငယ်ကလေးကဖြစ်ပြီး ထင်းခွေတုန်း ကျားဆွဲခံရတာဖြစ်တယ်။ အဖော်ပါသူတွေ ရွာကိုပြေးပြီး အကူတောင်းတဲ့အခါ လူစုပြီး လိုက်မယ့်ဆဲဆဲမှာ အထက်ကပြောတဲ့ လူနှစ်ဆယ်ရောက်သွားတယ်။ ကျားသွား လမ်းကို မျက်မြင်ဖြစ်ကြတော့ သူတို့ပါပေါင်းပြီး လိုက်ကြတယ်။ ဇာတ်လမ်းကို

mgyoe.com

ဆက်ပြီး ပြောစရာလည်း ရကြပြန်တာပေါ့။

အစုစု ကျွန်တော်တို့က လူငါးဆယ်ကျော် ခြောက်ဆယ်လောက်တောင် စုမိတယ်လို့ ဆက်ပြီး ပြောကြတယ်။ သေနတ်အတော်များများလည်း ပါတယ်။ မိန်းမဟာ သူ့ခွေထားတဲ့ ထင်းပုံနားမှာပဲ ကျားဆွဲခံရတာဖြစ်တယ်။ ထင်းပုံက တစ်ဖာလုံလောက်အရောက်မှာ သူ့အဝတ်တွေ စုတ်ပြဲပြီး ကျကျန်ရစ်တာကို တွေ့ရတယ်။ အဲဒီနေရာကစပြီး ဗုံတီး၊ သေနတ်ဖောက်နဲ့ ဆက်လိုက်ကြတော့ တစ်မိုင်ကျော်ရင်ပဲ ချိုင့်ဝှမ်းထိပ်ကို ရောက်ရော ကျောက်တုံးကြီးတစ်တုံးပေါ်မှာ အလောင်းကောင်ကို တွေ့တာပါပဲဗျာ။ သူ့ခမျာ အရွယ်ရောက်စအပျိုကလေး၊ သွေးအားလုံးကိုစင်အောင် လျှာနဲ့လျက်ထားတယ်။ အသားကိုတော့ တစ်ဖဲ့မှ မစားရသေးဘူး။ ကလေးမကို အရှက်ဖုံးဖို့ ချွတ်ပေးကြတဲ့ အဝတ်တွေနဲ့ပဲ မျက်နှာလွှဲပြီး ပတ်ပေးရတော့တာပေါ့။ အိပ်နေသလိုပဲ ထင်ရတယ်။ သာသာထိရုံ နီးလာပြီး အဝတ်ချည်းနှီးဖြစ်နေတာ သိလို့ ရှက်သွေးဖြာသွားတော့မယ့်အတိုင်းပဲ ဆိုပါတော့ဗျာတဲ့။

ဒီလို အရေးအခင်းမျိုးကို လက်တွေ့ကြုံရပြီးနောက် နေမဝင်ခင်ကစပြီး အိမ်တံခါးကို အလုံပိတ်ပြီး ရဲရဲမအိပ်ဝံ့တဲ့အတွက် ညလုံးပေါက် တစ်လှည့်စီ ကင်းစောင့်ရင်းလည်း ဒီဒုက္ခတွေကိုပဲ တပြောင်းပြန်ပြန် ပြောကြရင်း နှစ်နဲ့ချီပြီး ကြောက်လန့်စိုးရိမ်နေရတဲ့ သူတို့ရဲ့ ဘဝအမြင်နဲ့ စရိုက်အကျင့်က ဘယ်လိုဖြစ်လာမယ်ဆိုတာ တွေးလို့သာကြည့်ပါတော့။ အိမ်ပြင်ကို ထွက်လိုက်တာနဲ့တစ်ပြိုင်နက် အစွယ်ချွန်ချွန်လက်သည်းထက်ထက်နဲ့ အူအသည်းကို ဖောက်စားခံရတော့မယ့် အန္တရာယ်ကို မပြတ်လန့်နေရလို့ လုံခြုံရာ ဂူတွင်းအောင်းရတဲ့ ခေတ်မျိုးကို ပြန်ရောက်နေသလိုပဲ ရှိနေပါပြီတဲ့။ ချမ်ပဝတ်မှာ ရောက်ပြီး လှည့်လည်နေရတုန်းအခါက ကျွန်တော်က အသက်ငယ်ငယ် အတွေ့အကြုံကလည်း နည်းသေးတော့ လူ့လောကကို သိပ်နားမလည်သေးဘူးလို့ ဆိုရပေမဲ့ ဒီအရပ်ကိုရောက်ပြီး ရက်နည်းနည်းအတွင်းမှာပဲ လူစားကျား သောင်းကျန်းမြေမှာနေရတဲ့ ဆင်းရဲဟာ တယ်ပြီး ကြီးမားပါလားလို့ သိလာတဲ့အပြင် အဲဒီအချိန်ကစလို့ ခုအထိ အနှစ်သုံးဆယ့်နှစ်နှစ်အတွင်းမှာလည်း အလားတူအတွေ့အကြုံတွေကို တွေ့ရပြီးတဲ့နောက်မှာလည်း ဒါထက်ဆိုးဝါးတဲ့ ဘဝဒုက္ခ မရှိနိုင်တော့ဘူးလို့ ပိုပြီးတော့တောင် ခိုင်ခိုင်မြဲမြဲ ယုံလာပါသေးတယ်။

ကျွန်တော်လိုတဲ့အကူအညီကို တောင်းခံနိုင်ဖို့ မိတ်ဆက်စာပါလာလို့ ကျွန်တော်တွေ့လိုတဲ့ ချမ်ပဝတ်ငွေခွန်မှူးက အဲဒီညမှာ ကျွန်တော်ရှိတဲ့ဗိုလ်တဲကို လာပြီး

mgyoe.com

mgyoe.com

လည်တယ်။ ကျားက လူကိုဝင်ပြီး အများဆုံးဖမ်းယူတဲ့နေရာဟာ အခု ဗိုလ်တဲနဲ့ မိုင်နည်းနည်းပဲကွာပြီး ဒီနေရာနီးမှာ ဗိုလ်တဲတစ်ခုရှိသေးတယ်။ အဲဒီတဲကို မနက်ဖြန် ပြောင်းသင့်တယ်လို့ သူက အကြံဉာဏ်ပေးပါတယ်။

နောက်တစ်နေ့စောစော ငွေခွန်မှူးနဲ့အတူ နောက်ဗိုလ်တဲကို သွားတယ်။ ရောက်ရှိပြီးတဲ့နောက် တုံတာမှာ မနက်စာစားနေဆဲမှာပဲ ဆယ်မိုင်ကွာ ရွာတစ်ရွာမှာ နွားမတစ်ကောင်ကို ကျားဝင်ဆွဲသွားတယ်လို့ လူနှစ်ယောက်လာပြီး သတင်းပေးတယ်။ ငွေခွန်မှူးကလည်း ချမ်းပဝတ်မှာ အလုပ်ရှိသေးတယ်လို့ အကြောင်းပြပြီး ထွက်သွားတယ်။ ညနေပြန်ခဲ့မယ်။ ညအတူအိပ်မယ်လို့တော့ ပြောသွားတယ်။ လမ်းပြတွေက လူတော်တွေဖြစ်ပြီး အသွားကလည်း ကုန်းလျှောဖြစ်လို့ အဲဒီဆယ်မိုင်ခရီးကို ခပ်မြန်မြန်ပဲ ရောက်သွားကြတယ်။ ရွာကိုဝင်ပြီး အချင်းဖြစ်ပွားတဲ့ နွားခြံကို ဝင်ကြည့်တော့ မွေးပြီးစ ခုနစ်ရက်သားလောက်ပဲရှိသေးတဲ့ နွားပေါက်ငယ်တစ်ကောင်ကို ကျားသစ်က သတ်ပြီး တစ်ပိုင်းတစ်စ စားထားတာကို တွေ့ရပါတယ်။ ကျားသစ်ကို ဂရုမစိုက်အား၊ စိုက်လိုစိတ်လည်းမရှိလို့ လမ်းပြတွေကို ဆုအသင့်အတင့်ချပြီး ဗိုလ်တဲကို ပြန်ခဲ့တယ်။ ငွေခွန်မှူး ပေါ်မလာသေး။ အချိန်လည်း ရသေးတယ်ဆိုပြီး ဗိုလ်တဲစောင့်နဲ့ အတူ ကျား ရေသောက်ဆင်းတတ်တယ်လို့ ပြောတဲ့နေရာကို သွားကြပါတယ်။ ဒီနေရာဟာ ဥယျာဉ်တွေကို ရေသွင်းတဲ့မြောင်းကို ရေပေးတဲ့ စမ်းချောင်းအဖျားဖြစ်တယ်လို့ဆိုတယ်။ စမ်းချောင်းဝန်းကျင်မြေပျော့မှာ ရက်အတော်ကြာက လာသွားတဲ့ ကျားခြေရာတွေတွေ့တယ်။ ပါလိရွာက အမျိုးသမီးကို ကျားဆွဲတုန်းက လျှိုထဲမှာ ကျွန်တော် သေသေချာချာကြည့်ပြီး မှတ်သားထားတဲ့ လူစားကျားရဲ့ ခြေရာနဲ့ မတူပါဘူး။

ဗိုလ်တဲကို ပြန်ရောက်တော့ ငွေခွန်မှူး ရောက်နှင့်နေပါပြီ။ ဝရန်တာမှာထိုင်ပြီး အဲဒီနေ့ရဲ့ အတွေ့အကြုံကို သူတို့ ပြန်ပြောပြပါတယ်။ အခုလောက် သွားလာပြီးပေမဲ့ အရာမရောက်သေးလို့ ဝမ်းနည်းတယ်လို့ပြောရင်း သူပြန်မယ်လို့ နှုတ်ဆက်ပါတယ်။ မပြန်လို့မဖြစ်ဘူးတဲ့။ အရင်က နှစ်ခါတောင် ကျွန်တော်နဲ့ ညလာအိပ်မယ်လို့ သူပြောဖူးလို့ ကျွန်တော် အံ့အားသင့်သွားတယ်။ ကျွန်တော်ကလည်း ညဖော်လိုလှလို့ မဟုတ်ပါဘူး။ ဒါပေမဲ့ သူ့ပြန်လမ်းမှာ ရင်ဆိုင်ရမယ့် လမ်းအန္တရာယ်ကို တွေးပြီး ရင်လေးမိတယ်။ ဘယ်လိုပြောလို့မှမရဘူး။ ပြန်မယ်ဆိုပြီး မီးခိုးတလူလူထွက်ပြီး အရောင်လဲ့လဲ့သာ ပေးနိုင်စွမ်းတဲ့ လက်ဆွဲမီးအိမ်ငယ်ကို ဆွဲမယ့် အဖော်တစ်ယောက် ခေါ်ပြီး

mgyoe.com

mgyoe.com


လေးမိုင်ခရီးကို ပြန်သွားတယ်။ ဒီခရီးကို နေ့ခင်းကြောင်တောင်မှာပဲ လူစုလူဝေးနဲ့ သွားကြရတာမို့ ဒီလူစွမ်းကောင်းကြီးကို ဆလံပေးလိုက်ရတယ်။ ဗိုလ်တဲအထွက် မျက်စိတစ်ဆုံး မျှော်ကြည့်လိုက်ပါသေးတယ်။

ဗိုလ်တဲကလည်း အဓိကရမို့ ဝတ္ထုတစ်ပုဒ်ပြောရင် ရနိုင်ပေမဲ့ သဘာဝ ဝတ္ထု ပြောဆဲမို့ သဘာဝလွန်ဝတ္ထုကို မပြောတော့ပါဘူး။

# [ ၂ ]

နောက်တစ်နေ့မှာ အင်မတန်ကျယ်တဲ့ သစ်သီးဥယျာဉ်နဲ့ လက်ဖက်စိုက်ခင်းတွေကို လျှောက်ကြည့်ပြီးတော့ စမ်းချောင်းမှာ ရေချိုးတယ်။ နေ့လယ်ကျတော့ ချမ်ပဝတ်က ငွေခွန်မှူး ပြန်လာတယ်။ တော်ပေသေးတယ်။

မတ်တတ်ရပ်ရင်း တောင်ကုန်းလျှောက ရွာနဲ့ ပတ်လည်စိုက်ခင်းတွေကို မျှော်ကြည့်ရင်း သူနဲ့ စကားပြောနေတုန်းမှာပဲ ရွာကလူတစ်ယောက် ထွက်ပြီး ကျွန်တော်တို့ဘက်ကိုလာနေတာ မြင်ရတယ်။ အနားသို့ရောက်တော့ အပြေးကလေး လာနေပုံကို ထောက်ပြီး အရေးကြီးတယ်လို့ မှန်းမိတယ်။ ငွေခွန်မှူးကို ခဏစောင့်ဗျာလို့ ပြောပြီး ကျွန်တော်ကလည်း အပြေးသွားပြီးကြိုတယ်။ ကျွန်တော်လာနေတာကိုမြင်တော့ သူက ထိုင်ချလိုက်ပြီး အမောဖြေတယ်။ မောနေလို့ ချက်ချင်း စကားမပြောနိုင်သေး၊ ပြီးတော့ မြန်မြန်လိုက်ခဲ့ပါ၊ ကလေးမတစ်ယောက် "ကျားဆွဲလို့" တဲ့။ ကျွန်တော်လည်း "အဲဒီမှာပဲနေ" လို့ တစ်ခွန်းပြောပြီး ဗိုလ်တဲကို ပြန်ပြေးတယ်။ ငွေခွန်မှူးကို လှမ်းအော်ပြီး သတင်းပေးရင်း လိုက်ခဲ့ဖို့ခေါ်တယ်။ သေနတ်နဲ့ ယမ်းတောင့်တွေ ယူပြီးတော့ ထွက်လိုက်သွားတယ်။

အခေါ်လာတဲ့လူဟာ လျှာနဲ့ခြေထောက် ပြိုင်တူ အလုပ်လုပ်မရတဲ့ လူစားမျိုး ဖြစ်မယ်။ အပြေးအလွှားသွားရင်း သတင်းစကားအစုံကို ကျွန်တော်က နားထောင်ချင်တယ်။ သူက လမ်းသွားရင်း စကားမပြောတတ်လို့ စိတ်ထဲမှာ မကျေနပ်ဘူး။ ပြောမရလည်း မပြောနဲ့တော့လို့ ခွင့်လွှတ်လိုက်ရတယ်။ ကုန်းလျှောအတိုင်း ရွာအရောက်သာ လုပြီး လာခဲ့တယ်။

ရွာထဲတစ်နေရာမှာ လူစုလူဝေးကြီးကို တွေ့ရတယ်။ ထုံးစံအတိုင်း လူစေ့တက်စေ့ ပြောချင်တာကို ပြိုင်တူပြောနေကြလို့ ဘာကို နားထောင်ရမှန်းမသိ၊ လူတစ်ယောက်က အားလုံးကို ငြိမ်ခိုင်းပေမဲ့ မရ။ အဲဒီလူကိုပဲ ဘေးဆွဲခေါ်ပြီး မေးရ

mgyoe.com

mgyoe.com

တယ်။ ရွာက တစ်ဖာလုံလောက်အကွာမှာ ဝက်သစ်ချပင်ကြီးတွေ ခပ်ကျဲကျဲ ပေါက်နေရာကို ညွှန်းပြီး အဲဒီနေရာမှာ လူတစ်ကျိပ်ကျော် ထင်းခွေနေတုန်း ကျားတစ်ကောင်ဝင်လာပြီး တစ်ဆယ့်ခြောက်နှစ်ရွယ် ကလေးမကို ဆွဲတာပါတဲ့။ ကျန်လူအားလုံးက အော်ပြီး ရွာဘက် ပြန်ပြေးလာကြတယ်။ ကျွန်တော် ရောက်နေမှာသိလို့ အခေါ်လွှတ်လိုက်တယ်တဲ့။

ကျွန်တော်နဲ့ စကားပြောနေတဲ့လူရဲ့ မယားက အဲဒီတော့မှ ဝင်ပြီး ထင်းခွေတုန်းက သူလည်းပါတယ်။ ကလေးမကို ကျားဆွဲတဲ့နေရာနဲ့ အနီးဆုံးသစ်ပင်ကို ညွှန်ပြတယ်။ ဒါပေမဲ့ ကြောက်လို့ မကြည့်ဝံ့တာနဲ့ ကျားကြီး ဘယ်ဘက်ကို ချီထွက်သွားတယ်လို့ မပြောနိုင်ဘူးတဲ့။ သိပ်ဆူမနေကြနဲ့လို့ ရွာသားတွေကိုမှာပြီး အဲဒီသစ်ပင်အုပ်ဆီကို ထွက်ခဲ့တယ်။ အဲဒီနေရာက လွင်ပြင်လိုဖြစ်နေလို့ ကျားလောက်ကြီးတဲ့သတ္တဝါ အနားကို ချဉ်းကပ်လာတာကို ဘယ်သူမျှ ကြိုပြီး မမြင်လိုက်တာ အံ့စရာပဲ။

ကလေးမကို ပထမဆုံး ကိုက်လိုက်တဲ့နေရာမှာ သွေးကွက်ကြီးရှိပါတယ်။ ခြင်းခြင်းနီနေတဲ့ သွေးအိုင်ရဲ့ဘေးမှာ တောက်ပြောင်နေတဲ့ အပြာရောင်ဆွဲကြိုးအပြတ်ကို တွေ့ရတယ်။ ဆန့်ကျင်ဘက်အရောင်နှစ်မျိုးကို အထင်းသား ယှဉ်ပြီး ပြထားသလိုဖြစ်နေတယ်ပေါ့။ ဒီနေရာကထွက်သွားတဲ့ ခြေရာအတိုင်း ပြောရရင် ကျားဟာ တောင်တန်းရဲ့ ပခုံးစွန်းအစွယ်တစ်စွယ်ဘက်ကို ထွက်သွားတယ်လို့ ဆိုရမယ်။

ကျားမရဲ့ ခြေရာကို အသေအချာမြင်ရမယ်။ ခြေရာရဲ့တစ်ဖက်မှာ တွဲလောင်းကျနေတဲ့ ကလေးမရဲ့ ဦးခေါင်းကကျတဲ့ သွေးစက်တွေပေါ့။ တခြားဘက်မှာတော့ တွဲလောင်းကျနေတဲ့ ခြေနှစ်ဖက်ရဲ့ ခြစ်ကြောင်းကို တွေ့နိုင်တယ်။ တောင်စောင်းကို မိုင်ဝက်လောက်တက်မိရင် ကလေးမရဲ့ ဆာရီကို စတွေ့တယ်။ ပြီးတော့ တောင်ခါးပန်းမှာ ကိုယ်ကျပ်အင်္ကျီကို တွေ့ရတယ်။ ကလေးမကိုယ်မှာ အဝတ်မပါတော့ဘူးပေါ့။ ပြီးတော့ အဲဒီအဆင့်မှာ အသက်ပျောက်လို့ သေပြီဖြစ်တယ်ဆိုတာ သိပါတယ်။ အထက်က ကြုံဖူးတဲ့ အသက်ရှင်လျက် အော်ဟစ်နေတဲ့ အဝတ်ချည်းနီး ကလေးမအဖြစ်နဲ့စာလျှင် တော်ပါသေးရဲ့။

တောင်ခါးပန်းအတိုင်း ခြေရာကိုလိုက်ရင် ဆူးရစ်ချုံတောကို တိုးဝင်ပြန်တာတွေ့ရတယ်။ ချုံတွေမှာ ဆံပင်တချို့ ငြိကျန်ရစ်တယ်။ အဲဒီကမှ တစ်ခါ ခူယားချုံတောကို ဝင်တယ်။ ဒီချုံကို ပုန်းပြီးလိုက်ဖို့ လမ်းစကြည့်တုန်းမှာပဲ နောက်က ခြေသံကြားလို့ လှည့်ကြည့်တဲ့အခါ ရိုင်ဖယ်ထမ်းလျက် လူတစ်ယောက်ကိုတွေ့တယ်။ ဘယ်သူ

mgyoe.com

မှ ရှာကမထွက်ရလို့ အသေအချာပြောခဲ့ပါလျက် ဘာကြောင့် လိုက်ခဲ့သလဲလို့ မေးမိတယ်။ ငွေခွန်မှူးရဲ့ အမိန့်ကို ကျွန်တော် မလွန်ဆန်ဝံ့ပါလို့ ဖြေရှာတယ်။ သူ့ကိုမလိုက်ဖို့ နားချလို့ရမယ်မထင်တာနဲ့ အချိန်ကုန်ခံပြီး မပြောတော့ဘဲ ခြေသံမပြည်ရအောင် သူ့ဖိနပ်ထူထူကြီးကို ချွတ်ပြီး ချုံတစ်ခုမှာ ဖွက်ခိုင်းရတယ်။ ပြီးမှ လူချင်းကပ်လိုက်၊ နောက်ရန်ကိုလည်း ကြည့်လို့ အမိန့်ပေးရင်း ခရီးဆက်ကြတယ်။

ကျွန်တော်က ရော်ဘာခုံနဲ့ ဖိနပ်ကို စီးပြီး ခြေအိတ်ပါးပါး၊ ဘောင်းဘီတိုမို့ ရှုယားတောကို ကြောက်တယ်။ ဒါပေမဲ့ မတတ်သာတော့ဘူး။ ဖွတ်မိုတ် တိုးခဲ့ရတော့တယ်။ မသက်သာဘူး။

ဒါကို လွန်မြောက်ရင် သွေးစက်ဟာ ဘယ်ဘက်ကို ချိုးကွေ့ပြီး မတ်စောက်တဲ့ ကုန်းကို ဆင်းသွားတယ်။ တောင်ဝါးတောဖြစ်တယ်။ ကိုက်တစ်ရာဆင်းမိလျှင် ဓောက်နက်တဲ့ စမ်းချောင်းကိုရောက်တယ်။ ကျားတောင် ခက်ခက်ခဲခဲ ဆင်းရတယ်လို့ ဖရိုဖရဲဖြစ်နေတဲ့ ခြေရာနဲ့ ကျောက်ခဲတွေက သက်သေပြနေတယ်။ စမ်းချောင်းအတိုင်း ကိုက် ၅၀၀ ကျော် ၆၀၀ လောက် သွားမိလျှင် နောက်က အဖော်ဖြစ်တဲ့လူဟာ အကြောက်လွန်ပြီး ကျွန်တော့်ပခုံးကို လှမ်းဆွဲတယ်။ ကျားသံကြားတယ်လို့လည်း ပြောတယ်။ ဆက်ပြီး ဒီလိုပဲ ခဏခဏပြောနေပြန်တယ်။ အနီးမှာ ပေသုံးဆယ်ကျော်မြင့်တဲ့ ကျောက်စွန်းကြီးကိုမြင်တော့ သူ့ကို အဲဒီကျောက်စွန်းတက်ပြီး စောင့်ရစ်လို့ ထားခဲ့ရတယ်။ နှစ်ခါမတိုက်တွန်းရဘူး။ သူ နေရာယူပြီး သွားပါတော့လို့ လက်ပြမှ ကျွန်တော်တစ်ယောက်တည်း ခရီးဆက်ပြန်တယ်။ စမ်းချောင်းအတိုင်း လိုက်လို့ ကိုက်တစ်ရာမှာ ဘယ်ဘက်ကဝင်လာတဲ့ လျှိုတစ်ခုနဲ့ တွေ့တယ်။ လျှိုနဲ့ ချောင်းဆုံရာမှာ ရေကန်ငယ်ရှိတယ်။ အဲဒီကန်က ကျွန်တော်လျှောက်ခဲ့တဲ့ ကန်ပေါင်မှာပဲ သွေးကွက်တွေ တွေ့နေပါပြီ။

ကလေးမရဲ့ အလောင်းကို ဒီနေရာအထိ ကျားမက သယ်လာပြီး စားတယ်။ ကျွန်တော် လိုက်လာနှောင့်ယှက်လို့ စားလက်စမသတ်ဘဲ ထွက်သွားရတာနဲ့တူတယ်။ အရိုးတွေ ကျဲပြန့်နေတယ်။ ကျားခြေရာကွက်တွေမှာ ရေစိမ့်ဝင်နေလို့ စောစောကကျတဲ့ လူသွေးဟာ ရေရောပြီး အရောင်ဖျော့နေပြီ။ ရေစပ်တစ်နေရာမှာ ခပ်လှမ်းလှမ်းက ဘာရယ်လို့ ခွဲမပြောနိုင်တဲ့ ပစ္စည်းတစ်ခုဟာ အနားရောက်တော့ ကလေးမရဲ့ ခြေတစ်ချောင်းမှန်း သိရတယ်။ နောက်တော့ လူစားကျားကို လိုက်ပြီးသတ်ရတဲ့ အလုပ်ကို လုပ်ရတဲ့နှစ်တွေမှာ ခုလို ရင်နင့်စရာမြင်ရတဲ့ မိန်းမလှခြေတစ်ချောင်းမျိုးကို ထပ်ပြီး

mgyoe.com


တစ်ကြိမ် ပြန်မတွေ့ရတော့လို့ ကံကောင်းတယ်။ ဒူးဆစ်နဲ့ကပ်ပြီး ပုဆိန်နဲ့ ပေါက်ဖြတ်ထားတဲ့အတိုင်းပဲ။ သွေးစီးကျနေတုန်းပဲ ရှိသေးတယ်။

ခြေငယ်ကို ငေးမောနေမိလို့ အခု ကျွန်တော့်မှာ ကျရောက်နိုင်တဲ့ စိုးရိမ်စရာအခြေအနေကိုတောင် ခေတ္တမေ့နေမိတယ်။ ချက်ချင်း သတိပြန်ရလို့ သေနတ်ကို ချိုင်းမှာထောက်ပြီး သေနတ်မောင်းတွင်းမှာ လက်ညှိုးနှစ်ချောင်းတင်ရင်း တစ်ဖက်ချောက်ကမ်းပါးထိပ်ကို ခေါင်းမော့ကြည့်မိတယ်။ တစ်ဆယ့်ငါးပေလောက်မြင့်တဲ့ ချောက်ထိပ်က မြေစာသေးသေးတစ်ဖွဲ့ လိမ့်ဆင်းပြီး ရေကန်ထဲမှာ ပလုံစီသွားတယ်။ လူစားကျားကို လိုက်ဖမ်းတဲ့ပညာမှာ အခုမှ သင်ခန်းစာတစ် ဖြစ်တာမို့ ကျွန်တော့်ဘက်က သတိလက်လွတ်သွားတယ်။ ခဏငိုင်မိတယ်။ အင်မတန်ကြီးတဲ့ အန္တရာယ်ကို အခုမှ သဘောပေါက်တယ်။ ဖျတ်ခနဲ သေနတ်ချိန်ပြီး ခေါင်းမော့လိုက်လို့ အသက်မသေရတာဘဲပေါ့။ ကျားမဟာ ခုန်အုပ်ဖို့ အရှိန်ကိုရပ်ပြီး နောက်ဆုတ်သွားလို့သာ မြေစာငယ်ကျလာတာ ဖြစ်တယ်။

ဒီကမ်းပါးချောက်က ဖက်ပြီးတက်ဖို့တောင် မလွယ်ဘူး။ မတ်စောက်လွန်းတယ်။ ရှေ့ကို နည်းနည်း အလျားလိုက်ပြေးပြီး တစ်ဖက်ကို ခုန်ကူးရတယ်။ မိရာမြက်ဖုတ်ကိုဆွဲပြီး ကမ်းပါးပေါ်ကို ဆွဲတက်ရတယ်။ နေရာတစ်ကွက်မှာ ပိပြားနေတဲ့ ချုံငယ်တွေဟာ ခုမှ နည်းနည်းချင်းပြန်ပြီး ထောင်လာပုံကို မြင်ရတော့ အခုပဲ ဒီနေရာက ဝပ်နေတဲ့ ကျားမ ထသွားလေရဲ့လို့ သိရတယ်။ ခပ်လှမ်းလှမ်း ကျောက်စွန်းတစ်ခုရဲ့အောက်မှာ စားလက်စ လူအလောင်းကို ခဏချပြီး ကျွန်တော့်ကို ကမ်းပါးထိပ်က ကျားလာကြည့်တာလည်း ထင်ရှားပါပြီ။

ခြေရာအတိုင်း လိုက်ပြန်တော့ မြေကွက်အကျယ်ကြီးမှာ ကျောက်တုံးတွေ ပြန့်ကျဲနေတဲ့နေရာကို ရောက်တယ်။ အသွားလည်းခက်တယ်။ အသက်ဆားလည်း နီးလှတယ်။ အက်ကြောင်းတွေမှာ သစ်ပင်ငယ် ရေညှိ အုပ်နေတတ်လို့ မတော်တဆခြေအချော်ရင် ခြေကျိုးနိုင်တယ်။ သေတောင်သေနိုင်တယ်လို့ ထင်မိတယ်။ ဒါကြောင့် ဖြည်းဖြည်းကလေးပဲ သွားဝံ့တယ်။ ကျားမကို စားသောက်ချိန် ပိုပြီးပေးရသလို ရှိနေတယ်။ အကြိမ်တစ်ဒါဇင်ထက်မနည်း သွေးစက်စက်နဲ့ အစာကိုချပြီး နားတဲ့နေရာကို တွေ့ရတယ်။ တစ်ခါထက်တစ်ခါလည်း သွေးအိုင် ပိုပြီး ထင်ထင်ရှားရှား ကျန်ရစ်တယ်။

အခု စားဆဲအစာဟာ လေးရာသုံးဆယ့်ခြောက်ယောက်မြောက် လူကောင်ဖြစ်လို့ စားသောက်ဆဲမှာ လူအုပ်ကြီးလိုက်ပြီး နှောင့်ယှက်တာမျိုးကို အရင်ကလည်း

mgyoe.com

mgyoe.com


အကြိမ်ကြိမ် ခံရဖူးပြီ။ ဒါပေမဲ့ အခုလို ဖွဲ့အလိုက်ခံရတာကတော့ ဒီတစ်ခါ ပထမအကြိမ်ဖြစ်မယ်ပေါ့။ ဒါကြောင့် မကျေမနပ်ဖြစ်ပြီး တစ်ချက်ဟိန်းလိုက်တယ်။ ဘေးပတ်လည်မှာ ကျောက်တုံးကြီးတွေနဲ့ တောအုပ်နက်နက်ရှိလို့ ချိုင့်ထဲကျမသွားရအောင် ခြေတစ်လှမ်းချင်း ဂရုပြုပြီးလှမ်းနေရတဲ့ ကျွန်တော့်အခြေအနေမျိုးမှာ ကျရောက်နေတဲ့လူမှပဲ ဒီဟိန်းသံရဲ့ အလေးအနက်ကို သဘောပေါက်နိုင်မယ်ပေါ့။

အိပ်ခန်းထဲမှာ သာသာယာယာလှဲနေပြီး စည်းစိမ်နဲ့ ဒီစာကို ဖတ်နေတဲ့လူက အဲဒီတုန်းက ကျွန်တော့်ချောက်ချားပုံမျိုးကို သဘောပေါက်မယ်လို့ ကျွန်တော် မမျှော်လင့်ပါ။ ဟိန်းသံကြားလို့ ချက်ချင်းပဲ ခုန်အုပ်ခံရတော့မယ့် တစ်ဖက်က ကြောက်ရသလို တစ်ဖက်က မျှော်လင့်ချက်တစ်မျိုး ပေါ်လာတယ်။ ကျားမက တကယ်ပဲ စိတ်တိုပြီး ဒေါသနဲ့ ခုန်ထွက်လာရင် ပစ်ရတာပေါ့။ သွားရလာရတာလည်း ကျွန်တော့်လိုပဲ ကျပ်တည်းမယ်ပေါ့။ ဒီအခြေအနေမှာ ဘယ်သူ့ကို ဘယ်သူကမှ မသာဘူး။ အခြေအနေ တန်းတူဖြစ်လို့ ဒါလောက် ဒုက္ခခံပြီးလိုက်ခဲ့ရတဲ့ တာဝန်လည်း ပြီးဆုံးရတော့မယ်လို့ပဲ ထင်မိတယ်။

ဟိန်းသံပေးလို့မှ ထွက်မပြေးဘဲ တိုးလို့သာ မြန်မြန်ချဉ်းကပ်လာတာတွေ့တော့ ကျားမဟာ ဆက်ပြီး မဟိန်းတော့ဘူး။

ကျားမနောက်ကို လိုက်ခဲ့တာ လေးနာရီလောက်ရှိပြီ။ ချုံလှုပ်တာကိုပဲ ခဏခဏ မြင်ရတာကလွဲလို့ ကျားမရဲ့ အမွေးတောင် တစ်မျှင်တလေ ကျွန်တော် မမြင်ရသေးဘူး။ တစ်ဖက်တောင်စွန်းက အရိပ်ကျနေတာကို မြင်ရတော့ နေဝင်ချိန်ဘက်ကို နီးပြီဖြစ်လို့ ရွာကို မမှောင်ခင်ရောက်ချင်ရင် အခုကပဲ လှည့်ပြန်ရမယ်လို့ သတိရတယ်။

ပြတ်ကျန်ရစ်တဲ့ ခြေထောက်ရှင်ဟာ ဟိန္ဒူဖြစ်လို့ အဲဒီခြေပြတ်အပိုင်းအစလောက်ရရင် မီးသင်္ဂြိုဟ်နိုင်ပြီလို့ သိတာနဲ့ အပြန်မှာ ကောက်ယူပြီး စမ်းဘေးနှုတ်ခမ်းတစ်နေရာမှာ မှတ်ပြီး တွင်းတူးမြှုပ်ခဲ့တယ်။

ကျောက်စွန်းမှာတင်ပြီး ထားရစ်ခဲ့တဲ့ မိတ်ဆွေလည်း ကျွန်တော့်ကိုမြင်ရမှ စိတ်အေးတော့တယ်။ ကျားဟိန်းသံလည်းကြားရ၊ သွားတာလည်းကြာပြီမို့ ကျားမတော့ နောက်တစ်ယောက်စားနေရပြန်ပြီထင်တယ်လို့ တွေးမိရင်း သူတစ်ယောက်တည်း ရွာဘက်ကို ဘယ်လိုပြန်ရပါ့မလဲလို့ ကြံစည်မိတယ်ဆိုတာ ဖွင့်ဝန်ခံပါတယ်။

စမ်းချောင်းရှိရာကို ဆင်းကြတဲ့အခါ ယမ်းထိုးသေနတ်ကိုင်ပြီး စိတ်အကြီးအကျယ် တုန်လှုပ်ချောက်ချားနေတဲ့လူကို နောက်ကထားပြီး လျှောက်ရမှာ သိပ်

mgyoe.com

mgyoe.com


အန္တရာယ်ကြီးတယ်လို့ ထင်မိတယ်။ အခု သူ့ကို ရှေ့တင်လိုက်ပြီး သူ ခြေချော်အလဲမှာ မောင်းထိန်းမပါတဲ့ ပွိုင့် ၄၅၀ ရိုင်ဖယ်ရဲ့ ပြောင်းဝ ကျွန်တော့်ဘက်ကို ချိန်လျက်သား ရှိနေတာကို မြင်ရတော့မှ သူ့ကို ရှေ့တင်လည်း အန္တရာယ်လျော့မသွားဘူးလို့ သဘောပေါက်တယ်။

အစ်ဆွတ်ဆန်နဲ့ သွားရတာကလွဲရင် နောင်ကို လူစားကျားလိုက်ပွဲမှာ ငါ တစ်ယောက်တည်းပဲ သွားမယ်လို့ အဓိဋ္ဌာန်ကြီးကြီးနဲ့ ဆုံးဖြတ်ချက်ချမိတယ်။ အပို တစ်ယောက်ပါရင် သူ့မှာ လက်နက်မပါတဲ့အခါ ကိုယ်က သူ့ကို စောင့်ရှောက်နေရ မယ်၊ ပါပြန်ရင်လည်း သူ့သေနတ်ကို ကြောက်နေရတယ်။

အတူပါသူ ဖိနပ်ဖွက်ခဲ့တဲ့ တောင်ကုန်းထိပ်ကိုရောက်ရင် ကျွန်တော် ခဏထိုင် ပြီး ဆေးလိပ်ဖွာရင်း မနက်ဖြန်အတွက် လုပ်ငန်းကို ဇယားချပြီး ကြည့်မိတယ်။

နေ့အစာဝလို့ ကျားမဟာ မနက်ဖြန်တစ်နေ့လုံး ကျောက်တုံးတွေကြားမှာ အိပ်ပြီးနေမယ် မုချ။

အခု သူကျန်ရစ်တဲ့ နေရာမျိုးကို ကျွန်တော်က သွားပြီး ဘယ်နည်းနဲ့မှ သူ့ကို ချောင်းလိုက်လို့ မရနိုင်။ သေနတ်တစ်ချက် ပစ်ခွင့်မရဘဲနဲ့ သူက အနှောင့်အယှက် များလှတယ်လို့ ထင်ပြီးတော့ ပြောင်းပြေးရင် သူနဲ့ကျွန်တော် လုံးဝ အဆက်ပြတ်ပြီး သွားဦးမယ်။ ဒီလိုသာဆိုရင် လူလုံလောက်အောင်စုပြီး တောခြောက်လို့ စောင့်ပြီး ပစ်ရဖို့ပဲ ရှိတယ်။ လူစုလို့ ရနိုင်ပါ့မလား။

မြင်းခွာပုံဝိုင်းနေတဲ့ တောင်ခါးပန်းရဲ့ တောင်ဘက်အဖျားမှာ ကျွန်တော် အခု ထိုင်နေတယ်။ ရှေ့မျက်နှာစာမှာ လူနေအိမ်ခြေဆိုလို့ ဘာတစ်မှမျှမရှိဘူး။ အနောက် ဘက်က စီးဝင်လာတဲ့ စမ်းချောင်းဟာ ဆင်ခြေလျှောအတိုင်း မြင်းခွာပုံရဲ့အလယ်က ဖြတ်ပြီး စီးသွားတယ်။ အရှေ့ဘက်ရောက်လို့ ကျောက်သားနဲ့တွေ့တော့ စမ်းချောင်း က မြောက်ဘက်ကိုကွေ့ပြီး မြင်းခွာပုံတောင် ချိုင့်အထဲက လျှိုငယ်ကလေးဖောက်ပြီး စီးထွက်သွားတယ်။

အမှန်ကို ဝန်ခံရရင် ဒီနေရာမျိုးမှာ တောခြောက်ဖို့မလွယ်ဘူး။ ကျားမ အခုဝင် ပြီး အောင်းနေတဲ့နေရာဟာ မြောက်ဘက်ကို မျက်နှာမူတယ်။ တောင်စောင်းဖြစ်ပြီး သစ်ပင်ချုံပိတ်ပေါင်းထူတယ်။ အကျယ်အဝန်းကတော့ ခြောက်ဖာလုံ၊ အနံ မိုင်ဝက် လောက် ကျယ်တယ်။ ဒါပေမဲ့ တောခြောက်မယ့်လူတွေက ကျွန်တော်မှာတဲ့အတိုင်း လိုက်နာရင် တစ်ချက်ကောင်း ဆီးပြီး ပစ်နိုင်စရာ အခွင့်ရနိုင်စရာ ရှိပါတယ်။

mgyoe.com

mgyoe.com


ရွာမှာ ငွေခွန်မှူးက ကျွန်တော့်ကို စောင့်နေပြီ။ အခြေအနေကို ရှင်းပြပြီး ဖြစ်နိုင်ရင် လူစုဖို့ကိစ္စကို ချက်ချင်း စတင်ဆောင်ရွက်ပါလို့ ပြောရတယ်။ လူအများဆုံး ရအောင်စုပြီး ကလေးမကို ကျားစချီတဲ့သစ်ပင်အောက်မှာ မနက်ဖြန်နံနက် ၁၀ နာရီ ဆုံကြမယ်လို့ ချိန်းတယ်။ အဖြစ်နိုင်ဆုံး ကြိုးစားပါမယ်လို့ အာမခံပြီး ချမ်ပဝတ်ကို ငွေခွန်မှူးပြန်တာနဲ့ ကျွန်တော်လည်း ဗိုလ်တဲရှိရာ တောင်ကုန်းကို တက်ခဲ့ပါတယ်။

နောက်တစ်နေ့ ရောင်ခြည်ဦးမှာ ထပြီး အစားဝဝစားတယ်။ ပြီးတော့ အထုပ်အပိုးထုပ်ပြီး ချမ်ပဝတ်က စောင့်ကြပေတော့လို့ တပည့်တွေကို မှာခဲ့တယ်။ ကိုယ့်အတွက် တိုက်ပွဲခင်းရမယ့် အခြေအနေကို နောက်တစ်ကြိမ်ကြည့်ဖို့ ဆင်းခဲ့တယ်။ အစီအစဉ်ကတော့ သင့်တယ်လို့ ယူဆတယ်။ အမှားမမြင်၊ ပြင်ဆင်ရန်မလို၊ ချိန်းဆိုချက်ထက် တစ်နာရီစောပြီး ချိန်းဆိုတဲ့နေရာကို ကျွန်တော် ရောက်တယ်။

လူစုရတာမလွယ်ပါ။ ကျားကြောက်လို့ အိမ်တွင်းအောင်းနေသူတွေကို တော်ရုံတန်ရုံ မောင်းထုတ်ရုံနဲ့ ထွက်လာကြမှာမဟုတ်ပါ။ ၁၀ နာရီမှာ ငွေခွန်မှူးနဲ့ လူတစ်ယောက်သာ ပေါက်လာတယ်။ နောက်မှ တဖြည်းဖြည်း နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ ပေါက်လာကြတယ်။ ဆယ်ယောက်၊ ဆယ့်ငါးယောက် အုပ်ချီပြီး လာတယ်။ နေ့လယ်ပိုင်းသို့ ရောက်ခါမှ အစုစု လူပေါင်း နှစ်ရာ့ကိုးဆယ့်ရှစ်ယောက် ဖြစ်လာတယ်။

ငွေခွန်မှူးက တောခြောက်လိုက်သူတွေဟာ မိမိတို့မှာ ရှိတတ်ရာရာလက်နက်ကို ကိုင်ဆောင်လာရမယ်။ လိုင်စင်မဲ့သေနတ်ပါလာရင်လည်း မမြင်ချင်ယောင်ဆောင်နေပါ့မယ်လို့ ပြောထားနှင့်ရတယ်။ အဲဒါအပြင် လိုသလောက်ယမ်းတောင့်လည်း ပေးမယ်လို့ ကတိပြုခဲ့ရတယ်။ အဲဒီနေ့က ကိုင်ဆောင်လာကြတဲ့ လက်နက်တွေကို စုလိုက်ရင် ရှေးဟောင်းပစ္စည်း သမိုင်းပြတိုက်တစ်ခု ဖြစ်လောက်စရာရှိတယ်။

လူနောက်ထပ်ရောက်စရာ မကျန်တော့ဘူးဆိုတော့ ခဲယမ်းမီးကျောက်ဝေပြီး ကလေးမရဲ့ ကိုယ်ကျပ်အင်္ကျီ ကျရစ်တဲ့ တောင်ခါးပန်းကို အဲဒီစုထားတဲ့လူတွေကို ခေါ်သွားတယ်။ မျက်နှာချင်းဆိုင်တောင်ကုန်းက မိုးကြိုးထိလို့ အခေါက်ကွာနေတဲ့ ထင်းရှူးပင်ကိုပြပြီး အဲဒီထင်းရှူးပင်မှာ ကျွန်တော်နေမယ်၊ သူတို့က တောင်ရိုးကို လျှောက်ပြီး လူစီရမယ်၊ ကျွန်တော်က လက်ကိုင်ပဝါနဲ့ အချက်ပြမှ တစ်ပြိုင်တည်း ဝိုင်းပြီး သံပုံးတီး၊ ဗုံတီး၊ သေနတ်ဖောက်၊ ချောက်ထဲကို ကျောက်တုံးတွန်းချဆိုတာတွေ လုပ်တဲ့အပြင် အသံကုန်လည်း အော်ဟစ်။ ဒါပေမဲ့ ဘယ်သူမှ ကျွန်တော့်တောင်ရိုး

mgyoe.com


ပေါ်က ထွက်မပြန်ရလို့ အမိန့်ထားရတယ်။ ငွေခွန်မှူးကတော့ လူအများလက်ထဲက သေနတ်တွေဟာ ကြောက်စရာကောင်းလို့ တောခြောက်တဲ့လူတွေနဲ့ နေရစ်တာထက် ကျွန်တော်နဲ့လိုက်ရရင် သူ့အတွက် ပိုပြီး အန္တရာယ်ကင်းမယ်လို့ ပြောတာနဲ့ သူ့ကိုပါ ခေါ်ပြီး လူအားလုံး ကျွန်တော်ပြောသမျှကိုကြားပြီး နားလည်လို့ ဝန်ခံကြမှ ကျွန်တော် ထွက်ခဲ့ပါတယ်။

ခပ်လှမ်းလှမ်းကပိုက်ပြီး ချိုင့်ကို အထက်စွန်းက ကူးလိုက်တယ်။ ပြီးတော့ မျက်နှာချင်းဆိုင် တောင်ကုန်းကိုတက်တယ်။ အဲဒီကမှ စောစောကပြောခဲ့တဲ့ ထင်းရှူး ပင်ဆီကို ဆင်းသွားရတယ်။ အဆင်းမှာ ဇောက်နက်တယ်။ ငွေခွန်မှူးစီးလာတဲ့ သားရေဖိနပ်က ပါးလို့ ဒီခရီးမျိုးနဲ့ မကိုက်ဘူး၊ ဆက်မသွားနိုင်တော့ပါဘူးလို့ ပြော နေတယ်။ ငွေခွန်မှူးက ခြေပေါက်လို့ သက်သာရာရအောင်ဆိုပြီး ဖိနပ်ချွတ်နေတုန်း တောခြောက်ရမယ့်လူတွေက ကျွန်တော့်ကို မူလပြောခဲ့တဲ့အတိုင်း အချက်မပြတာဟာ မေ့နေလို့ဖြစ်ရမယ်ဆိုပြီး သေနတ်တွေပစ်ကြ၊ အော်ဟစ်ကြပါတော့တယ်။ လျှိုကို ရောက်ဖို့ ကိုက်တစ်ရာ့ငါးဆယ်လောက် ကျန်သေးတော့ အဲဒီအရောက်ပြေးရတော့ တာပေါ့။ လမ်းမှာ အကြိမ်တစ်ဒါဇင်လောက်လဲပြီး ဇက်ကျိုးမသေတာကတော့ ကျွန်တော်ဟာလည်း ဒီလို တောတောင်ထူရာအရပ်မှာ မွေးဖွားကြီးပြင်းသူမို့ တောင် ဆိတ်လို ခြေမြဲလို့ပါပဲ။

တောင်ကုန်းကို ပြေးဆင်းနေဆဲမှာပဲ လျှိုဝက မြက်စိမ်းတစ်ဖုတ်ကို ကြည့်မိ တယ်။ ဒါ့ထက်ကောင်းတဲ့နေရာကို ရှာနေဖို့လည်း အချိန်မရတော့ဘူး။ အဲဒီမြက် တောကလေးမှာပဲ အခုပြေးဆင်းခဲ့တဲ့ တောင်ကုန်းကို ကျောခိုင်းပြီး ဝင်ထိုင်လိုက် တယ်။ မြက်ပင်တွေက နှစ်ပေလောက်မြင့်တော့ ကိုယ်တစ်ပိုင်းလောက်ဖြင့် လုံပါရဲ့၊ မလှုပ်ဘဲ ငြိမ်ငြိမ်နေနိုင်ရင် ပြေးလာတဲ့ကျားမဟာ မြင်မယ်မဟုတ်ဘူးလို့ မျှော်လင့်ရ မယ်။ ကျွန်တော် မျက်နှာမူရာက ခြောက်ထုတ်မယ့် တောင်တန်းရှိတယ်။ ကျားမ ပြေးဝင်လိမ့်မယ်လို့ မှန်းရတဲ့လျှိုက ကျွန်တော့် ဘယ်ဘက်ပခုံးနောက်ဘက်မှာ ရှိတယ်။

တောင်ရိုးမှာ ပွက်ပွက်ရိုက်အောင် ဆူနေပါပြီ။ သေနတ်တွေက တဒိန်းဒိန်း မြည်နေတဲ့အပေါ်မှာ ထပ်ဆင့်ပြီး ဗုံတီးသံ၊ အလွှတ်အော်တဲ့လူတွေရဲ့ အသံတွေရောပြီး အဆူဆုံး ဆူနေတဲ့အခါမှာပဲ ကျားမက ကျွန်တော့်ရှေ့မျက်နှာ ညာဘက်က စမ်းချောင်း နှစ်ခုကြားက မြက်ခင်းကုန်းလျှောကို ခုန်လွှားဆင်းလာတယ်။ ကျွန်တော်နဲ့ ကိုက် သုံးရာလောက်ကွာမယ်။ ကျားမ ပြေးလို့ သိပ်ခရီးမရောက်သေးခင်ဘဲ ငွေခွန်မှူးက

mgyoe.com

yoe.com

နှစ်လုံးပြူးသေနတ်ကို နှစ်ချက်ဆင့်ဆွဲလိုက်တယ်။ သေနတ်သံကြားရင်ပဲ ကျားမက အဟုန်နဲ့ နောက်လှည့်ပြီး လာလမ်းကို ပြန်ပြေးဝင်တယ်၊ တောနက်ကိုလွှားပြီး အဝင်မှာ ကျွန်တော်လည်း မပစ်လိုက်မရှိအောင် စိတ်ပျက်ပျက်နဲ့ တစ်ချက်ပစ်လိုက်ပါတယ်။

တောင်ရိုးပေါ်ကလူတွေကတော့ သေနတ်သံသုံးချက်ကြားရလို့ ကျားတော့ သေပြီထင်မယ် အမှန်ပဲပေါ့။ သေနတ်သမားတွေက ယမ်းတောင့်အကုန်ဖောက်ပြီးတဲ့ အခါ အော်သူတွေကလည်း နောက်ဆုံး အားကုန်အော်ပြီး ရပ်လိုက်ကြတယ်။ ကျွန်တော် ကတော့ သူတို့ဘက်ကို ကျားမပြန်လှည့်သွားလို့ ရင်ဆိုင်တိုးတဲ့အခါ ကြောက်လန့်ပြီး အော်တဲ့အသံမျိုးကိုပဲ ကြားရပြန်တော့မယ်လို့ နားစွင့်နေမိတယ်။ ဒါပေမဲ့ ကျားမက ရုတ်ခြည်း တောအကွယ်ကိုစွန့်ပြီး ကျွန်တော့်ရှေ့မျက်နှာမှာ ဘယ်ဘက်ကနေပြီး လွင်ပြင်ကိုထွက်ကာ စမ်းတစ်ခုကို တစ်ချက်တည်းခုန်ကူးတယ်။ ပြီးတော့ လျှိုတည့် တည့်ကို ဆင်းလာတယ်။ ပွိုင့် ၅၀၀ ကော်ဒိုက်ရိုင်ဖယ်မျိုးသစ်ကို ဒီလိုတောင်ပေါ်မျိုးမှာ မှန်းချိန်ထက် နည်းနည်းပိုပြီး မော့ပစ်ရတယ်။ ကျွန်တော်ပစ်ပြီး ကျားမက ရပ်သွားတော့ ငါ့ကျည်ဆန်တော့ မိုးပေါ်တက်သွားပြီ၊ ကျားမက ရှေ့မှာ ပြေးပေါက်မရှိပါလားလို့ ဆိုတဲ့ အသိနဲ့ ရပ်သွားတယ်လို့ပဲ ထင်မိတယ်။ ဒါပေမဲ့ ကျားမကို ကျည်ဆန်ထိပေမဲ့ နည်းနည်း နောက်နားကျသွားတယ်။ ခေါင်းကိုငုံ့ပြီး တစ်ဖက်ကို နည်းနည်းလှည့်လိုက် တော့ ပခုံးဆက်နေရာကို ပစ်တော့လို့ လှည့်ပေးသလို ဖြစ်သွားတယ်။ အကွာအဝေးက ကိုက်သုံးဆယ်ထက် လျော့ပါသေးတယ်။ ဒုတိယအကြိမ်ပစ်တဲ့အခါ နည်းနည်းတွန့် သလိုရှိပေမဲ့ အသွားမပျက်၊ နားရွက်နောက်လှန်ပြီး သွားဖြဲလို့ မလျှော့တဲ့မာန်နဲ့ ဆုံးခန်းတိုင် တိုက်ခိုက်မယ့်ပုံကို ပြသေးတယ်။ ကျွန်တော်က သေနတ်ကို ပခုံးမှာ ထောက်ပြီး ပြောင်းဝကို ကျားမဘက်လှည့်ထားပေမဲ့ အတင်းထိုးဝင်လာရင် ဘာလုပ် ရပါ့မလဲလို့ စဉ်းစားနေပါတယ်။ ဘာပြုလို့လဲဆိုတော့ ကျွန်တော့်မှာ ကျည်ဆန်ကုန် ပါပြီ။ အစကနဦးကပဲ ကျည်ဆန်သုံးတောင့်သာ ကျွန်တော်ယူခဲ့ပါတယ်။ နှစ်ချက် ထက်ပိုပြီး သုံးဖို့မလိုလို့ ယုံတယ်။ တတိယယမ်းတောင့်က လိုလိုမည်မည် သဘော ထားတယ်။

ကံအားလျော်စွာ ကျားနာက အတင်းခုန်မဝင်ပါဘူး။ ဖြည်းဖြည်းသာသာပဲ တစ်ဖက်ကိုလှည့်ပြီး သူ့ညာဘက်ကရှိတဲ့ စမ်းချောင်းကို ကူးတယ်။ ကျွန်တော်နေတဲ့ ကျောက်တုံးတွေကို ဖက်တက်ပြီးမှ မတ်စောက်တဲ့ ချောက်ကမ်းပါးက ကျောက်ကြော တစ်ခုကို လိုက်ပြီး အပေါ်ကိုတက်တယ်။ ကျောက်အငူစွန်းတစ်ခုကို လိုက်သွားတယ်။

mgyoe.com

mgyoe.com

ဒီကျောက်စွန်းဟာ တစ်ဖက်ကမ်းပါးကို ထိတဲ့နေရာကိုရောက်တော့ ချုံပုတ်လေးတစ်ခု ရှိနေတယ်။ ဒီချုံကို ကျားမက လက်နဲ့ပုတ်ပြီး အကိုင်းတွေကို ဖွဲ့ချနေတယ်။ သတိထားပြီး ချင့်ချိန်နေဖို့ မဖြစ်တော့ဘူး။ ကျွန်တော်က အော်ပြီး ငွေခွန်မှုးကို သေနတ်လာပေးဖို့တောင်းတယ်။ သူပြန်ပြောတဲ့စကားထဲမှာ ခြေထောက်လို့ပြောတဲ့ စကားတစ်ခွန်းကိုပဲ သဲကွဲအောင်ကြားရတယ်။ ကျွန်တော့်ရိုင်ဖယ်ကို ချထားခဲ့ပြီး သူ့ဆီကို ပြေးသွားမိတယ်။ သူ့သေနတ်ကိုဆွဲယူပြီး မူလနေရာကို ပြန်ခဲ့တယ်။

စမ်းချောင်းကို ကျွန်တော်အရောက်မှာ ကျားမဟာ စောစောကချုံပုတ်ကို ထားခဲ့ပြီး ကျောက်စွန်းကနေပြီး ကျွန်တော့်ဘက်ကိုလာနေပြီ။ ပေနှစ်ဆယ်အကွာကို ရောက်တော့ ပစ်ရတော့မယ်လို့ သေနတ်နဲ့ချိန်လိုက်တယ်။ သေနတ်ခါးချိုးတဲ့နေရာမှာ လက်တစ်လုံးလောက် ဟနေတာကို ဒီတော့မှ တွေ့ရတယ်။ စောစောက ပြောင်းနှစ်ဖက်စလုံးက ယမ်းတောင့်နှစ်ခုစလုံးကို ရှေ့ဆင့်နောက်ဆင့် ပစ်လွှတ်တုန်းက ပြောင်းမကွဲခဲ့လို့ အခု တတိယအကြိမ်ပစ်ရင်လည်း ကွဲမှာမဟုတ်ဘူးလေလို့ သဘောထားလိုက်တယ်။ ဒါတောင် နောက်ပြန်ယမ်းခိုးမှုတ်ပြီး မျက်စိကန်းနိုင်တဲ့ အန္တရာယ်တော့ အမှန်ရှိတယ်။ မတတ်နိုင်ဘူး။ စွန့်ရတော့မယ်။ ပြောင်းတံထိပ်က ချိန်သီးခဲလုံးနဲ့ ကျားမရဲ့ဖြူထားတဲ့ ပါးစပ်ပေါက်ကို တန်းလိုက်ပြီး ပစ်တယ်။ ကျွန်တော် လက်တုန်နေလို့ရင်လည်း ဖြစ်မယ်၊ ဒါမှမဟုတ်လည်း ဒီသေနတ်က ပေနှစ်ဆယ်လောက်ကိုတောင် မှန်အောင်ပစ်မရတဲ့သေနတ်လည်း ဖြစ်နိုင်တယ်။ ကျားမရဲ့ပါးစပ်ကိုမထိ၊ အဲဒီကျည်ဆံဟာ ကျွန်တော်ကိုယ်တိုင် နောက်တော့ လက်သည်းနဲ့ ကော်ထုတ်ယူရလို့ သိရတာက ကျားမရဲ့ ညာဘက်ဖဝါးကို ထိတယ်။ ကံအားလျော်စွာ ကျားမကလည်း လဲလုလုဖြစ်နေပြီမို့ လက်တစ်ဖက်ကို ကျည်ဆံထိရုံလောက်နဲ့ ရှေ့ကို ထိုးလဲသွားရှာတယ်။ ကျောက်တန်းဘေးက ကျားခေါင်းစွန်းထွက်နေတာ မြင်ရတော့ ဆက်မလှုပ်ဘဲ ငြိမ်သွားပြီလို့လည်း သိပါတယ်။

ကျားမဟာ ချုံကွယ်ကိုစွန့်ပြီး အပြင်ကိုထွက်လို့ လျှိုထဲကိုဝင်ဖို့ ကြိုးစားတဲ့အချိန်ကစပြီး တောခြောက်ပေးတဲ့ လူအုပ်ကို ကျွန်တော် သတိမရတော့ဘူး။ ခပ်နီးနီးတောင်ပေါ်က "ကျောက်စွန်းက ဆွဲဟေ့၊ ဝိုင်းပြီး မွှန်းရအောင်" လို့ အော်ပြောသံကို ကြားရမှ သူတို့ကို သတိရမိတယ်။ ဝိုင်းမွှန်းမယ်ဆိုပုံကို ကြားရတော့ မယုံနိုင်စရာ။ ဒါပေမဲ့ ဒီအတိုင်း ပြောတဲ့လူ တစ်ဦးမဟုတ် အားလုံးကပဲ ပြောနေကြပါပြီ။

ကျားနာ ကျောက်စွန်းကို တက်သွားနိုင်ဖို့ ပို့ပေးတဲ့ ကျောက်ကြောဟာ သူတို့

mgyoe.com

mgyoe.com


ဘက်မှာမဟုတ်လို့ တော်ပေတော့တယ်။ ဒီကျောက်ကြောကပဲ ကျွန်တော်လည်း တွယ်ကပ်ပြီး ဘေးတိုက်သွားရတယ်။ ဒီလိုသားကောင်ကြီးမျိုးကို ပစ်ပြီးရင် လဲနေပေမဲ့ ချက်ချင်း အနားကပ်မသွားရဘူး။ သေ၊ မသေ ခဲလေးနဲ့ ပေါက်ကြည့်ရသေးတယ်။ ခုတော့ ဒီလိုစစ်ဆေးခွင့်မရလို့ သေနှင့်ပါစေလို့ ဆုတောင်းရင်း ကတ်ကတ်သတ်သတ် ကျားဆီ အရောက်သွားလို့ ရောက်တာနဲ့တစ်ပြိုင်နက် ရွာသားတွေလည်း လက်နက်စုံနဲ့ တောထဲက ပြေးထွက်လာကြတယ်။

ကျောက်စွန်းဟာ တစ်ဆယ့်နှစ်ပေကျော် တစ်ဆယ့်လေးပေအထိ မြင့်လေတော့ သူတို့ လွယ်လွယ်နဲ့ဝင်ပြီး ထိုးခုတ်ခွင့်မရဘူးပေါ့။ ချောက်ဟာ ရေစားပြီး ပြောင်ချော နေလို့လည်း ခြေမနဲ့ ကုပ်တက်ထိတောင် လွယ်လွယ်နဲ့ တက်မရနိုင်ဘူး။ လူထုရဲ့ ဒေါသကိုတော့ အလွယ်နဲ့ နားလည်နိုင်ပါတယ်။ သူတို့တစ်တွေအားလုံးရဲ့ သားချင်း တစ်ဦးဦးကို ဒီကျားမ စားပြီးပြီ ဖြစ်လို့ပါပဲ။ အရှူးလို ဓားကိုဝင့်ပြီး အော်ဟစ်နေတဲ့ လူတစ်ယောက်က ဝင်ခုတ်ဖို့ သွေးထိုးနေပါတယ်။ ဒါဟာ ငါ့မယားနဲ့ ငါ့သား နှစ်ယောက်လုံးကို စားပစ်တဲ့ ရှိုက်တန်ပဲလို့လည်း ပြောသေးတယ်။ ရှိုက်တန်ဆိုတာက မကောင်းဆိုးဝါးနတ်လို့ အဓိပ္ပာယ်ရတယ်။ လူအုပ်ရဲ့ သဘာဝအတိုင်း ဆူပူကြပေမဲ့ ခဏပဲကြာတယ်။ အစက သွေးထိုးနေတဲ့လူကပဲ စတင်ပြီး လက်နက်ကို အသာချလို့ ကျားကောင်နဲ့ ကျွန်တော်ရှိတဲ့ ကျောက်စွန်းနားကို ကပ်လာပြီး “ရန်သူကျဆုံးတာကို မြင်တော့ ခဏရူးသလို ဆူပူမိပါတယ် သခင်ကြီးရယ်။ ငွေခွန်မှူးရော သခင်ကပါ ခွင့်လွှတ်ပါ” လို့ တောင်းပန်တယ်။ သေနတ်ကို ကျားသေပေါ်မှာ ဖြတ်တင်ထားပြီး ကျားရဲ့လက်ဖဝါးမှ ကျည်စေ့ကို ကော်ထုတ်ယူတယ်။ ပြီးတော့ ကျွန်တော် လှမ်းပေးတဲ့ လက်ကို ဖေးမပေးကြလို့ ကျွန်တော် မြေပြင်ကို လွယ်လွယ်နဲ့ပဲ ဆင်းခဲ့နိုင်ပါတယ်။ ပြီးတော့မှ ကျွန်တော် ကျောက်စွန်းအရောက် ဘယ်လိုတက်ရတယ်လို့ လမ်းပြပေးလို့ လူအချို့ တက်ပြီး ကျားသေကို ဖြည်းဖြည်းသာသာ လျှောချပေးတယ်။ ပြီးမှ မြေပြောင်ပြောင်ကို ယူခဲ့ကြတယ်။ အားလုံးဝိုင်းပြီး ကြည့်ကြတယ်။

ကျားမဟာ ကျောက်စွန်းက ကျွန်တော့်ကို စီးပြီးကြည့်တုန်းက သူ့ပါးစပ်ထဲမှာ တစ်ခုခု ချွတ်ယွင်းနေတာကို ကျွန်တော် သတိထားလိုက်မိတယ်။ အခုမှ သေသေချာ ချာကြည့်ရတော့ ညာဘက်အထက်အောက် အစွယ်နှစ်ခုစလုံး ကျိုးနေတာကို တွေ့ရ တယ်။ အထက်စွယ်က ထက်ဝက်ကျိုးတယ်။ အောက်သွားက အရင်းကကပ်ပြီး ပြတ် နေတယ်။ ဒီလို အစွယ်မကောင်းရတာကတော့ သေနတ်မှန်ဖူးလို့ ဖြစ်တယ်။ ဒီတော့

mgyoe.com

mgyoe.com

သဘာဝအားဖြင့် ဖမ်းစားနေကျ သတ္တဝါသားကောင်ကို မသတ်နိုင်။ ဒီအခါမှာ လူစား ကျား ဖြစ်လာရတယ်။

လူထုဆန္ဒမှာ ချက်ချင်း အရေမဆုတ်စေလို၊ ညဘက်ရောက်တဲ့အထိ အသေ ကောင်ကို ထမ်းပြီး ရွာစဉ် လှျောက်ပြချင်ကြသေးတယ်။ အမျိုးသမီးတွေနဲ့ ကလေး သူငယ်တွေက ကျားမ သေပြီဆိုတာကို မျက်စိနဲ့ တပ်အပ်မမြင်ရရင် ယုံကြည်ကြမယ် မဟုတ်လို့ အကြောင်းပြပါတယ်။

သစ်လုံးသန်သန်နှစ်ချောင်းခုတ်ပြီး ခေါင်းစည်းခါးစည်း စတဲ့ အဝတ်တွေနဲ့ ထမ်းပိုးတွေမှာ ကျားကောင်ကို ကျကျနန ချည်နှောင်ကြတယ်။ ပြီးတော့မှ မတ်စောက် လှတဲ့ တောင်နံရံကို ချဉ်းကပ်ကြတယ်။ ဒီနံရံရဲ့ အထက်မှာ သူတို့တွေ လှျောက်ခဲ့ တယ်။ အဲဒီတစ်ဖက်ကုန်းဆင်းမှာတော့ သူတို့ရဲ့ရွာတွေရှိတယ်။ ဒီတောင်ဇောက်ကို ကျော်ချပြီး သွားမယ်လို့ ဆုံးဖြတ်တာမို့ ပထမ လူတွေချည်းပဲ ကြိုးနှစ်ချောင်း တန်းချ ထားသလို တန်းစီလိုက်တယ်။ ပြီးတော့မှ ရှေ့လူရဲ့ ခါးဝတ်ကို နောက်လူက ဆွဲထား တယ်။ ဒီလူတန်းက ကျားကောင်ထမ်းသူတွေရဲ့ ခြေချရာကို လက်နဲ့ခံပေးတော့ လှေ ကားထစ်ဖြစ်လာတယ်။ ပုရွက်ဆိတ်တွေ နကျယ်ကောင်ကို နံရံဇောက်အတိုင်း အပေါ်ကို ဆွဲတင်နေပုံမျိုးပါပဲ။ ငွေခွန်မှူးကိုလည်း ဒီနည်းအတိုင်း ထမ်းတင်လိုက်ကြ တယ်။ ဒီလို ပေတစ်ထောင်အမြင့်တက်မှာ ကြိုးတစ်ချက်ပြတ်ရင် သေလိုက်မယ့်လူ အရေအတွက်ဟာ ကြောက်ဖွယ်လိလိရှိမယ်။ ဒါပေမဲ့ ကြိုးမပြတ်ပါဘူး။ ချောက်ကမ်း ပါးထိပ်ကိုရောက်ရင် လူတန်းကြီးက အရှေ့ဘက်ကိုသွားတယ်။ အောင်တပ်မတော် ချီတက်သံ သီချင်းတကြော်ကြော်ဆိုပြီး ပျော်မဆုံးဘူး။ ကျွန်တော်နဲ့ ငွေခွန်မှူးကတော့ အနောက်ဘက်ကိုလိုက်ပြီး ချမ်ပဝတ်ကို ပြန်ကြတယ်။

တောင်ရိုးအတိုင်း လှျောက်ပြန်လာကြတုန်း သူငယ်မရဲ့ ဆံပင်တွေ ငြိကျန်ရစ်တဲ့ ဆူးချုံတောနားမှာ ခဏရပ်ပြီး မကြာမီကမှ ကိုယ်အနိုင်ရလိုက်တဲ့ စစ်ပွဲခင်းကျင်းရတဲ့ စစ်တလင်းကို နောက်ဆုံးအနေနဲ့ လှမ်းမျှော်ကြည့်မိသေးတယ်။

တောင်ဆင်းမှာ တောခြောက်သူတွေက သူငယ်မရဲ့ ဦးခေါင်းကို တွေ့ကြတယ်။ လေငြိမ်တဲ့ ကောင်းကင်ပြင်ကို လျှို့ဝဆီမှာ မီးခိုးညွန့်တက်လာတာကတော့ သူငယ်မရဲ့ သားချင်းတွေက သူငယ်မရဲ့ရုပ်ကြွင်းကို ရသမျှစုပြီး ကျားမကျဆုံးတဲ့ နေရာမှာပဲ မီးသင်္ဂြိုဟ်နေကြတာ ဖြစ်တယ်။

ညစာစားပြီးတော့ ထားစီလရဲ့ ခြံမှာနေပြီး မျှော်ကြည့်မိတယ်။ တစ်ဖက်

mgyoe.com

gyoe.com

တောင်ကုန်းကမ်းပါးယံမှာ မီးရှူးတန်းကြီးကို မြင်ရတယ်။ လူအုပ်ကြီးရဲ့ သီချင်းသံ ဟာလည်း ညဉ့်ဦးရဲ့ ငြိမ်သက်တဲ့လေပြင်မှာ ပျံ့လွင့်လာတယ်။ နောက်တစ်နာရီကြာရင် ကျွန်တော့်ခြေရင်းကို ကျားသေကြီး ဆိုက်ရောက်လာပါတော့မယ်။

လူထုလို့ ကျားရေဆုတ်ရတာ မလွယ်၊ မြန်မြန်ပြီးစီးအောင် ခေါင်းနဲ့ လက်ခြေ တွေကို အရေနဲ့တွဲပြီး ဖြတ်လိုက်တယ်။ ပြီးတော့မှ အသေကောင်လုံးတည်းကို အစောင့် ချထားရတယ်။ နောက်တစ်နေ့မိုးလင်းတော့ ခြံဝင်းထဲကိုစုလာတဲ့ လူထုလက်ထဲ ကျားကောင်ကို အပိုင်းပိုင်း ခပ်ငယ်ငယ်တစ်ပြီး ဝေပေးလိုက်တယ်။ ဒီသားတစ်ငယ် တွေကို ကလေးငယ်တွေရဲ့လည်မှာ ဆွဲပေးရရင် ဒီကလေးဟာ တောသတ္တဝါဘေးက ကင်းလွတ်တယ်လို့ သူတို့ယုံကြည်တယ်။ ကျားလို ရဲရင့်တဲ့သတ္တိကိုလည်း ရမယ်လို့ ထင်ကြတယ်။ ကျားမက မဝါးဘဲ မျိုချလို့ အစာအိမ်ထဲက ခွဲယူရရှိတဲ့ သူငယ်မရဲ့ လက်ချောင်းကလေးတွေကို ပုလင်းနဲ့ထည့်ပြီး အရက်ပြန်မှာစိမ်ပြီး ငွေခွန်မှူးက ကျွန်တော့်ဆီကို ပို့လိုက်လို့ နိုင်နီတာရေကန်အနီး နန္ဒဒေဝီနတ်ကွန်းနားမှာ မြေမြှုပ် လိုက်ရပါတယ်။

ကျွန်တော် ကျားရေဆုတ်နေတုန်းမှာပဲ ငွေခွန်မှူး၊ သူကြီး၊ အရပ်လူကြီးနဲ့ ချမ်ပဝတ်ကုန်သည်တွေက ကျွန်တော်ကိုယ်တိုင် ဦးစီးပြီး မနက်ဖြန်မှာ အောင်ပွဲကြီး ခင်းကျင်းကျွေးမွေးဖို့ စီစဉ်ကြတယ်။ သန်းခေါင်ယံကိုရောက်လို့ လူစဲတော့ ငွေခွန်မှူးနဲ့ ဆေးလိပ်သောက်ရင်း မနက်ဖြန်အောင်ပွဲကို ကျွန်တော် မစောင့်နိုင်။ ငွေခွန်မှူးသာ ဦးဆောင်ပြီး ခင်းကျင်းပါတော့လို့ တောင်းပန်ပြီး တပည့်တွေကို မနက်ဖြန်ပဲ ခုနစ်ဆယ့် ငါးမိုင်ခရီးကို နှစ်ရက်နဲ့အရောက် ခရီးပြင်းနှင်ဖို့ နှိုးဆော်လိုက်ပါတယ်။

နေထွက်ရင် တပည့်တွေကို လိုက်ခဲ့လို့မှာပြီး ကျားရေကို မြင်းကုန်းနှီးမှာ ချည်ပြီး တစ်ယောက်တည်း ထွက်လာခဲ့တယ်။ ဒဗိစုရကို အမြန်ရောက်အောင်သွားပြီး ကျားရေ ကို စင်ကြယ်အောင် သုတ်သင်မယ်။ ပြီးတော့ နေရာမှာပဲ ညအိပ်မယ်လို့ ရည်ရွယ် တယ်။ ပါလိရွာရဲ့ အပြင်တောင်ကုန်းက တဲငယ်မှာ စကားမပြောနိုင်တဲ့ အမျိုးသမီးကို သူ့အစ်ကိုသတ်တဲ့ ကျားမဘဝသိမ်းပုံကို ပြချင်တယ်။ မြင်းကို သူ့ဘာသာ အစာရှာစား နေနိုင်အောင် ချည်ထားခဲ့တယ်။ ဒီမြင်းမျိုးက ဒီအရပ်မွေးဖြစ်လို့ ဝက်သစ်ချပင်မှအစ ခူယားချုံပင်အထိ ရရာစားနိုင်တယ်။ ကျွန်တော့်မှာ ကျားရေကိုယူပြီး တောင်ကုန်းကို တက်ရတယ်။ တဲတံခါးဝ ကျားရေကို ခင်းနေတုန်း ကလေးတွေက တအံ့တသြ ကြည့်ရင်း မေးခွန်းမေးကြတယ်။ စကားပြောသံကြားလို့ တဲထဲက မီးဖိုမှာ ဟင်းချက်မင်း

mgyoe.com

mgyoe.com

ချက်နေတဲ့ မိခင် ထွက်လာပါပြီ။

လန့်ပြီး ဝေဒနာတစ်မျိုးရသူကို ထပ်လှန့်ပြီး ဆေးကုသရပုံကို အကျယ်မပြောလိုပါ။ ကျွန်တော် ဒီနည်းကို သိလို့လုပ်တာလည်း မဟုတ်ပါ။ တစ်ဆယ့်နှစ်လကနေပြီး အရင်လေးရက်က ကျွန်တော်ဘာမေးမေး ပြန်မပြောတဲ့အမျိုးသမီးဟာ အခု ရှေ့ပြေးလိုက်၊ နောက်ပြေးလိုက်နဲ့ လင်နဲ့ ရွာသားတွေကို သခင်ယူလာတဲ့ ပစ္စည်းဆန်းကို လာကြည့်လှည့်ကြစမ်းလို့ အော်ဟစ်ခေါ်ငင်နေပါပြီ။ ကလေးတွေက မိခင်ကြီးစကားပြောနိုင်နေပုံကို အံ့သြကြတယ်။ အမေရဲ့ အမူအရာကို မျက်ခြည်မပြတ် လိုက်ကြည့်ကြတယ်။

ကျွန်တော့်အတွက် လက်ဖက်ရည်ဖျော်တုန်း ဓာတ်ကြောင်းပြန်ရတယ်။ တစ်နာရီနီးပါးကြာမှ ခရီးဆက်ခွင့်ရတယ်။ ရွာသားတွေက ကောင်းချီးပေးသံကို မိုင်ဝက်လောက်အထိ ကြားနေရတယ်။

နောက်တစ်နေ့နံနက်မှာ ကျားသစ်တစ်ကောင်နဲ့ သည်းထိတ်ရင်ဖိုစရာ ဆုံတွေ့ရသေးတယ်။ ဒဗိစုရကအထွက်မှာ ဒီလိုတွေ့ဆုံရလို့သာ ခရီးနည်းနည်းဖင့် ကျွန်တော့်မြင်းမှာ ဝန်တစ်ခုပိုလာရလို့သာ ဒီအကြောင်းကို ထည့်သွင်းပြောဆိုရပါတယ်။ မြင်းပုဟာ သန်စွမ်းတဲ့အကောင်မို့ တော်တော့တယ်။ အတက်လမ်းမှာ သူ့အမြီးကို ဆွဲလိုက်ရတယ်။ လွင်ပြင်မှာ သူ့ကျောကို စီးရတယ်။ အဆင်းလမ်းမှာ သူ့နောက်ကကပ်ပြီး မှေးဆင်းရတယ်။ ဒီလိုနဲ့ နိုင်နီတာအရောက် ခရီးလေးဆယ့်ငါးမိုင်ကို မနက်ကိုးနာရီကညနေ ခြောက်နာရီအတွင်း ပေါက်ခဲ့ပါတယ်။

လေးငါးလကြာတော့ နိုင်နီတာမှာ ဒါဘာပွဲကျင်းပကာ ယူနိုက်တက်ပရော်ဗင့် (အခု ဥတ္တရဒေသ) ရဲ့ ဒုတိယဘုရင်ခံ ဆာဂျွန်ဟီဝက်က ချမ်ပဝတ် ငွေခွန်မှူးကို ဆုသေနတ်တစ်လက်၊ သူငယ်မလေး ကျားချီတဲ့နောက်လိုက်ကြတုန်းက အတူပါလာတဲ့လူတွေကို သားလိုးဓားလှလှတစ်စင်းစီ ချီးမြှင့်ပါတယ်။ ဆုနှစ်မျိုးစလုံးမှာ အကြောင်းစုံ ရေးထိုးပါရှိတယ်။ ဒီဆုတွေကို သူတို့ သားစဉ်မြေးဆက် အမြတ်တနိုး ထိန်းသိမ်းထားကြတုန်းပဲ ရှိဦးမယ်။

❒

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# ရော်ဗင်

**ဘာ**မျိုးလဲလို့ မပြောတတ်ပါ။ အမှိုက်လှည်းတဲ့လူတွေဆီက ဝယ်တယ်။ သူ့ကို ရောင်းလိုက်တဲ့သူက သဘော်ခွေးမွေးရှည်မျိုးလို့တော့ ပြောတယ်။ ပဥ္စလို့ခေါ်တယ်။ သူ့အဖေက သေနတ်ခွေးမျိုးကောင်းဖြစ်တယ်လို့ အာမခံတယ်။ ဒီလောက်ပဲ သူ့အမျိုး ဆက်ကို ပြောနိုင်ပါတယ်။

တကယ်ကတော့ ကျွန်တော်ကလည်း ခွေးငယ်တစ်ကောင် လိုချင်လှလို့ မဟုတ်ဘူး။ မတော်တဆ မိတ်ဆွေတစ်ဦးနဲ့ ကြုံကြိုက်လို့ ခွေးပေါက်ခုနစ်ကောင်ကို တောင်းစုတ်တစ်ခုထဲက သွန်ချပြတာကို မြင်ရတယ်။ ပဥ္စက အသေးဆုံး၊ အလှီဆုံး၊ သက်ဆိုးရှည်မယ့်ပုံမပေါ်ဘူး။ တခြားကောင်တွေကလည်း သူ့ထက်နည်းနည်းပဲ ကြီးမယ်။ ဒီကောင်တွေကိုထားခဲ့ပြီး သူက ကျွန်တော့်ကို တစ်ပတ်ပတ်လျှောက်တယ်။ ပြီးတော့ ကျွန်တော့်ခြေကြီးတွေကြားမှာ ဝင်ပြီး ခွေအိပ်တယ်။ ကျွန်တော်က သူ့ကို ကောက်ယူပြီး ရက်ရက်စက်စက်ချမ်းတဲ့ မနက်စောစောအချိန်ဖြစ်လို့ သူ့ကို ကျွန်တော့် အင်္ကျီအတွင်းကို ထိုးသွင်းခါနီးမှာ ကျေးဇူးတင်ပုံပြလိုတဲ့သဘောနဲ့ သူ ကျွန်တော့် မျက်နှာကို လှမ်းပြီး လျှာနဲ့ တစ်ချက် လျက်လိုက်သေးတယ်။ ကျွန်တော်ကလည်း သူ့ကိုယ်က ညှီစော်နံ့ကို မနှစ်သက်ဘူးလို့ မပြမိအောင် မနည်း ဟန်ဆောင်နေလိုက်ရ တယ်။ ဒီခွေးကလေးဟာ အဲဒီတုန်းက သုံးလသားပဲ ရှိသေးတယ်။ ခွေးဖိုး ငွေတစ်ဆယ့် ငါးကျပ် ပေးခဲ့တယ်။ အခု အသက်တစ်ဆယ့်သုံးနှစ်ရှိတော့ အိန္ဒိယမှာရှိသမျှ ရွှေပေး လို့မှ သူ့ကိုမရနိုင်။

အိမ်ကိုရောက်တော့ အာဟာရပြည့်မယ့်အစားအစာကို ပထမဆုံး ကျွေးရတယ်။

mgyoe.com

yoe.com

ရေနွေးနွေးနဲ့ ဆပ်ပြာပွတ်ပြီး ရေချိုးရတယ်။ ပဥ္စအမည်ပျောက်ပြီး ရော်ဗင် တွင်စေတယ်။ ကျွန်တော်က ခြောက်နှစ်၊ ညီလေးက လေးနှစ်သားတုန်းက ကျွန်တော်တို့ကို ဝက်ဝံကြီးအန္တရာယ်က ကယ်ဆယ်ခဲ့ဖူးတဲ့ သိုးစောင့်ခွေးကြီး ရော်ဗင်ကိုစွဲပြီး သူ့ကို ရော်ဗင်လို့ ခေါ်လိုက်ပါတယ်။

ခြောက်သွေ့နေတဲ့မြေဟာ မိုးကြောင့် စိုပြည်လန်းဆန်းလာသလို ရော်ဗင်လည်း မှန်မှန် အစာဝဝစားရလို့ ကြီးထွားလာတယ်။ ကလေးငယ်၊ ခွေးငယ်ကို သင်ခန်းစာ ပေးမယ်ဆိုရင် ဘယ်တော့မှ မစောလွန်းဆိုတဲ့ စကားအတိုင်း တစ်နေ့ မနက်စောစော သူ့ကိုခေါ်ပြီး အကျင့်ရအောင် ကွင်းထဲမှာ သေနတ်တစ်ချက်နှစ်ချက် ဖောက်ပြပါတယ်။

ကျွန်တော်တို့ ပိုင်နက်မြေရဲ့ တစ်ဖက်ဖျားမှာ ဆူးချုံထူထူရှိတယ်။ အဲဒါကို ကွေ့ပြီး တစ်ဖက်ကို ကျွန်တော်ရောက်တဲ့အခါ ဒေါင်းတစ်ကောင် အဲဒီချုံထဲက ထွက်ပျံတယ်။ ရော်ဗင် ပါလာတာကိုတောင် ကျွန်တော် မေ့သွားပြီး ဒေါင်းကို ပစ်ချလိုက်တယ်။ ဒေါင်းကျလာတော့ ရော်ဗင်က ပြေးလိုက်တယ်။ ကျွန်တော်ကလည်း ဆူးချုံကို ပတ်ပြီးပြေးလိုက်တယ်။ ဆူးချုံအလွန်မှာ ကွက်လပ်တစ်ခုရှိတယ်။ အဲဒီကွက်လပ်ကို လွန်တော့ ကိုင်းမြက်နဲ့ သစ်ပင်ကြီးတွေရှိတယ်။ မြက်တောထဲကိုပဲ ဒေါင်းပြေးဝင်ပြီး ပုန်းမယ်လို့ မှန်းပါတယ်။ ကွက်လပ်ဟာ နေရောင်ခြည်လင်းနေလို့ အဲဒီအခါက ကျွန်တော့်လက်ထဲမှာသာ ရုပ်ရှင်ကင်မရာပါလာရင် သိပ်ထူးတဲ့ ကားကောင်းတစ်ကွက် ရနိုင်ပါတယ်။ ဒေါင်းက အမကြီးဖြစ်လို့ လည်ဆံမွေးတွေ ထောင်နေတယ်။ အတောင် တစ်ဖက်ကျိုးနေပြီ။ ရော်ဗင်က အမြီးဖုတ်ကို ဖွတ်ဆွဲထားတော့ ဒေါင်းမ ပြေးတဲ့အခါ ခွေးလည်း နောက်က တရွတ်တိုက်ပြီး တောစပ်ကို ပါသွားတယ်။ ကျွန်တော်ကလည်း ပြေးသွားပြီး ငှက်ကို မဆင်မခြင် ဖမ်းအကောက်လိုက်မှာ ဒေါင်းမက ခြေနှစ်ဖက်နဲ့ ပြန်ပြီးခွပ်လိုက်လို့ ရော်ဗင်ခမျာ မြေမှာ တစ်လိမ့်နှစ်လိမ့် လိမ့်သွားရှာတယ်။ ဒါပေမဲ့ တစ်ခဏအတွင်းမှာပဲ ထလာနိုင်ပါတယ်။ ငှက်သေကို မြေမှာ ချပေးလိုက်တဲ့အခါ ငှက်ခေါင်းနဲ့ အမြီးကို တစ်လှည့်စီ ဟပ်လိုက်၊ ပတ်ပြေးလိုက်နဲ့ ရော်ဗင် မြူးနေပါတယ်။ အဲဒီနေ့မနက်အဖို့ ပေးစရာသင်ခန်းစာ ပြည့်စုံပြီလို့ ယူဆပြီး အိမ်ကို ပြန်လာကြတော့ ရော်ဗင်နဲ့ ကျွန်တော် ဘယ်သူက ပိုပြီးပျော်တယ်လို့ ခွဲခြားမရနိုင်ပါဘူး။ ရော်ဗင်အဖို့ ပထမဆုံး ငှက်ကောက်ခွင့်ရတယ်။ ကျွန်တော့်အနေနဲ့ အမှိုက်ပုံထဲက ခွေးကောင်းရတယ်လို့ အသိနဲ့ ကျေနပ်တယ်။ ငှက်ပစ်တဲ့ရာသီ ကုန်ဆုံးခါနီးဖြစ်လို့

mgyoe.com

mgyoe.com


နောက်ရက်တွေမှာ ငုံး၊ ချိုးထက်ကြီးတဲ့ ငှက် မရနိုင်တော့ပါ။ ရစ်တစ်ကောင်၊ နှစ်ကောင်တော့ ရလိုက်ပါသေးတယ်။

တစ်နေ့လုံး တောင်ကြောမှာ အချိန်ကုန်တယ်။ နိုဝင်ဘာလမှာ နှစ်တိုင်းလုပ်လေ့အတိုင်း တောင်ခြေကို ကျွန်တော် ပြောင်းနေတဲ့အခါ တစ်ဆယ့်ငါးမိုင် လမ်းလျှောက်ခဲ့ပြီးနောက် တစ်ဆစ်ချိုးလမ်းကို ချိုးမိတဲ့အခါ မြီးတိုမျောက်အုပ်ကြီးတစ်အုပ်နဲ့ တည့်တည့်တိုးမိတယ်။ ရော်ဗင်ရဲ့ ရှေ့နားကပဲ လမ်းကို ကျော်လိုက်တယ်။ ကျွန်တော်က လေချွန်ပြီးဟန့်ပေမဲ့ နောက်ကျသွားပြီ။ ခွေးက ချောက်ဘက်ကို ဆင်းလိုက်တော့ မျောက်က လွယ်လွယ်နဲ့ သစ်ပင်ပေါ် ပြန်တက်လိုက်တယ်။ အဲဒီနေရာက မြေနည်းနည်းပြန့်တယ်။ သစ်ပင်လည်း ကျဲကျဲပဲ ပေါက်တယ်။ အဲဒီကလွန်လျှင်တော့ ပေသုံးဆယ်ကျော်လောက် ခပ်စောက်စောက် လျှောဆင်းတဲ့ ကုန်းလျှောရှိတယ်။ ကုန်းလျှောရောက်ပြီးတော့ နည်းနည်းကျယ်တဲ့ တောင်ခါးပန်းရှိပြန်တယ်။ ဒီခါးပန်းလွန်ရင် ချောက်ကြီးဖြစ်သွားပြန်တယ်။ အဲဒီမြေပြန့်ငယ်ရဲ့ လက်ယာဘက်မှာ ချုံနည်းနည်းရှိတယ်။ မိုးရေတိုက်စားလို့ လျှိုနက်နက်တစ်ခုလည်း ရှိတယ်။ ဒီချုံတွေအထဲကို ဝင်မိလိုက်တာနဲ့ တစ်ခါတည်း ရော်ဗင်ဟာ နားရွက်နောက်ပစ်ပြီး အမြီးကုပ်သွားတယ်။ ပြီးတော့ အသက်လုပြီး ပြေးထွက်လာတော့တယ်။ နောက်က ကျားသစ်ကြီး ပြေးလိုက်လာနေပြီ။ တစ်ခါထက်တစ်ခါ ဖမ်းမိဖို့ နီးနီးလာတယ်။ ကျွန်တော့်မှာ လက်နက်မပါ၊ အသံကုန်ဟစ်ပြီး ဟေးဟားအော်တာထက်တိုးပြီး ဘာမှမလုပ်နိုင်။(မ)ရဲ့စောင်ပုခက်ထမ်းတွေကလည်း သံကုန်ဟစ်ပြီး အော်ကြတယ်။ တစ်ရာမကတဲ့ မျောက်တွေကလည်း ဝင်ပြီး အန္တရာယ်အချက်ပေး သံစုံမြည်ကြတဲ့အခါ ပွက်ပွက်ဆူသွားပါတော့တယ်။ ခွေးသားစားချင်တဲ့ ကျားသစ်ရဲ့ အသက်ဘေးက လုပြီးပြေးနေတဲ့ ခွေးဟာ ဘက်ညီတဲ့ ပြေးဘက်တွေမဟုတ်ဘူး။ ကိုက်သုံးဆယ်လောက် ပြေးကြပြီးတဲ့အခါ ကျားသစ်က ရော်ဗင်ကို ဖမ်းချင်ရင် အလွယ်ရနိုင်တဲ့အခြေအနေ ရှိသွားပြီ။ ဒီအခါကျမှ ဘာပြုလို့လဲလို့ ကျွန်တော် မပြောတတ်ဘူး။ ကျားသစ်ဟာ ဘေးကိုဖဲ့ပြီး ချောက်ထဲကို ဆင်းသွားပါတယ်။ ရော်ဗင်ကလည်း တောင်စွယ်တစ်ခုကိုပတ်ပြီး ကျွန်တော့်ဆီကို ပြန်ရောက်လာပါတယ်။ အသက်ဆံဖျားတွေ့ကြုံရရှာတဲ့ ဒီသင်ခန်းစာနှစ်မျိုးကို ရော်ဗင်ဟာ သေတဲ့အထိ မမေ့ပါ။ ပထမသင်ခန်းစာက မြီးတိုမျောက်ကို လိုက်ဖမ်းရင်းကြုံရတဲ့ အန္တရာယ်နဲ့ ဒုတိယသင်ခန်းစာက မြီးတိုမျောက်ရဲ့ အန္တရာယ်အချက်ပေးသံကြားရရင် အနားမှာ ကျားသစ်တစ်ကောင်ရှိနေတယ်လို့ အဓိပ္ပာယ်ရှိတယ်ဆိုတာပါပဲ။

mgyoe.com

ရော်ဗင်အတွက် လေ့ကျင့်ခန်းကို အရင်ရပ်စဲခဲ့တဲ့ နေ့ရာကစပြီး နွေဦးပေါက်တော့ ပြန်၍စရပါတယ်။ ငယ်ငယ်က ငတ်ငတ်ပြတ်ပြတ်နဲ့ ဘယ်သူကမှ ဂရုမစိုက်ဘဲ ထားခဲ့တဲ့ဒဏ်ကို အခု ခံနေရပါတယ်။ နှလုံးအားနည်းလို့ ပင်ပန်းတကြီး အားထုတ်ကြိုးစားရတဲ့အလုပ်ကို လုပ်မိတိုင်း မေ့မြောပြီးသွားတတ်တယ်။

သေနတ်ခွေးတစ်ကောင်အဖို့ သခင်တောလည်သွားတုန်း အိမ်မှာ အထားခံရတယ်ဆိုတာထက် စိတ်ပျက်ဝမ်းနည်းစရာကောင်းတဲ့ ဒုက္ခမရှိနိုင်၊ ဒါကြောင့် ငှက်ပစ်သွားတဲ့အခါ ရော်ဗင်ကို မခေါ်သင့်လို့ ယူဆပြီး ထားရစ်ရပေမဲ့ သားကောင်ကြီးတွေ အပြင်ထွက်တိုင်း သူ့ကို ခေါ်ရတယ်။ တာဝန်သစ်ကို အလွယ်နဲ့ပဲ အောင်အောင်မြင်မြင် ထမ်းဆောင်နိုင်ပါတယ်။ နောက်တော့ ကျွန်တော် ရိုင်ဖယ်ထမ်းပြီး ထွက်တဲ့ ခရီးတိုင်း သူပါရတယ်။

ကျွန်တော်တို့ လုပ်လေ့ရှိတဲ့နည်းက မနက်စောစောထွက်လာပြီး ကျားသစ်ခြေရာဖြစ်ဖြစ်၊ ကျားခြေရာဖြစ်ဖြစ် ရှာတယ်။ တွေ့ရင် ခြေရာအတိုင်းလိုက်တယ်။ ခြေရာကို ကောင်းကောင်းမြင်နိုင်တဲ့ နေရာတွေမှာ ကျွန်တော်က ခေါင်းဆောင်တယ်။ ချုံတိုးသွားလို့ ခြေရာပျောက်ရင် ရော်ဗင်တာဝန် ဖြစ်လာပါတယ်။ ဒီနည်းနဲ့ အလိုရှိတဲ့ အကောင်ကို တွေ့တဲ့အထိ ခရီးမိုင်တွေ အများကြီး ပေါက်ရောက်ခဲ့ပါတယ်။

ခြေကျင်လျှောက်ပြီး သားကောင်နဲ့ ရင်ပေါင်တန်းက ပစ်သတ်ရတာဟာ သစ်ပင်ပေါ်က လင့်စီးပြီးသော်လည်းကောင်း၊ ဆင်ပေါ်ထိုင်ပြီးသော်လည်းကောင်း အောက်စိုက်ပြီး ပစ်သတ်ရတာထက် သားကောင်အသေမြန်တယ်။ ဒဏ်ရာရပြီး သားကောင်ကို မြေပြင်က လမ်းလျှောက်ပြီးလိုက်ရရင် မထိရင်လည်း လွဲရောဆိုတဲ့ ကံစမ်းပစ်ခတ်နည်းကို လုံးဝမသုံးဝံ့၊ ဒီလိုအခါမှာ တစ်ချက်ထိရုံနဲ့ ဗုန်းဗုန်းလဲပြီး သေလောက်တဲ့ ချက်ကောင်းကိုရွေး၊ အထက်စီးထက် မြေပြင်က ပိုအခွင့်သာတယ်။ ဘယ်လောက်ပဲ ဂရုစိုက်ပြီး ချက်ကောင်းကို ရွေးပစ်တယ်ဆိုပေမဲ့ တစ်ခါတလေ ကျားနဲ့ ကျားသစ်ကို ဒဏ်ရာရရုံထိလို့ ချက်ချင်းမသေဘဲ ချာလည်လိုက်ပြီး ရှန်းရင်းဆန်ခတ် ကန်ကျောက်ကုတ်ဖဲ့ ကိုက်ဖြတ်နေလို့ နောက်တစ်ချက်၊ နှစ်ချက်ထပ်ဆင့်ပြီး ပစ်မှ ငြိမ်သွားတတ်တယ်။ ဒီအခါမျိုးမှာ ရော်ဗင်ဟာ တစ်သက်ပန်လုံး တစ်ကြိမ်တစ်ခါကလွဲလို့ သခင်ကို စွန့်ပြေးဖူးတယ် မရှိပါ။ ပစ်ပြေးတုန်းကလည်း နောင်ပြန်လာတဲ့အခါ ကျွန်တော်က မသိလိုက် မသိဘာသာဘဲ နေခဲ့တယ်။ ကျွန်တော်တို့နှစ်ယောက်လုံး အိုမင်းကြပြီဖြစ်လို့ ယခင်ကလို စိတ်နှစိတ်ငယ် မရှိနိုင်တော့ပါ။ သူကလည်း လူတွေရဲ့

myoe.com

mgyoe.com

အသက်ခုနစ်ဆယ်ပိုင်းကို ရောက်သလို ခွေးတွေရဲ့ ခုနစ်ဆယ်ပိုင်း ရောက်နေပါပြီ။ ကျွန်တော်အခု စာရေးနေတဲ့စားပွဲနဲ့ ကပ်လျက် သူ့အိပ်ရာမှာ အိပ်နေပါပြီ။ အိပ်ရာက ထတော့မယ်မဟုတ်ပါ။ ဉာဏ်ပညာအပြည့်ပါတဲ့ မျက်လုံးညိုတွေက အပြုံးကိုဆောင်ပြီး အတိုဖြတ်ထားတဲ့ အမြီးကို နှံ့နေပြီ၊ မင်းပြောချင်လည်း ပြောပါကွယ်လို့ ခွင့်ပေးသလိုရှိလို့ ဇာတ်ကြောင်းပြန်လိုက်ပါတယ်။

ကျားသစ်ဟာ ချုံပိတ်ပေါင်းထူထပ်ရာက လှမ်းထွက်ပြီး ရပ်ပြီးတော့ ပခုံးကို ကျော်ပြီး နောက်ပြန်ကြည့်တဲ့အခါမှပဲ ကျွန်တော်တို့က သူ့ကိုမြင်တယ်။

ထွားကျိုင်းလှတဲ့ အကောင်ကြီးဖြစ်ပါတယ်။ မှောင်လို့ လှပပြောင်လက်တဲ့ အရေပေါ်က အဖြူစက်တွေဟာ နူးညံ့အိစက်တဲ့ ကတ္တီပါပေါ်မှာ သတ်သတ်တင်ထားတဲ့အတိုင်းလို့ မြင်မိပါတယ်။ တစ်ဆယ့်ငါးကိုက်ရှိတဲ့ ခြေလှမ်းတို့ အသေအချာ အေးအေးဆေးဆေးချိန်ပြီး မလွဲတမ်းမှန်တဲ့ ရိုင်ဖယ်နဲ့ သူ့လက်ယာပခုံးကို ပစ်လိုက်တယ်။ ကပ်ပြီးလွဲသွားလို့ အကွာကြီးလွဲပြီး နှလုံးကို တန်းတန်းစွဲမမှန်ရင် ချက်ချင်း မသေနိုင်။ ပစ်သွင်းတဲ့ကျည်ဟာ ခန္ဓာကိုယ်ကို ဖောက်ထွက်ပြီး ကိုက်ငါးဆယ်အကွာမှာ မြေကိုမှန်ပြီး ဖုန်ထသွားတုန်း ကျားသစ်ကြီးဟာ လေထဲကို မြောက်တက်သွားပြီး ကျွမ်းတစ်ချက်ပြန်ပြီး စောစောက ထွက်လာခဲ့တဲ့ ချုံကူရာနေရာမှာ ကျသွားတယ်။ ချုံထဲက တိုက်ခိုက်တိုးဝှေ့သွားသံကို ကိုက်နှစ်ဆယ်၊ ကိုက်လေးဆယ်၊ ကိုက်ငါးဆယ် လောက်အထိ ကြားလိုက်ရပြီးတော့ အစမှာ ချက်ချင်း ရုန်းရင်းဆန်ခတ်ဖြစ်သလို အခုချက်ချင်း ငြိမ်သွားပါတယ်။ ခုလို အသံရုတ်ခြည်းငြိမ်တာကို အဓိပ္ပာယ်နှစ်မျိုး ကောက်နိုင်တယ်။ သွားရင်း လဲသေရှာပြီ။ ဒါမှမဟုတ် ကိုက်ငါးဆယ်လောက် သွားပြီးတော့ ချုံရှင်းရာ မြေကွက်လပ်ကို ရောက်သွားပြီ။

အဲဒီနေ့အဖို့ လျှောက်ခဲ့ရတဲ့ ခရီးဟာလည်း များလှတယ်။ နေလည်း ဝင်လုပြီ၊ အိမ်ကိုရောက်ဖို့လည်း လေးမိုင်ကျန်သေးတယ်။ တောရဲ့ အစိတ်အပိုင်းကို ဖြတ်သန်းသွားတဲ့လူ မရှိသလောက်ပဲ။ အဲဒီညဘက်မှာ အဖော်ပေါ်လာကောင်းရဲ့လို့ တွေးမိရင် အပုံတစ်ထောင်စိတ်လို့ တစ်စိတ်တောင် မှန်နိုင်စရာ မရှိပါ။ ဒီထက် အရေးအပါဆုံး ဆင်ခြေကတော့ လက်နက်မပါ၊ တစ်ဦးတည်းထားခဲ့ဖို့ ခက်သလို ဒဏ်ရာရသွားတဲ့ ကျားသစ်နောက်ကို လိုက်တဲ့ခရီးမှာ အပါခေါ်ခဲ့ဖို့လည်း ခက်လှတယ်။ ဒါကြောင့် ကျားသစ်ကိုထားခဲ့ပြီး မြောက်ကိုချိုး အိမ်ဘက်ကို လာခဲ့ရတယ်။ ဒီနေရာမှာ ပြန်လာတဲ့အခါ မှတ်မိဖို့ အမှတ်အသားထားခဲ့စရာမလို၊ လွန်ခဲ့တဲ့ အနှစ်ငါးဆယ်အတွင်းမှာ

mgyoe.com

ကျွန်တော်ဟာ နေ့ကို မဆိုထားနဲ့ ညမှာတောင် အဲဒီနေရာကို အခေါက်ခေါက်ရောက်ဖူးတယ်။ မျက်နှာကို အဝတ်စည်းပြီး လွှတ်လိုက်ဦးတော့ ခိုင်းတဲ့နေရာအရောက် မမှားမယွင်းသွားနိုင်မှာပဲ။

အရင်ညနေက မပါလာတဲ့ ရော်ဗင်ကိုခေါ်ပြီး နောက်တစ်နေ့ အလင်းရောင်လာတာနဲ့တစ်ပြိုင်နက် ကျားသစ်ကို ပစ်တဲ့နေရာကို ကျွန်တော် ရောက်နေပါပြီ။ ရှေ့ကသွားနေတဲ့ ရော်ဗင်ဟာ သတိကြီးစွာနဲ့ ကျားသစ်ရပ်သွားခဲ့ဖူးတဲ့ မြေနေရာကို နမ်းရှုပ်ကြည့်တယ်။ ပြီးမှ ခေါင်းကိုမော့ လေကိုရှူရင်း ချုံထူထပ်တဲ့နေရာအစပ်ကို သွားပြန်တယ်။ ကျားသစ်အလဲမှာ သွေးတွေပန်းထွက်လို့ သွေးကွက်ကြီးများ ထင်ကျန်ရစ်တာကို မြင်ရတယ်။ သွေးကိုစစ်ဆေးပြီး ဘယ်နေရာကိုထိတဲ့ဒဏ်ရာလို့ စဉ်းစားနေစရာမလို၊ အနီးကပ်ပစ်ရလို့ ကျားသစ်ကိုယ်တွင်းကို ကျည်ဆန်ဝင်သွားတာကိုလည်း မြင်လိုက်တယ်။ တစ်ဖက်ကို ဖောက်ထွက်ပြီး မြေကိုထိလို့ ဖုန်ထသွားတာကိုပါ သတိထားလိုက်မိတယ်။

သွေးစက်ခံပြီး လိုက်ရပါမယ်။ ဒါပေမဲ့ လောလောဆယ်တော့ မှောင်ထဲမှာ စမ်းပြီး လေးမိုင် လျှောက်ခဲ့ပြီးပြီမို့ ရှေ့ကို ခရီးဆက်နိုင်အောင် ခေတ္တနားရပေဦးမယ်။ နေဝန်းထွက်ပြူစပြုပြီမို့ တောသားတောင့်ကအားလုံး လှုပ်ရှားလာကြပါတယ်။ ဒါကြောင့် ကိုယ်တိုင် ခရီးဆက်တာထက် အဲဒီတောတိရစ္ဆာန်တွေ ဘာသာဘာဝအတိုင်း ဒဏ်ရာနဲ့ ကျားသစ်အကြောင်း ပြောဆိုသတင်းပေးကြပုံကို စောင့်နားထောင်ဖို့ ပိုကောင်းတယ်။

အနားမှာရှိတဲ့ သစ်ပင်ရင်းမှာ နှင်းမခတဲ့နေရာခြောက်တစ်ကွက်ကို တွေ့ရတာနဲ့ ကျွန်တော် ထိုင်ပြီး ဆေးလိပ်ဖွာနေလိုက်တယ်။ ရော်ဗင်က ကျွန်တော့်ခြေထောက်နားမှာ ဆန့်အိပ်တယ်။ စီးကရက်တစ်လိပ်အကုန်မှာ ကျွန်တော့်အရှေ့ဘက် လက်ယာ ကိုက်ခြောက်ဆယ်လောက်ကနေပြီး ပထမ သမင်ပြောက်တစ်ကောင်၊ နောက်နှစ်ကောင်၊ နောက်သုံးကောင်တို့ အော်သံကို ကြားရတယ်။ ရော်ဗင်ဟာ ထထိုင်ပြီး ဖြည်းညင်းစွာ ကျွန်တော့်ကို ကြည့်တယ်။ ကျွန်တော့်မျက်လုံးနဲ့ ဆုံမိတဲ့အခါ တဖြည်းဖြည်း အော်မြည်နေတဲ့ သမင်ဘက်ကို ခေါင်းလှည့်ပြတယ်။ တစ်ခါက မြီးတိုမျောက်ရဲ့ အန္တရာယ်အသံပေးကို ကြားဖူးကတည်းက အတွေ့အကြုံများပြီမို့ တခြားတောကောင်တွေ သိကြသလို ရော်ဗင်ကလည်း အခု သမင်ပြောက်အော်ပုံဟာ အနီးဝန်းကျင်မှာ ကျားသစ်ရှိကြောင်း သတိပေးတယ်လို့ သိလိုက်တယ်။

mgyoe.com

mgyoe.com


သမင်အော်ပုံရဲ့အလိုတော့ ကျားသစ်ကို သူတို့က အထင်အရှား မြင်နေရတယ်လို့ဆိုပါတယ်။ နည်းနည်းသည်းခံပြီး နားထောင်ရင် အဲဒီကျားသစ်ဟာ အသေလား၊ အရှင်လားကိုတောင် ခွဲခြား ပြောနိုင်လိမ့်ဦးမယ်။ ငါးမိနစ်လောက် အော်မြည်နေရာက ရုတ်တရက် အားလုံး ပြိုင်တူအော်ကြတယ်။ ဒီနောက် သံမှန်ဆက်ပြီး အော်နေကြပြန်တယ်။ ဒါကြောင့် ကျားသစ်ဟာ လှုပ်ရှားသွားလာနိုင်တယ်လို့ သိရတယ်။ အားလုံးအသံများ ရပ်စဲသွားပြန်တယ်။ ကျားသစ်ရှိတဲ့အရပ်ကို အတိအကျသိဖို့ပဲ လိုပါတော့တယ်။ အဲဒီလိုသိနိုင်ဖို့ သမင်ပြောက်အနားကို ရောက်အောင် ချောင်းသွားဖို့ပဲ လိုပါတယ်။

လေကိုစုန်ပြီး ကိုက်ငါးဆယ်သွားမိတဲ့အခါ ချုံပိတ်ပေါင်းထူတဲ့နေရာကို ရောက်တယ်။ အဲဒီနေရာကစပြီး သမင်ကို ချောင်းရတယ်။ မခက်ခဲပါဘူး။ ရော်ဗင်ဟာ ဘယ်တောမျိုးမှာပဲဖြစ်ဖြစ် ကြောင်လိုပဲ သွားနိုင်တယ်။ ကျွန်တော်ကလည်း လေ့ကျင့်သားရပြီမို့ အသံမထွက်အောင် ခြေကို ဘယ်နေရာမျိုးမှာ ရွေးချရတယ်ဆိုတာကအစ သိတယ်။ သမင်ပြောက်တွေနဲ့ ပေအနည်းငယ်ကွာတဲ့အထိ သူတို့မသိစေအောင် ချဉ်းကပ်မိတယ်။ မြေကွက်လပ်မှာ စုရပ်ပြီး မြောက်ဘက်ကို ကြည့်နေကြတယ်။ အရင်ညနေက ဒဏ်ရာနဲ့ ကျားသစ်၊ သွေးရူးသွေးတန်းနဲ့ ပြေးပြီးနောက် လှုပ်ရှားသံ ရပ်စဲသွားတဲ့ နေရာကိုပဲ သူတို့ကြည့်နေကြတယ်လို့ ကျွန်တော် မှန်းဆမိတယ်။

အခုအချိန်အထိ သမင်ပြောက်တွေရဲ့ အကူအညီဟာ သိပ်အဖိုးတန်နေတယ်။ သူတို့ပြောပြလို့ ကျားသစ်ဟာ အသက်ရှင်လျက် ချုံလွတ်ရာ မြေပြင်မှာ ဝပ်လျက်ရှိတယ်ဆိုတာအပြင် သူရှိတဲ့ဘက်ကိုလည်း သိရတယ်။ အဲဒီလောက်သိဖို့ကို တစ်နာရီလောက် စောင့်ဆိုင်းလေ့လာရတယ်။ ခုနေအခါမျိုးမှာ ကျွန်တော်တို့ ရောက်နေကြောင်းကို အဲဒီသမင်တွေ သိပြီး လန့်အော်အော်ရင် အရင်အကျိုးပြုတာတွေအားလုံး ဆုံးရှုံးရတော့တယ်။ သူတို့ကို ထားခဲ့ပြီး ကျားသစ်ကို ပစ်ကွင်းကောင်းတဲ့ဘက်ကို ရှာဖွေသွားရမလား၊ ဒါမှမဟုတ် တခြားကျားသစ်တစ်ကောင်ရဲ့ အသံမျိုးကိုလုပ်ပြီး သူတို့ကို မောင်းလိုက်ရမလားလို့ စဉ်းစားမရနိုင်ခင် သမင်တစ်ကောင်က ကျွန်တော့်ဘက်ကို တည့်တည့် လှည့်ကြည့်ပါတော့တယ်။ တစ်စက္ကန့်အတွင်း "လူ" ကိုတွေ့တဲ့အခါတိုင်း အော်လေ့ရှိတဲ့အသံနဲ့ ကဆုန်ချပြေးကြတော့တယ်။ မြေကွက်လပ်ကိုရောက်ဖို့ ကျွန်တော့်နေရာက ငါးကိုက်လောက်ပဲ ဝေးတယ်။ ကျွန်တော်က အမြန်နိုင်ဆုံး မြန်အောင် ပြေးထွက်ပေမဲ့ ကျားသစ်က ကျွန်တော့်ထက် မြန်တယ်။ သူ့အမြီးကိုသာ

mgyoe.com

ချုံကွယ်သွားတာ မြင်လိုက်ရတယ်။ သမင်တွေက ကျွန်တော့်အတွက် အခွင့်ကောင်းကြီးတစ်ခုကို ထိရောက်အောင်မြင်စွာ ချေမှုန်းသွားပြီမို့ ကျားသစ်ကို တစ်ဖန်ပြန်ပြီး အပန်းတကြီး ရှာရဦးတော့မယ်။ ဒီတစ်ခါတော့ ရော်ဗင်ရဲ့တာဝန်ပေါ့။

ပြေးသွားတဲ့ကျားသစ် နောက်တစ်ကြိမ် ရပ်နားဖို့ အချိန်ရလောက်အောင်နဲ့ သူဖြတ်သွားတဲ့ လမ်းကြောင်းက သူ့အနံ့ လေတိုက်ခတ်လာအောင် ကျွန်တော်ဟာ မြေလွတ်တစ်နေရာမှာ မိနစ်အနည်းငယ်လောက် ရပ်နေတယ်။ အဲဒီနောက် မြောက်ဘက်က လေတိုက်နေတာနဲ့ လေကြောင်းကိုဖြတ်ပြီး အနောက်ကို ကျွန်တော်နဲ့ ရော်ဗင် ထွက်ခဲ့ကြတယ်။ ရှေ့ကသွားနေတဲ့ ရော်ဗင်ဟာ ကိုက်ခြောက်ဆယ်ကျော်လောက် အရောက်မှာ လေတိုက်နေတဲ့ဘက်ကို မျက်နှာမူလိုက်တယ်။ တောထဲမှာ ရော်ဗင်ဟာ ဟောင်လေ့မရှိဘူး။ အသံမထွက်အောင် ထိန်းထားနိုင်တယ်။ ဒါပေမဲ့ ကြောက်စိတ်ကိုတော့ မထိန်းနိုင်ဘူး၊ ကျားသစ်ကိုမြင်ရင် ဒါမှမဟုတ် ကျားသစ်အနံ့ကို စူးစူးရှရှရရင် ကျောစိမ့်ပြီး ခြေမွေးတွေ ထောင်လာတတ်တယ်။

အခု ကျွန်တော်တို့တစ်တွေ ရောက်နေတဲ့အရပ်ကို မနှစ်နွေတုန်းက လေပွေပြင်းပြင်း မွှေ့ယမ်းထားလို့ သစ်ပင်အများအပြားပဲ အမြစ်ကျွတ်လဲပြိုနေတယ်။ လဲနေတဲ့ သစ်ပင်တွေနဲ့ ကျွန်တော်တို့နဲ့ဟာ ကိုက်ငါးဆယ်လောက်ပဲ ကွာသေးတယ်။ အဲဒီနေရာကို ရော်ဗင်ဟာ စူးစူးစိုက်စိုက် ကြည့်နေပါပြီ။ သစ်ပင်ရဲ့ အကိုင်းဖျားတွေဟာ ကျွန်တော်တို့ဘက်ကို ကျနေတယ်။ ပင်စည်ရဲ့ ဝန်းကျင်မှာ ချုံငယ်တွေရှိတယ်။

ဒီလိုအခါမျိုးကြုံရင် အများအားဖြင့် ကိုယ်လိုရာကို တန်းသွားလေ့ရှိကြတဲ့ ကျွန်တော်တို့ဟာ အခုအကြိမ်မှာတော့ မသွားရဲကြတော့ဘူး။ ကျားသစ်ဆိုတဲ့ အကောင်မျိုးဟာ ဒဏ်ရာရှိရင် အကြောက်အလန့်မရှိတတ်၊ အခု ကျားသစ်ဟာလည်း ဒဏ်ရာရပြီးတာ တစ်ဆယ့်ငါးနာရီရှိပြီးဖြစ်လို့ အလွန်အမင်း စိတ်ဆိုးနေပါတယ်။ ဒါကြောင့် အထူးသတိထားပြီး သူ့အပါးကို ချဉ်းကပ်မှ ဖြစ်ပေလိမ့်မယ်။

မနက် အိမ်ကထွက်စက အရင်ညနေက သုံးလက်စ ပွိုင့် ၂၇၅ ရိုင်ဖယ်ကို ကောက်ကိုင်ခဲ့မိတယ်။ မိုင်ပေါင်းများစွာ လမ်းလျှောက်ရမယ်ဆိုရင် ဒီသေနတ်မျိုးက ပေါ့ပါးလို့ ကောင်းတယ်။ ဒါပေမဲ့ ဒဏ်ရာရပြီး ကျားသစ် ခုန်ထွက်လာရင် တုံးခနဲ လဲသွားအောင် ပစ်လှဲနိုင်တဲ့ သတ္တိတော့ မရှိဘူး။ အဲဒါကြောင့် သူရှိမယ့် ပြိုလဲနေတဲ့ သစ်ပင်ရှိရာကို ဖြတ်မတက်ဘဲ အဲဒီအပင်နဲ့ ဆယ့်ငါးကိုက်ကွာလောက်က မြှောင်ပြီး လျှောက်တယ်။ ရော်ဗင်က တစ်လှမ်းချင်း ရှေ့ကသွားပြီး သစ်ကိုင်းများ ရှုပ်တဲ့အပိုင်း

mgyoe.com

mgyoe.com

အလွန် ပင်စည်တည့်တည့်ကို ရောက်တဲ့အခါ ရပ်လိုက်တယ်။ သူလှမ်းကြည့်တဲ့နေရာကို ကျွန်တော်က ကြည့်နေတုန်း ကျားသစ်ရဲ့ အမြီးဖျားဟာ တဖြည်းဖြည်း ကြွတက်ပြီး ပြန်ကျသွားတာကို မြင်လိုက်တယ်။ ခုန်အုပ်တော့မယ့် ကျားသစ်တွေရဲ့ ထုံးစံဟာ မခုန်ခင် အမြီးကို အသာကြွပြီး ပြန်ချတတ်တယ်။ ခြေဖနောင့်ထောက်ပြီး ကိုယ်ကို ညာဘက်လှည့် ရိုင်ဖယ်ကို ပခုံးတင်လိုက်တုန်းမှာပဲ ချုံတွေကိုဖြတ်ပြီး သစ်တုံးကွယ်က ဘွားခနဲ ကျားသစ်ခုန်အုပ်ပါတော့တယ်။ ကျွန်တော်ပစ်တဲ့ ကျည်ဆန်ဟာ သူ့ကို သေအောင်သတ်နိုင်ဖို့ မဆိုထားနဲ့ ထိတောင်မှ ထိပါ့မလားမသိ။ ဒါပေမဲ့ သေနတ်သံကြောင့် လန့်ပြီး သူ နည်းနည်းလောက် တွန့်ဆုတ်လိုက်မယ်ဆိုရင် သူမှန်းသလို မခုန်ဖြစ်ဘဲ လမ်းနည်းနည်းလွဲကောင်းတယ်လို့ မျှော်လင့်ပြီး ပစ်ပါတယ်။ ဗိုက်အောက်က ကျည်ဆန်သွားပြီး ဘယ်ဘက်ပေါင်သားကို ဖောက်ထွက်သွားပါတယ်။ မျှော်လင့်တဲ့အတိုင်းပဲ သေနတ်သံကြောင့် နည်းနည်းတွန့်သွားတာနဲ့ ကျွန်တော့် ညာဘက်ပခုံးစွန်းကိုတောင် မထိဘဲ ကပ်လွဲသွားပါတယ်။ နောက်တစ်ချက် မပစ်နိုင်ခင် ချုံထဲကိုဝင်ပြီး ပျောက်သွားတော့တယ်။

အဲဒီတစ်ခဏမှာပဲ ကျွန်တော့်ခြေနားမှာ ရပ်နေတဲ့ ရော်ဗင်ဟာ နည်းနည်းမှ မလှုပ်ဘဲ ငြိမ်နေတယ်။ ပြီးမှ ကျားသစ်ကျသွားတဲ့ မြေကို သွားလေ့လာတယ်။ သွေးကွက်တွေအများကြီးပဲ တွေ့ရတယ်။ ဒါပေမဲ့ အခု အသစ်ရတဲ့ဒဏ်ရာက ထွက်တာလား၊ ဒါမှမဟုတ် ဒဏ်ရာဟောင်းက အခုလို အားသွန်ခုန်လိုက်လို့ ပန်းထွက်လာတာလား၊ ခွဲပြောရဖို့ ခက်လှတယ်။ ရော်ဗင်အဖို့တော့ ဒီကိစ္စဟာ ကြီးကျယ်တဲ့ အရေးမဟုတ်၊ ခြေရာခံလိုက်ဖို့ပဲ ရှိတယ်။ ချုံကိုတိုးပြီး အတန်ငယ်သွားမိရင် ဒူးဆစ်လောက်မြင့်တဲ့ အပင်ငယ်တွေသာရှိတဲ့နေရာကို ရောက်တယ်။ ကိုက်နှစ်ရာလောက်သွားမိတဲ့အခါ ကျားသစ်ဟာ ဆယ့်နှစ်ရာသီပင် ချုံကြီးကြီးထဲကို ဝင်သွားတာ မြင်ရတယ်။ ပစ်ခွင့်မရလိုက်ဘူး။ အဲဒီချုံထဲမှာ တဲအိမ်ငယ်တစ်လုံးစာလောက်ရှိပြီး အကိုင်းအခက်တွေ မြေထိအောင် ကျဆင်းပိတ်ဖုံးနေတဲ့အတွက် အဲဒီအထဲကနေ နောက်တစ်ကြိမ်ခုန်အုပ်ဖို့ ကောင်းလှတဲ့အကာအကွယ်ပဲ ဖြစ်ပါတယ်။

အဲဒီမနက်ရဲ့ စွန့်စားခန်းမှာ ဘေးမသီရန်မခဘဲ အသက်ဘေးက လွတ်မြောက်ခဲ့ပေပြီ။ အခုအခြေအနေမှာ ဆက်မလိုက်သင့်တာနဲ့ အထွေအထူး မစဉ်းစားတော့ဘဲ လှည့်ပြန်ခဲ့ကြတယ်။

နောက်တစ်မနက်မှာ တိုက်ပွဲဆင်းခဲ့ပြန်တယ်။ စောစောခရီးထွက်ဖို့ ရော်ဗင်က

mgyoe.com

နှိုးဆော်တယ်။ လမ်းရဲ့ မနက်ခင်းရဲ့ စိတ်ပါဝင်စားဖွယ် အနံ့အသက်ကို လျစ်လျူပြုပြီး သွားတယ်။ ပြေးသွားလို့မှ ရမယ်ဆိုရင် ဒီလေးမိုင်ကို ကျွန်တော် ပြေးပြီးတော့တောင် လိုက်ရလိမ့်မယ်ထင်တယ်။

အခုယူခဲ့တဲ့ လက်နက်ဟာ ၄၅၀/၄၀၀ အမျိုးဖြစ်လို့ အရင်အကြိမ်တွေကထက် အားရှိတယ်။ တစ်ဆယ့်နှစ်ရာသီ ချုံကြီးနဲ့ ကိုက်ပေါင်း တော်တော်များများ အကွာကတည်းက ရော်ဗင်ကို အရှိန်သတ်စေပြီး ဖြည်းဖြည်း သွားခိုင်းရတယ်။ ဒဏ်ရာရှိတဲ့ သတ္တဝါမှန်ပေမဲ့ မနေ့က တွေ့ခဲ့တဲ့နေရာမှာပဲ ဒီနေ့တွေ့ရဦးမယ်လို့ မျှော်မှန်းထားလို့ မဖြစ်နိုင်ပါ။ ထင်တဲ့အတိုင်းလည်း မှန်နေတာ တွေ့ရတယ်။ အောက်မှာပါတဲ့ ဝမ်းနည်းစရာအဖြစ်အပျက်မှာ အဲဒီလိုကြုံဖူးတယ်။

အသိအမဲလိုက်ဝါသနာအိုးတစ်ဦးဟာ ညနေခင်း ကျားပစ်ထားခဲ့ပြီးနောက် လူအားနှင့် နောက်တစ်နေ့ သွေးစက်ခံလိုက်တယ်။ သူ့သေနတ်ကို တပည့်တစ်ယောက်က ထမ်းယူခဲ့ရတယ်။ ကျားကို အရင်နေ့က ထားခဲ့တဲ့နေရာကိုရောက်ဖို့ တစ်မိုင်လောက်အလိုမှာ ရှေ့ဆုံးကသွားတဲ့ ဒေသကျွမ်းသူ မုဆိုးဟာ ကျားနဲ့တည့်တည့် ဝင်တိုးတဲ့အတွက် အသတ်ခံရတယ်။ ကျန်တဲ့လူတွေထဲက တချို့လည်း သစ်ပင်အတက်မြန်လို့ လွတ်သွားတယ်။ တချို့လည်း အပြေးသန်လို့ လွတ်သွားတယ်။

အရင် ဆယ့်နှစ်ရာသီချုံကြီးကို ကောင်းကောင်းမှတ်မိတာနဲ့ အဲဒီချုံကို ကိုက်အနည်းငယ်က ဝိုက်ပြီး လေအောက်က ရော်ဗင်ကို သွားစေတယ်။ လေကို စုန်ဖြတ်ပြီး လိုချင်တဲ့သားကောင်ကို ရှာတဲ့နည်းပရိယာယ်ကို ရော်ဗင် တတ်ကျွမ်းပြီးသားဖြစ်တယ်။ ချုံကြီးနဲ့ ကိုက်တစ်ရာမှာ ရော်ဗင်ရပ်တယ်။ လေတင်ဘက်ကို မျက်နှာမူလိုက်တာနဲ့ ကျားသစ် ဘယ်နေရာမှာရှိပြီလို့ ရော်ဗင်သိနေကြောင်း ကျွန်တော် နားလည်တယ်။ အရင်နေ့ကလိုပဲ ပြုလဲနေတဲ့ သစ်ပင်ဘက်ကို ရော်ဗင်ကြည့်နေတယ်။ ကျွန်တော်တို့ဘက်မှာ မြေပြင်ရှင်းရှင်းဖြစ်နေပေမဲ့ သစ်ပင်တစ်ဖက်မှာ ချုံပိတ်နေတယ်။ မူလလာတဲ့ လမ်းရိုးအလိုက် ဆက်သွားဖို့ ရော်ဗင်ကို အရိပ်အခြည်ပြလိုက်တယ်။ သူဟာ မနေ့က ကျားသစ်ဝင်သွားတဲ့ ချုံကြီးကို အလျဉ်းဂရုမပြုဘဲ မိုးရေတိုက်စားလို့ ရိုးဖြစ်နေတဲ့ နေရာကို အရောက်သွားတယ်။ ရိုးကိုရောက်တဲ့အခါ ကျားသစ်ကို ခဲနဲ့ပေါက် ရန်စချင်တာနဲ့ ရိုးထဲက ကျောက်ခဲတွေကိုကောက်ပြီး အပေါ်အင်္ကျီကို ချွတ်ထုတ်ရင်း ထမ်းခဲ့ပြီးမှ အရင်သစ်ပင်နဲ့ တည့်တည့်နေရာကို ပြန်ခဲ့တယ်။ သစ်ပင်နဲ့ ဆယ့်ငါးကိုက်ကွာမှာ ကျောက်ခဲကို ပုံလိုက်တယ်။ အပေါ်အင်္ကျီကို ပြန်ဝတ်ပြီး အသင့်ပစ်ဖို့ သေနတ်ကို

mgyoe.com

mgyoe.com

ပြင်ဆင်ပြီးမှ ခဲတစ်လုံးချင်း ကောက်ပြီး သစ်ပင်ကို ပထမပေါက်တယ်။ နောက် သစ်ပင်ကိုကျော်ပြီး ချုံထဲကို ပေါက်တယ်။ ကျားသစ် အသက်ရှင်နေသေးပေမဲ့ စိတ်မာန်ထွက်ပြီး ခုန်ထွက်လာရင် ပစ်ဖို့လွယ်တယ်။ ခဲကုန်ရင် ချောင်းဟန့်ချင်တာတို့၊ လက်ခုပ်တီးတာတို့ လုပ်ပြန်တယ်။ ဘာသံမှ မကြားရဘူး။

ဆုတ်ဆိုင်းခြင်းမရှိဘဲ သစ်ပင်ရှိရာကို ရဲရဲသွားပြီး တစ်ဖက်ကို ကျော်ကြည့်နိုင်လောက်အောင် စိတ်ချရပြီ။ ဒါပေမဲ့ အရေခွံဆုတ်ပြီးမှ ကျားသစ်ကို သေပြီလို့ စိတ်ချပါ ဆိုတဲ့ ရှေးစကားကို သတိရတာနဲ့ သစ်ပင်ကို ဝိုက်ဝိုက်ပြီး လျှောက်မယ်၊ တစ်ခါတက် တစ်ခါအဝိုက် ကျဉ်းသွားမယ်လို့ ဆုံးဖြတ်ပြီး ပထမတစ်ခေါက်မှာ သစ်ပင်နဲ့ နှစ်ဆယ့်ငါးကိုက်ခွာပြီး ပတ်တယ်။ စက်ဝိုင်းရဲ့ သုံးချိုးနှစ်ချိုး ကုန်တဲ့အခါ ရော်ဗင်ဟာ ရုတ်တရက်ရပ်လိုက်တယ်။ ဘာများပါလိမ့်လို့ ကျွန်တော် ကြည့်တုန်းမှာ လည်ချောင်းထဲက ထွက်တဲ့ စိတ်ဆိုးမာန်ဆိုး ဟိန်းသံနဲ့အတူ ကျွန်တော်တို့ဆီကို ကျားသစ်ပြေးလာတယ်။ ဒါပေမဲ့ သူ့ကိုမြင်ရတာမဟုတ်ဘူး။ ချုံငယ်တွေ လှုပ်ရှားတာသာ ဗွတ်ကြောင်းထလာခြင်းဖြစ်တယ်။ လက်ယာဘက်ကို တစ်ခြမ်းစောင်းပြီးပစ်ဖို့ သေနတ်ကို အသင့်ပြင်ပြီးချိန်မှာ ကျွန်တော်တို့နဲ့ နည်းနည်းလောက်ပဲ ကွာတဲ့နေရာက ကျားသစ်ခေါင်း ထွက်လာပါတယ်။

ကျွန်တော်က သေနတ်မောင်းဖြုတ်ချိန်နဲ့ သူခုန်အုပ်ချိန်ဟာ တစ်ပြိုင်နက်တည်း ဖြစ်တယ်။ လက်ဝဲဘေးကို တစ်လှမ်းဖယ် ကိုယ်ကို နောက်လှန်ကာ ကျွန်တော့်ကို ဖြတ်ပြီး လွန်သွားတဲ့ ကျားသစ်ကို တစ်ကြိမ် ထပ်ပစ်ရတယ်။

ဒဏ်ရာရထားတဲ့ ကျား ဒါမှမဟုတ် ကျားသစ်ဟာ တစ်ရှိန်ထိုးထွက်ရန်မူတတ်ပေမဲ့ အရှိန်လွန်ပြီး ရှေ့ကိုကျွံသွားရင် နောက်တစ်ခါ လှည့်မလာတတ်တော့ဘူး။

ကျားသစ်ကို ရှောင်တိမ်းရတုန်းက ရော်ဗင်ကို နင်းမိမှာစိုးလို့ ကျွန်တော်ဟာ ဘယ်ဘက်ကို တိမ်းခဲ့ပါတယ်။ ဒါပေမဲ့ အောက်ကို ငုံ့ကြည့်လိုက်တဲ့အခါ ရော်ဗင်ကို အစအနမျှတောင် မမြင်ရတော့ဘူး။ အတူအမဲလိုက်ခဲ့ကြတာဟာ နှစ်အတော်ကြာခဲ့ပါပြီ၊ အခုလို အကျဉ်းအကျပ်ထဲမှာ ရော်ဗင် ကျွန်တော့်ကို စွန့်ပြေးတာဟာ အခု ပထမဆုံးအကြိမ်ပဲ ဖြစ်ပါတယ်။ အိမ်အရောက် ပြေးလေမလား၊ တောတွင်းလေးမိုင်ခရီးမှာ အန္တရာယ်တွေ ရှိသေးတယ်။ တောရဲ့ ဘေးရန်တွေအပြင် နေလို့လည်း အခုလို စိတ်ချောက်ချားတဲ့အခါမှာ ပူပန်စိတ်တွေနဲ့ ရော်ဗင်ကိုရှာဖို့ ကျွန်တော် ခြေဦးလှည့်ရတယ်။ ဒီတော့မှ ကိုက်တစ်ရာအကွာ မြေကွက်လပ်ထဲက သစ်ငုတ်တိုရဲ့ ဘေးကနေ

mgyoe.com

ရော်ဗင် ခေါင်းပြူလာတာကို မြင်ရတယ်။ လက်ပြပြီး လှမ်းခေါ်လိုက်တဲ့အခါ ချုံထဲကို ဝင်ရောက် ပျောက်ကွယ်သွားတယ်။ နောက်မှ မကြာခင် မျက်လွှာချပြီး နားရွက်ကုပ်ကာ ကျွန်တော့်ခြေထောက်နားကို တဖြည်းဖြည်း တိုးဝင်လာပါတယ်။ ရိုင်ဖယ်ကို မြေမှာချပြီး သူ့ကို မြှောက်ချီလိုက်တဲ့အခါ သူ့တစ်သက်မှာ ဒုတိယအကြိမ်မြောက် ကျွန်တော့်မျက်နှာကို လှမ်းပြီး လျှာနဲ့လျက်ပါတယ်။ နှုတ်သီးကလည်း အသံတိုးတိုး ထွက်လာပါတယ်။ ဒဏ်ရာအထိအခိုက်မရှိတာကို ဝမ်းသာကြောင်း၊ ထွက်ပြေးမိတဲ့အတွက် ရှက်ကြောင်းလို့ ဆိုဟန်တူတယ်။

နားနဲ့ကြားရပေမဲ့ မမြင်ရတဲ့၊ ရုတ်တရက် မမျှော်လင့်ဘဲ လာတတ်တဲ့ အန္တရာယ်နဲ့ ရင်ဆိုင်ရတဲ့အခါ လူနဲ့ခွေးတို့ ဘယ်လိုလုပ်တတ်တာကို သရုပ်ဖော်ခန်းပါပဲ။ ခွေးက အသံမကြားရအောင် မြန်မြန် ပြေးပုန်းတယ်။ လူက မှင်တက်မိပြီး မလှုပ်မရှား ရပ်နေမိတယ်။ ဖြည်းဖြည်းသော်လည်းကောင်း၊ မြန်မြန်သော်လည်းကောင်း နောက်ဆုတ်ဖို့ မဖြစ်နိုင်ဘူး။

ခဏလောက် ကျွန်တော့်ကို စွန့်ပြီး ပြေးတဲ့အတွက် ဘယ်လိုမှ အပြစ်မဆိုကြောင်း ရော်ဗင်ကျေနပ်အောင် ကျွန်တော်က ပြောတဲ့အခါမှ တုန်နေတဲ့ သူ့ကိုယ်ကလေးဟာ အတုန်ရပ်သွားတယ်။ သူ့ကို မြေပေါ် အသာအယာပြန်ချပြီးတဲ့နောက် အစွမ်းကုန် တိုက်ခိုက်ပြီး ရန်သူကို သတ်ရတဲ့အထိ အောင်မြင်လုနီးနီးရှိကာမှ သူကိုယ်တိုင် သေရရှာတဲ့ ကျားသစ်အသေကောင်ရှိရာကို ကျွန်တော်တို့ သွားပြီး ကြည့်ကြတယ်။

ပြောလိုတဲ့ဇာတ်လမ်းဆုံးပါပြီ။ ဒီစာကို ရေးဆဲမှာ စိတ်သဘောထား အပြည့်ဝဆုံး၊ လူ့အပေါ်မှာ သစ္စာအရှိဆုံးဖြစ်တဲ့ ရော်ဗင်ဟာ တမလွန်ဘဝရဲ့ မြိုင်သာယာဆီကို ကျွန်တော့်အလာကို ကြိုဆိုဖို့ တင်ကူးပြီး သွားနှင့်ပါပြီ။

❒

mgyoe.com

mgyoe.com

# ချောင်းဂါးကျားများ

## [ ၁ ]

**အ** ရှေ့ကူမာအောင် မြေပုံကို ကျွန်တော့်စားပွဲရှေ့နံရံမှာ ချိတ်ဆွဲထားတယ်။ ဒီမြေပုံမှာ ကြက်ခြေပြထားတဲ့နေရာတွေ အများကြီးတွေ့မယ်။ ကြက်ခြေခတ်တိုင်းရဲ့အောက်မှာ ရက်စွဲကိုလည်း ရေးထားတယ်။ ချောင်းဂါးလူစားကျားရဲ့ အောင်ပွဲတိုင်းကိုလာပြီး တိုင်တန်းတဲ့အခါတိုင်း အရပ်နဲ့ ရက်စွဲကို ရေးမှတ်ထားတာ ဖြစ်ပါတယ်။ ကြက်ခြေ ခြောက်ဆယ့်လေးခုရှိတယ်။ လူကို ကျားချီတိုင်း ရေးမှတ်ဖို့ အဲဒီမြေပုံကို ချိတ်ထားတာဟာ နှစ်နှစ်ရှိပါပြီ။ ကိုက်ချီတိုင်းလည်း အမြဲ သတင်းမရ၊ ကျားချီသွားပေမဲ့လည်း ဒဏ်ရာရရုံလောက်ဆိုရင် မမှတ်။ အဲဒီဒဏ်ရာနဲ့ပဲ နောင်အခါ သေတဲ့သူတွေလည်း ရှိပါတယ်။ တကယ်တော့ ကျားရန်ကြောင့်ပဲ သေဆုံးရတဲ့ လူအရေအတွက်ဟာ ခြောက်ဆယ့်လေးယောက်ထက် ပိုရမှာပဲ ဖြစ်တယ်။

ပထမကြက်ခြေမှာ ၁၉၂၅ ခု၊ ဒီဇင်ဘာ ၁၅ လို့ တွေ့ရပြီး နောက်ဆုံးကြက်ခြေဟာ ၁၉၃၀ ပြည့် မတ် ၂၁ ဖြစ်တယ်။ မြောက်အကျဆုံး ကြက်ခြေနဲ့ တောင်အကျဆုံး ကြက်ခြေအတွင်းမှာ မိုင်ပေါင်း ၅၀၊ အရှေ့နဲ့အနောက် မိုင် ၃၀၊ ကျားရဲတဲ့ တောတောင် ရေမြေကတော့ စတုရန်းမိုင် ၁၅၀၀ ရှိပြီး ဆောင်းအခါမှာ ဆီးနှင်းဖုံးနေတယ်။ နွေမှာ လောင်ကျွမ်းမတတ် ပူပြင်းတဲ့ဒေသ ဖြစ်ပါတယ်။ အဲဒီအရပ်မှာ ရွာများ ပျံ့နှံ့နေပြီး တချို့ရွာတွေမှာ လူတစ်ရာကျော်နေတယ်။ တချို့ရွာမှာတော့ သားချင်းသုံးလေးယောက် စုနေတဲ့ အိမ်စုငယ်လောက်ပဲ ဖြစ်ပါတယ်။ တစ်ရွာနဲ့တစ်ရွာ ကူးလူးဆက်ဆံဖို့ ခြေသွားလမ်းတွေရှိတယ်။ တချို့လမ်းဟာ တောထူတဲ့နေရာက ဖြတ်သွားတဲ့အတွက် ကျားအန္တရာယ်ပေါ်လာတဲ့အချိန်ကစပြီး မသွားရဲကြတော့လို့ တစ်ရွာက တစ်ရွာကို အော်ဟစ်ပြီး သတင်းပို့ကြရတယ်။ အိမ်ခေါင်မိုး၊ တောင်ပို့ စတဲ့ မြင့်မားတဲ့နေရာက ချီးကူသံပေး

mgyoe.com

mgyoe.com



mgyoe.com

ပြီး နောက်တစ်ရွာက ချိုးကူသံ ပြန်ပေးတော့မှ ပြောရမယ့် စကားကို အသံကုန်ဟစ်ရတယ်။ ဒီလို အဆင့်ဆင့်ပြောရင်း အချိန်တိုတိုအတွင်းမှာ တစ်နယ်လုံးသိအောင် သတင်းဖြန့်နိုင်တယ်။

ခရိုင်အစည်းအဝေး (၁၉၂၉ ခု၊ ဖေဖော်ဝါရီလ) တစ်ခုက အဲဒီကျားကို နှိမ်နင်းဖို့ ကျွန်တော့်ကို တာဝန်ပေးလိုက်တယ်။ အဲဒီတုန်းက ကူမာအောင်တိုင်းမှာ လူစားကျား သုံးကောင် မင်းမူနေတယ်။ အဲဒီထဲက ချောင်းဂါးကျားဟာ အဆိုးဆုံး၊ လူအသတ်ဆုံး ဖြစ်လို့ သူ့ကို ပထမဦးဆုံးသတ်ဖို့ ကျွန်တော် အာမခံလိုက်တာ ဖြစ်တယ်။

ကြက်ခြေတွေနဲ့ မှတ်သားလာတဲ့ အဲဒီမြေပုံအရ လူစားကျားဟာ ကလအဂါ တောင်ရိုးရဲ့ မြောက်နဲ့ အရှေ့ခြမ်းမှာ အတင့်ရဲဆုံးဖြစ်တယ်။ အဲဒီတောင်ရိုးဟာ မိုင်လေးဆယ်လောက်ရှည်ပြီး ပေ ၈၅၀၀ မြင့်တယ်။ အမြင့်ဆုံးအပိုင်းတွေမှာ တောအထူထပ်ဆုံးဖြစ်တယ်။ တောလမ်းဟာ ရိုးမရဲ့ မြောက်ဘက်တစ်လျှောက်မှာ တန်းပြီး တချို့အပိုင်းမှာ ဝက်သစ်ချနဲ့ ဇလပ်နီပင်တွေ သိပ်ထူတဲ့တောကို ဖြတ်ရတယ်။ တချို့အပိုင်းမှာတော့ တောနဲ့ စိုက်ပျိုးခင်းတွေကြားက သွားရတယ်။ တစ်နေရာမှာ လမ်းဟာ ကြိုးခွေလို ကွေ့ဝိုက်နေတယ်။ အဲဒီကွေ့ကြီးအတွင်းမှာ ကလအဂါသစ်တောဌာနရဲ့ တည်းခိုစခန်းရှိတယ်။ ပေ ၄၀၀၀ ကို အပြင်းတက်ပြီး လေးရက်လမ်းလျှောက်ပြီးတဲ့နောက် ၁၉၂၉ ခု၊ ဧပြီလရဲ့ တစ်ညနေမှာ ကျွန်တော်ဟာ အဲဒီစခန်းကို ရောက်သွားတယ်။ အဲဒီနယ်မှာ နောက်ဆုံး ကျားစားခံရတဲ့သူဟာ နွားကျောင်းနေတဲ့ အသက် ၂၂ နှစ်အရွယ် လူငယ်ဖြစ်တယ်။ ကျွန်တော့်ဆီကို နောက်တစ်နေ့ မနက်စာစားနေတုန်းမှာပဲ အဲဒီလူငယ်ရဲ့အဘွား ရောက်လာတယ်။

အဘွားက သူ့မှာ တွယ်တာစရာဆိုလို့ တစ်လောကလုံးမှာ မြေးတစ်ယောက်သာရှိတယ်။ ကျုပ်မြေးငယ်က ကျားကို ဘယ်လိုမှ မမှုပါဘဲနဲ့ ကျားက သက်သက်ရိုင်းပျစော်ကားတာ ဖြစ်ပါတယ်။ မြေးကလေးမွေးတဲ့အခါတုန်းကစပြီး ကျားစားခံရတဲ့အထိ ရာဇဝင်ကြောင်းနဲ့ လိမ္မာပုံတွေကို ပြောပြရင်း အဲဒီကျားဆိုးကို ကလဲ့စားချေလိုတဲ့အတွက် မိမိပိုင် နို့စားကျွဲမ သုံးကောင်ကိုယူပြီး ထောင်ဖမ်းဖို့ အတင်းပေးအပ်နေပါတယ်။ အဲဒီတိရစ္ဆာန်တွေကို သုံးဖို့မလိုပါ။ ဒါပေမဲ့ ငြင်းပယ်ရင် စိတ်ကွက်သွားမှာစိုးတာနဲ့ ကျွန်တော့်မှာ နိုင်နီတာက ကျွဲပျိုလေးကောင် ပါလာခဲ့တယ်၊ အဲဒီကျွဲတွေကုန်လို့မှ ကျားကို မမိသေးရင် အဘွားရဲ့ကျွဲတွေကို ယူပါ့မယ်လို့ အာမခံလိုက်ရတယ်။ အနီးအနားတွေက သူကြီးတွေ ရောက်လာကြတဲ့အခါ ပြောပြကြလို့ ကျားကို မှိုင်

mgyoe.com

၂၀ ကွာမှာရှိတဲ့ ရွာတစ်ရွာမှာ အရင်ဆယ်ရက်လောက်က တွေ့လိုက်ရတယ်။ အဲဒီရွာဟာ တောင်ရိုးရဲ့ အရှေ့ဘက်အဆင်းမှာရှိပြီး အဲဒီရွာက လင်မယားနှစ်ယောက်စလုံးကို ကျားက သတ်စားသွားပါတယ်လို့ သတင်းပေးကြတယ်။

ဆယ်ရက်ကြာတယ်၊ ခြေရာကို ကောက်ဖို့မဖြစ်နိုင်။ အဲဒါကြောင့် သူကြီးတွေနဲ့ အကြာကြီး တိုင်ပင်ညှိနှိုင်းပြီး နောက်ဆုံး တောင်ရိုးရဲ့ အရှေ့ဘက်မှာရှိတဲ့ ဒါလကနိယ ရွာကိုသွားဖို့ သဘောတူကြတယ်။ ဒါလကနိယဟာ အခု ကလအဂါနဲ့ ဆယ်မိုင်ကွာပြီး လင်မယားနှစ်ယောက်စလုံး သေတဲ့ရွာနဲ့လည်း အဲဒီလောက်ပဲ ဝေးတယ်။

ဖော်ပြခဲ့တဲ့မြေပုံမှာ ဒါလကနိယဝန်းကျင်မှာ ကြက်ခြေအများအပြား ရေးမှတ်ပြီး ရှိလို့ အဲဒီအရပ်မှာပဲ ကျားဆိုးရဲ့ ခိုအောင်းတဲ့ဒေသ ဖြစ်နိုင်စရာအကြောင်းရှိတယ်။

နောက်တစ်နေ့ မနက်စာစားပြီးတဲ့အခါ ကလအဂါက ထွက်ခဲ့တယ်။ တောလမ်းအတိုင်းလိုက်ရင် တောင်ရိုးရဲ့အစပ်ကို ရောက်မယ်။ အဲဒီက ကုန်းဆင်း နှစ်မိုင်သွားရင် ဒါလကနိယကိုရောက်မယ်လို့ လမ်းညွှန်လိုက်ကြတယ်။ အဲဒီလမ်းဟာ တောနက်ရာဖြတ်သွားရလို့ အသုံးအစွဲနည်းတယ်။ ခြေရာတွေ့လိုတွေ့ငြား ဖြည်းဖြည်းသွားတာနဲ့ ကုန်းဆင်းလမ်းမြောင်ကို ညနေ ၂ နာရီမှရောက်တယ်။ ဒါလကနိယက အကြိုလာသူတွေနဲ့ အဲဒီလမ်းမြောင်ရဲ့အစမှာ တွေ့ပါတယ်။ ချိုးကူတဲ့စနစ်နဲ့ သတင်းပို့ထားလို့ လာကြတာဖြစ်တယ်။ အဲဒီမနက်ကတော့ သူတို့ရွာက မြောက်ဘက် ဆယ်မိုင်ကွာမှာ ရှိတဲ့ရွာမှာ အုပ်စုဖွဲ့ပြီး ကောက်ရိတ်နေတဲ့ အမျိုးသမီးတွေကို ကျားလိုက်ဆွဲတဲ့သတင်း ပေးကြတယ်။ ကျွန်တော့်ပစ္စည်းတွေကို သယ်ယူလာတဲ့ တပည့်တွေဟာ အဲဒီသတင်းရတဲ့ရွာအထိ ဆက်ပြီးသွားဖို့ ဝန်မလေးပါလို့ ပြောကြပေမဲ့ လမ်းကြမ်းလှတဲ့အတွက် ဒလကနိယရွာကပဲ စောင့်ကြတော့လို့ အမိန့်ပေးပြီး ကျွန်တော်တစ်ယောက်တည်း ခရီးဆက်ဖို့ ဆုံးဖြတ်ပါတယ်။ တပည့်တွေက ချက်ချင်းပဲ စားသောက်ဖွယ်ရာတွေကို ပြင်ဆင်ပေးလို့ ကောင်းစွာ စားပြီး ညနေ ၃ နာရီမှာ ဆယ်မိုင်ခရီးကို တစ်ယောက်တည်း လာခဲ့တယ်။ လမ်းကောင်းရင် နှစ်နာရီခွဲလောက်နဲ့ အဲဒီဆယ်မိုင်ကို သက်သက်သာသာ ရောက်နိုင်တယ်။ ဒါပေမဲ့ အခုလမ်းဟာ ဆိုးလှတယ်။ တောင်ရဲ့ အရှေ့မျက်နှာစာမှာ ရှိတဲ့ အဲဒီလမ်းဟာ အကွေ့အကောက်များတဲ့အတွက် လျှိုမြောင်ဆင်းလိုက်၊ ကျောက်တောင်ကုန်းကို ကျော်လိုက်၊ ချုံပိတ်ပေါင်း ထူထပ်ရာကို ဖြတ်လိုက်နဲ့ သွားရတယ်။ သေမင်းဟာ တောပုန်းတောင်ကွယ်မှာ ရှိနေတဲ့အတွက် သတိသိပ်ထားပြီး သွားနေရလို့ ခရီးနှေးလှတယ်။ လိုရာပန်းတိုင်ကို ရောက်ဖို့ မိုင်အများကြီး ကျန်သေးပေမဲ့ နေဝင်လုပြီ

mgyoe.com

mgyoe.com

ဖြစ်တာနဲ့ ရပ်နားဖို့ ဆုံးဖြတ်လိုက်ရတယ်။

တခြားဒေသဆိုရင်တော့ သစ်ရွက်ခြောက် အိပ်ရာပေါ်မှာနဲ့ ကြယ်ရောင်အောက်မှာ အိပ်လိုက်ရရင် အရသာထူးမှာ အမှန်ပဲ။ ဒီနေရာမှာတော့ အသေဆိုးသေလိုရင်သာ မြေပြင်မှာ အိပ်ဖို့ကောင်းတယ်။ အကျင့်ရှိပြီးပြီမို့ သင့်တော်တဲ့ သစ်ပင်ကိုရှာပြီး အဲဒီသစ်ပင်ပေါ်မှာပဲ တစ်ညကုန်လွန်စေဖို့ဟာ ကျွန်တော့်အတွက် လွယ်ပါတယ်။ ဒီတစ်ကြိမ်မှာ ဝက်သစ်ချပင်တစ်ပင်ကို ရွေးပြီး ရိုင်ဖယ်ကို သစ်ကိုင်းတစ်ခုမှာ မြဲမြဲပဲချည်နှောင်ပြီးတဲ့နောက် မှေးခနဲ အိပ်ပျော်သွားပါတယ်။ တိရစ္ဆာန်တွေ သစ်ပင်အောက်က ဖြတ်သွားသံတွေကြောင့် နိုးလာရပြန်တယ်။ အချိန်အတော်ကြာအောင် လှုပ်ရှားသံတွေ ကြားနေရပြီး နောက်ဆုံးမှာ ဝက်ဝံတွေ အသီးချိုတဲ့ ကာဖာပင်များကို ကုတ်ခြစ်တက်နေသံ ကြားရတယ်။ အဲဒီအပင်တွေဟာ တောင်စောင်းခပ်လှမ်းလှမ်းမှာ ရှိတယ်ဆိုတာ နေမဝင်ခင်က သတိထားမိတယ်။ ဝက်ဝံတွေဟာ အစာစားနေတုန်းမှာ ရန်လိုမြဲဖြစ်သလို သူတို့ အစာဝတဲ့အထိ ဆူညံနေတာနဲ့ ကောင်းကောင်း မအိပ်ရပါ။

မိုးလင်းပြီး နှစ်နာရီကြာတဲ့အခါ သွားချင်တဲ့ရွာကို ရောက်ပါတယ်။ ရွာလို့ခေါ်ရပေမဲ့ တဲနှစ်တဲနဲ့ နွားခြံလောက်ပဲရှိပြီး ငါးဧကလောက်ရှိတဲ့ မြေကွက်ကို စိုက်ပျိုးစားသောက်သူတွေနေထိုင်တဲ့ နေရာသာဖြစ်တယ်။ လယ်ခင်းပတ်လည်မှာ သစ်တောဝိုင်းနေတယ်။ ရွာသားတွေအားလုံး တုန်လှုပ်ချောက်ချားနေပြီး ကျွန်တော့်ကို မြင်ရတဲ့အခါ သိပ်ဝမ်းသာကြောင်း သိရတယ်။ တဲတွေနဲ့ ကိုက်အနည်းငယ်လောက်ပဲကွာတဲ့ ဂျုံခင်းမှာ အလုပ်လုပ်နေတဲ့ မိန်းမသုံးယောက်ကို ကျားဟာ ဝမ်းနဲ့ မြေကိုထိပြီး ချောင်းနေတုန်း မြင်ကြရလို့သာ အန္တရာယ်ကို လွတ်အောင် ပြေးနိုင်ကြတယ်။ အဲဒီနေရာကို သူ့ထက်ငါ ဦးအောင်ပြေးကြတယ်။ ကျားကို စမြင်တဲ့သူက သူအော်လိုက်တဲ့အတွက် ကျားဟာ တောကို ပြန်ဝင်ပြီး နောက်ထပ်ကျားတစ်ကောင်နဲ့ ပေါင်းပြီး တောင်အောက်ကနေ လျှိုထဲကို ဆင်းသွားကြတယ်လို့ ပြောပါတယ်။ လိုတဲ့အစာကို မရတော့ ကျားဟာ တစ်ညလုံး မကြာမကြာ လာပြီး ဟိန်းဟောက်နေတော့ တဲနှစ်တဲမှာ နေသူတွေ မအိပ်နိုင်ပါ။ ကျွန်တော်မရောက်ခင်က ကျားဟိန်းသံရပ်တယ်လို့ ဆိုပါတယ်။ ကျားနှစ်ကောင်လို့ဆိုတာနဲ့ လူစားကျားမှာ အရွယ်ရောက်စ ကျားငယ်တစ်ကောင်ပါတယ်လို့ဆိုတဲ့ သတင်းဟာ မှန်နေပါတယ်။

တောင်ပေါ်သားတွေဟာ အလွန် ဧည့်ဝတ်ကျေပွန်တယ်။ တပည့်တွေ ဒါလကနိယမှာ ကျန်ရစ်လို့ ကျွန်တော် ညက သစ်ပင်ပေါ်မှာ အိပ်ရတာ သူတို့သိတာနဲ့

mgyoe.com

တစ်ခါတည်း စားသောက်ဖို့ စီမံကြတယ်။ ဒါပေမဲ့ သူတို့နှမ်းပါးတာကို သိပြီးပြီမို့ လက်ဖက်ရည်တစ်ခွက်လောက်ပဲ လုပ်ဖို့ တောင်းပန်ရတယ်။ လက်ဖက်ခြောက် မရှိတော့တဲ့အတွက် တစ်ညက များများပါတဲ့ နွားနို့တစ်ခွက်ပဲ ရတယ်။ အချိုပြင်းပြင်းကို သောက်ကျင့်ရှိမယ်ဆိုရင်တော့ မဆိုးပါဘူး။ သူတို့ဆန္ဒအတိုင်း ဂျုံဆက်ပြီး ရိတ်သိမ်းတာကို ကျွန်တော်က သေနတ်အသင့်နဲ့ စောင့်ကြပ်ပေးရတယ်။ နေ့လယ်ရောက်မှ သူတို့ညွှန်တဲ့ လျှိုတွင်းကို ကျားရှာဆင်းရတယ်။

လဒယ၊ နန်ဒိုနဲ့ ဂေါဉလဆိုတဲ့ မြစ်သုံးသွယ် မြစ်ဖျားခံတဲ့ လျှိုဖြစ်တဲ့အတွက် အနောက်တောင် တန်းပြီး မိုင်နှစ်ဆယ်ရှည်တယ်။ သစ်ပင်ထူထပ်တယ်။ ခြေရာခံဖို့ မဖြစ်နိုင်တဲ့အတွက် ကျားကို ကျွန်တော့်နားရောက်အောင် မြှူခေါ်ခြင်း ဒါမှမဟုတ် တောသတ္တဝါတွေရဲ့ အော်မြည်သံကို နားထောင်ရင်း လိုက်ခြင်းကိုပဲ ပြုနိုင်ပေလိမ့်မယ်။

ခြေကျင်လျှောက်ပြီး လူစားကျားကို ပစ်လိုသူတို့အတွက် တောသတ္တဝါဖြစ်တဲ့ ငှက်နဲ့ တိရစ္ဆာန်တွေဟာရော၊ အရပ်လေးမျက်နှာက တိုက်ခတ်တဲ့လေဟာရော သိပ်ပြီး အကူအညီရတယ်။ တောင်ထူထပ်တဲ့ နေရာဖြစ်လို့ သုံးလေးမိုင်ခရီးအတွင်းမှာ ပေပေါင်းထောင်ပေါင်းများစွာ ဆင်းတက်ရတဲ့အတွက် သားကောင်တွေလည်း အနိမ့်အမြင့်ကိုလိုက်ပြီး အမျိုးအမည်တွေလည်း များပြားလှတယ်။ ဒါကြောင့် ဘယ်သတ္တဝါကိုစွဲပြီး အသံကို လေ့လာပါလို့ ညွှန်းလို့မရဘူး။ ဒါပေမဲ့ ဘယ်အမြင့်မှာမဆို တိုက်ခတ်တဲ့လေဟာတော့ အထူးအားကိုးလောက်တဲ့အကူအညီပဲ ဖြစ်ပါတယ်။ ဒါကြောင့် လူစားကျားကို လိုက်ပစ်တဲ့နေရာမှာ လေရဲ့အရေးပါပုံကို အတန်ငယ် ရှင်းပြပါမယ်။

ကျားဟာ လူတွေမှာ အနံ့ခံတဲ့သတ္တိညံ့တယ်ဆိုတာကို မသိဘူး။ ဒါကြောင့် လူကိုချောင်းတဲ့အခါလည်း တခြားသတ္တဝါမျိုးကိုချောင်းသလို လူရှိရာကို လေဆန်လာတယ်။ ဒါမှမဟုတ် လေအောက်က စောင့်နေတတ်တယ်။

မုဆိုးက ကျားကို မြင်ရလောက်အောင် ရှာဖွေဆဲမှာပဲ ကျားက လေကိုဆန်ပြီး လူ့နားကို ချဉ်းကပ်လာမှာ ဒါမှမဟုတ် လေအောက်က စောင့်ပြီးဖမ်းယူဖို့ ပြင်ဆင်နေမှာ မလွဲဘူး။ မုဆိုးကို တိုက်ခတ်ဆဲလေကသာ မကူညီနိုင်ရင် ကျားအတွက် အဘက်ဘက်က အနိုင်ရဖို့ အခွင့်သာတယ်လို့ ဆိုနိုင်တယ်။ ကျားဟာ အသံမကြားရအောင် သွားနိုင်တယ်။ သူ့ကိုယ်ထည်ရဲ့ အရောင်အဆင်း၊ တောမြက်ရဲ့အရောင်နဲ့ တစ်သားတည်းဖြစ်လို့ အနည်းငယ်လောက်ပဲ မြင့်တဲ့ကိုင်းတောတွင်းထဲမှာ သူဝပ်နေရင် မြင်နိုင်တော့မှာမဟုတ်ဘူး။

mgyoe.com

ကျားက လူကိုချောင်းပြီး ချဉ်းကပ်လာရင် အမြဲတမ်း လူရဲ့ နောက်ကျောဘက်ကို ချဉ်းကပ်တယ်။ တောထူရာကို လူစားကျားရှိမှန်းသိလျက်နဲ့ ဝင်တဲ့သူဟာ လေတိုက်ခတ်ပုံကိုကြည့်ပြီး အဲဒီလေကို ကိုယ့်အတွက် အသုံးမချတတ်ရင် သေရအောင်သွားခြင်းလို့ပဲ ခေါ်ရမှာပဲ။ သရုပ်ပေါ်အောင် ပြောရရင် လေဟာ မိမိနောက်က တိုက်နေဆဲမှာ တောကိုဝင်ရင် ကျားဟာ နောက်က ရောက်နေနိုင်တယ်။ ကာကွယ်ဖို့ အခက်ဆုံးအခြေအနေဖြစ်တယ်။ ဒါပေမဲ့ အဲဒီတောကို ဝင်ရမယ်ဆိုရင် လေကြောင်းကို ကန့်လန့်သွားပါ။ ကျားဟာ သူ့ရဲ့ဘယ်ဘက် ဒါမှမဟုတ် ညာဘက်ကလာမယ်။ ကာကွယ်နိုင်တယ်။ နောက်ပြန်လျှောက်ရတာနဲ့စာလျှင် ဒီနည်းဟာ အသင့်မြတ်ဆုံးဖြစ်တယ်။

ညနေစောင်းတဲ့အခါကျမှ ကျွန်တော်ဟာ ဒီလျှိုရဲ့ အထက်ဖျားကို ရောက်တယ်။ ကျားကိုလည်းမမြင်ရ။ သတ္တဝါတွေရဲ့ အော်မြည်သံတွေထဲမှာလည်း ကျားရှိတယ်လို့ မဖော်ပြဘူး။ လူနေအိမ်ခြေဆိုလို့လည်း လျှိုရဲ့ မြောက်ဘက်မှာ နွားတဲတစ်ခုပဲ မြင်ရတယ်။

ဒုတိယညအဖို့ တက်အိပ်စရာ သစ်ပင်ကို ဂရုပြုပြီး ရွေးချယ်ရတယ်။ ဒါကြောင့်လည်း အနှောင့်အယှက်မရှိ ချမ်းချမ်းသာသာ အိပ်ရတယ်။ နေဝင်လို့ မှောင်ပြီးနောက်မကြာခင် ကျားတွေရဲ့အော်သံကို ကြားရတယ်။ မိနစ်အနည်းငယ်ကြာတဲ့အခါ လုပ်သေနတ်သံနှစ်ချက်ကြားရပြီး နွားတဲရှိတဲ့နေရာက နွားကျောင်းသားတွေရဲ့ ဝိုင်းဝန်းအော်ဟစ်သံတွေကိုလည်း ဆက်ကာဆက်ကာ ကြားရတယ်။ အဲဒီနောက် အားလုံး ဆိတ်ငြိမ်သွားပါတယ်။

နောက်တစ်နေ့ညနေပိုင်းမှာ လျှိုကို အသေးစိတ် ကျွန်တော် စစ်ဆေးစုံစမ်းပြီးပါတယ်။ ဒလကနိယမှာ ကျန်ရစ်တဲ့ တပည့်တွေဆီ ပြန်မယ်လို့ မြက်ခင်းရှိတဲ့ကုန်းလျှောကို တက်ပြီးလာတဲ့ နွားခြံဆီက ချိုးကူသံ ကြားရတယ်။ ချိုးကူသံဟာ ဆင့်၍ဆင့်ပြီး ပေါ်လာတဲ့အတွက် ကျွန်တော်က ပြန်ပြီး ထူးလိုက်တယ်။ အဲဒီအခါ ကျောက်စွန်းတစ်ခုပေါ်ကို လူတစ်ယောက်တက်လာပြီး နိုင်နီတာက လူစားကျား ပစ်ဖို့ လာတဲ့ အင်္ဂလိပ်သခင်လားလို့ မေးပါတယ်။ ဟုတ်တဲ့အကြောင်းဖြေတဲ့အခါ မိမိနွားများ လန့်ပြီး လျှိုတွင်း ချောက်တစ်ခုဘက်က အခု ပြေးတက်လာကြပါတယ်။ မသင်္ကာလို့ ရေတွက်ကြည့်တဲ့အခါ နွားဖြူမတစ်ကောင် ပါမလာလို့ သတင်းပေးပါတယ်။

အရင်ညကလာပြီး အသံပြုတဲ့ကျားတွေပဲ ဒီနွားကို ဆွဲမယ်။ အဲဒီဟာအခု

mgyoe.com

မြဝေ yoe.com


ကျွန်တော်ရှိတဲ့နေရာက အနောက်ဘက်ကို မိုင်ဝက်သွားရင် ရောက်မယ်လို့ ညွှန်းလိုက်တယ်။ ကျွန်တော်လည်း စုံစမ်းမယ်လို့ ညွှန်တဲ့ ချောက်ကိုသွားတယ်။ ချောက်ကမ်းပါးမှာ အနည်းငယ်လောက်သွားမိရင် ပြေးလွှားသွားတဲ့ နွားခြေရာတွေကို တွေ့တယ်။ အဲဒီခြေရာတွေအတိုင်း လိုက်တဲ့အခါ နွားကို စကိုက်ဆွဲတဲ့နေရာကို အလွယ်နဲ့ပဲ တွေ့ပါတယ်။ နွားကိုသတ်ပြီးတဲ့နောက် ကျားတွေဟာ တောင်ကုန်းနက်စောက်တဲ့ဘက်က ချောက်ထဲကို ဆွဲယူသွားကြောင်း သိရတယ်။ ဆွဲသွားတဲ့ လမ်းကြောင်းအတိုင်း မလိုက်သင့်ဘူးလို့ ဆုံးဖြတ်ပြီး အသေကောင်ကို ထားမယ့်နေရာကို မှန်းပြီး ဘေးက ပတ်သွားပါတယ်။ ချောက်ရဲ့ တခြားဘက်မှာ အသေကောင်ဆွဲယူသွားတဲ့ ဘက်လောက် မတ်စောက်ခြင်းမရှိဘူး။ ရေညှိပင်တွေလည်း ပေါက်နေတယ်။ ချောင်းမြောင်းပြီးသွားဖို့ အထူးသင့်တော်တဲ့ နေရာဖြစ်တယ်။ အရိပ်တစ်စ အသံမကြားရလေအောင် တစ်လှမ်းချင်းလှမ်းပြီး ခါးစောင်းလောက်မြင့်တဲ့ ရေညှိပင်တောကိုဖြတ်ပြီး ချောက်က ကိုက်သုံးဆယ်လောက် သွားပြီးတဲ့အခါ ခြေထောက်ဖြူဖြူတစ်ချောင်း မိုးကိုထောင်ပြီး ပြင်းပြင်းထန်ထန် လှုပ်သွားတာကို မြင်ရတယ်။ ဆက်တိုက်ပဲ အာလုတ်သံနဲ့ဟိန်းသံကို ကြားရတယ်။ ကျားနှစ်ကောင် အဝေမတည့်ဖြစ်နေခြင်းဘဲ ဖြစ်ပါတယ်။

နည်းနည်းမှ မလှုပ်ရှားဘဲ ကျွန်တော် မိနစ်ပေါင်းများစွာ ရပ်နေမိတယ်။ ခြေထောက်ဟာ ဆက်ပြီး လှုပ်ရှားနေတယ်။ မြည်ဟိန်းသံကိုတော့ မကြားရတော့ဘူး။ ဆက်ပြီး ချဉ်းကပ်ဖို့ မသင့်၊ ဒီကိုက်သုံးဆယ်ကို ကျားတွေ မမြင်ရအောင် ကျွန်တော် ဆက်ပြီးသွားရင် ကျားတစ်ကောင်ကို သေအောင် ပစ်သတ်နိုင်တယ်ထားဦး၊ ကျန်တဲ့ ဘစ်ကောင်ဟာ ကျွန်တော်ရှိတဲ့ တည့်တည့်ကို တိုးဝင်လာပြီးကိုက်ရင် ကျွန်တော် ခုကာကွယ်နိုင်။ ကျွန်တော်ရှိတဲ့နေရာက ရှေ့တည့်တည့် လက်ဝဲဘက်မှာ ဆယ်ပေဆယ်ငါးပေလောက်မြင့်တဲ့ ကျောက်ဆောင်ဆို တစ်ခုရှိတယ်။ အဲဒီ ကျောက်ကုန်းကို ရောက်အောင်သွားနိုင်ရင် ပစ်ကွက်ကောင်းကောင်း ရနိုင်မယ်။ ဒါကြောင့် ဝမ်းလျားထိုးပြီး ရေညှိပင်ကြားက သေနတ်ကို ရှေ့က တွန်းတွန်းပြီး ပို့ကာသွားရတယ်။ အသက်ရှူခွင့်ရအောင် ခဏနားပြီး သေနတ်မှာ ယမ်းတောင့်အသင့် ရှိ၊ မရှိ စစ်ဆေးပြီးမှ ကျောက်ကုန်းကို တက်တယ်။ နည်းနည်းလောက် ခေါင်းကြွပြီး ကျောက်ထိပ်ကို ကျော်ကြည့်တဲ့အခါ ကျားနှစ်ကောင်ကို မြင်ရတယ်။

နွားရဲ့နောက်ပိုင်းကို တစ်ကောင်စားနေတယ်။ ကျန်တဲ့တစ်ကောင်က အနားမှာ ဝပ်ရင်း လက်ကို လျှာနဲ့လျက်နေတယ်။ ကျားနှစ်ကောင်စလုံး ကိုယ်လုံးပမာဏ တူ

mgyoe.com

တယ်။ လက်ကိုလျက်တဲ့ကျားက အရောင်ပျော့တယ်။ ပျော့တဲ့အရောင်ဟာ အသက်ကြီးပြီဖြစ်ရမယ်လို့ ဆုံးဖြတ်ပြီး ဒီကျားကို အသေအချာချိန်ပြီး ပစ်ပါတယ်။ သေနတ်ထိရင် ထခုန်ပြီး နောက်ကို ပြန်လဲတယ်။ နောက်တစ်ကောင်ကိုတော့ ပစ်ခွင့်မရလိုက်ဘူး။ ချောက်ဘက်ကို ဆင်းပြေးသွားပါတယ်။ သေနတ်မှန်တဲ့ကျားဟာ လုံးလုံးမလှုပ်တော့ဘူး။ ကျောက်ခဲတွေနဲ့ ပေါက်ကြည့်ပြီး သေနေပြီဖြစ်ကြောင်း စိတ်ချရတဲ့အခါ ရောက်မှ ဆင်းကြည့်တယ်။ စိတ်ပျက်စရာကောင်းတဲ့အချက်ဟာ အငယ်ကောင်ကို ပစ်မိခြင်းဖြစ်တာပဲ တွေ့ရတယ်။ ဒီလိုမှားယွင်းမိလို့ ရှေ့လာမယ့် ဆယ့်နှစ်လအတွင်းမှာ နောက်ထပ် လူဆယ့်ငါးယောက်သေရပြီး ကျွန်တော်တောင် အဆစ်ပါမလို ကြုံရပါသေးတယ်။

စိတ်ပျက်တယ်လို့ ဆိုရပေမဲ့လည်း ကျားမငယ်ဟာ လူသားရဲ့ အရသာကို သိပြီးဖြစ်လို့ မကြာခင် သူကိုယ်တိုင် လူကို ဖမ်းတတ်လာမယ် ဖြစ်တဲ့အတွက် အခုလို စောစောက သတ်လိုက်နိုင်တာဟာ တော်သေးတယ်လို့ စိတ်ဖြေရပါတယ်။ အမိဖြစ်တဲ့ ကျားမကြီးကို သမီးကျားမငယ်က လူသတ်တဲ့နေရာမှာ အမှန်တကယ် ကူညီတယ် ဆိုတာကိုလည်း နောင်အခါ သက်သေအထောက်အထားရပါတယ်။

ကျားရေဆုတ်တဲ့အခါ မြေပြန့်မှာလည်းဖြစ်မယ်၊ ဝိုင်းဝန်းကူညီသူလည်းရှိမယ်။ လိုသမျှ လက်နက်ကိရိယာလည်း စုံမယ်ဆိုရင် ဘာမှမခက်ဘူး။ ဒါပေမဲ့ ချုံတောမှာ တစ်ယောက်တည်း မောင်းချစားတစ်ချောင်းလောက်ပဲရှိတဲ့ ကျွန်တော့်အဖို့တော့ ခက်လှတယ်။ အစာဝပြီးတဲ့ ကျားဟာ ချက်ချင်းသတ်ဖြတ်ဦးမှာ မဟုတ်ဘူးလို့ မှန်းဆနိုင်ပေမဲ့ ကျွန်တော် အလုပ်လုပ်နေတာကို ကျားမကြီးဟာ တစ်နေရာရာက မပြတ် ချောင်းမြောင်းကြည့်ရှုနေတယ်လို့ ကျွန်တော့်စိတ်မှာ ထင်မိနေပါတယ်။

နေဝင်ခါနီးအချိန်ကို ရောက်တော့မှ အရေခွံခွာတဲ့အလုပ်ကို ပင်ပင်ပန်းပန်း လုပ်လို့ပြီးတယ်။ ခရီးဆက်ဖို့မဖြစ်နိုင်၊ အဲဒီည အဲဒီနေရာမှာပဲ အိပ်ဖို့ ပြင်ဆင်ရပါတယ်။ ခြေရာကိုကြည့်ပြီး ပြောရရင် ကျားမကြီးဟာ အသက်ကြီးရင့်ပြီဖြစ်ရမယ်။ လူတိုင်းလုပ်သေနတ်ကိုင်တဲ့ အရပ်မှာနေခဲ့တာမို့ ဒီညပြန်လာမယ်မထင်၊ ဒါပေမဲ့ လာလို့လာငြား တစ်ညစောင့်ဦးမယ်လို့လည်း ကျွန်တော် ဆုံးဖြတ်တယ်။

ရွေးရန်သစ်ပင် မများဘူး။ အဲဒီညက တက်အိပ်မိတဲ့ အပင်ဟာ တစ်ဆယ့်နှစ်နာရီလုံးလုံး သက်သက်သာသာ နေနိုင်လောက်အောင် ကောင်းတဲ့အပင်မဟုတ်ဘူး။ တစ်ညလုံး ကျားအော်သံ မကြာခဏ ကြားနေရပြီး လင်းအားကြီးလောက်ရောက်မှ

mgyoe.com

အသံလာရာအရပ်ဟာ တောင်ရိုးကိုကျော်ပြီး ဝေးသွားတယ်။ နောက်ဆုံး လုံးလုံးပျောက်သွားတယ်။

ကျွန်တော့်မှာ အဆစ်အမျက်တွေ ကိုက်ခဲပြီး အလွန်ဆာလောင်နေပါပြီ။ အစာမစားရတာဟာ ခြောက်ဆယ့်လေးနာရီရှိခဲ့ပြီ။ ညက တစ်နာရီလောက် မိုးရွာလိုက်သေးတဲ့အတွက် အဝတ်တွေလည်း စိုနေပါတယ်။ လင်းရောင်ခြည်လာတာနဲ့ တစ်ပြိုင်နက် သစ်ပင်ပေါ်ကဆင်းပြီး ကျားရေကို ကိုယ်မှာ မြဲမြဲချည်နှောင်ပြီးတော့ ဒါလကနိယကို လျှောက်ခဲ့တယ်။

ကျားရေအစိုကို တစ်ခါမှ ချိန်တွယ်ပြီး မကြည့်ခဲ့ဖူးပါ။ ဒါပေမဲ့ အခု ကျွန်တော်သယ်ယူလာခဲ့တဲ့ အရေ၊ ခေါင်းနဲ့ လက်ဖဝါး၊ ခြေဖဝါးတွေဟာ ခရီးအစမှာ ပေါင် ၄၀ လေးတယ် ဆိုကြပါစို့။ ဆယ့်ငါးမိုင် ခြေကျင်လျှောက်ပြီးတဲ့အခါ ပေါင် ၂၀၀ လောက်လေးတယ်လို့ စိတ်က ထင်မိပါတယ်။

ကျွန်တော့်တပည့်တွေ ကျွန်တော်တည်းခိုဖို့လို့ သတ်မှတ်ထားတဲ့ ဝင်းအတွင်းမှာ အဲဒီအရပ်ရဲ့ ဓလေ့အတိုင်း ကျောက်ပြားအပြာတွေ စီခင်းထားပါတယ်။ တပည့်ကျော်တွေနဲ့ ရွာသားတစ်ရာလောက် စည်းဝေးတိုင်ပင်ဆဲမှာပဲ ကျွန်တော် ရောက်သွားပါတယ်။ သုံးပေလောက်ပဲကျယ်တဲ့ အိမ်တန်းနှစ်တန်းကြားက ရွာလမ်းအတိုင်း ကျွန်တော်လာတာကို သူတို့ ချက်ချင်းမမြင်။ သွေးများပေကျံပြီး ဒယိမ်းဒယိုင်နဲ့ သူတို့လူအုပ်ထဲကို တိုးဝင်ခါမှ ဝမ်းမြောက်ဝမ်းသာ ပိုင်းဝန်းကြိုဆိုကြတာဟာ ဒီတစ်သက်မှာ မေ့နိုင်မယ်မထင်ပါ။

ပေါင် ၄၀ လောက်လေးတဲ့ ကျွန်တော့် ရွက်ထည်တဲကို ရွာနဲ့ ကိုက်တစ်ရာကွာရိုးပြတ်ကွင်းမှာ ထူထားတယ်။ ရောက်မဆိုက်ဘဲ လက်ဖက်ရည်ပူပူတစ်ခွက်ကို သေတ္တာနှစ်လုံးမှာ ငှားယူရရှိတဲ့ ပျဉ်ပြားကို ခင်းထားတဲ့စားပွဲပေါ် တင်လာတယ်။ ကျွန်တော်နဲ့အတူတူ ခရီးတွေကို အကြိမ်ကြိမ်လိုက်ဖူးတဲ့ တပည့်များဖြစ်တဲ့အတွက် ကျွန်တော့်ကိုပါ ကျားချီသွားပြီလို့ ရွာသားတွေထင်တာကို သူတို့က မယုံ၊ ဒါလကနိယသူကြီးက အလဟောရနဲ့ နိုင်နီတာကို ကျွန်တော် ပျောက်နေတဲ့အကြောင်း သတင်းပို့မယ်လုပ်တာကို သူတို့က ကန့်ကွက်တယ်။ ပြန်ရောက်ရင် ရောက်ချင်း သောက်ဖို့၊ ချိုးဖို့ ရေနွေးကိုပဲ နေ့ညမပြတ် ကျိုပြီး စောင့်ခဲ့ကြတယ်။

လူမြင်ကွင်းမှာပဲ မရှောင်သာတဲ့အတွက် ရေနွေးနဲ့ ရေချိုးရတယ်။ ညစ်ပတ်ပေကျံနေတဲ့အတွက် လူရှင်းအောင် စောင့်မနေနိုင်၊ ပြီးမှ အားပါးတရစားပြီး အိပ်တော့

mgyoe.com

mgyoe.com


မယ်လို့ ကြံစည်ဆဲမှာပဲ လျှပ်စစ်တွေ ဝင်းလက်ပြီး လေပြင်းမုန်တိုင်းနဲ့ မိုးသည်းသည်း ရွာတော့မယ့် အရိပ်အယောင်ပေါ်လာတဲ့အတွက် လေထဲကို ရွက်ထည်တဲ လွင့်မသွား အောင် အမြန်ငုတ်ပြင်ရိုက်၊ ကြိုးပြင်ဆိုင်း လုပ်ကြရပြန်တယ်။ မိုးသည်းမုန်တိုင်းဟာ တစ်နာရီလောက်ကြာပြီး တဲငယ်အတွက် အဆိုးဆုံးကြုံရတဲ့ မိုးသည်းလေပြင်းပဲ ဖြစ်ပါ တယ်တဲ့။ ကြိုးတချို့ပြတ်တယ်၊ တဲတွင်းဝတ္ထုပစ္စည်းအားလုံး စိုရွှဲသွားတယ်။ မြေပြင်မှာ လေးသစ်တစ်ဝါး ရေလွှမ်းတယ်။ ဒါပေမဲ့ ကျွန်တော့်အိပ်ရာဟာ အသင့်အတင့် သွေ့ ခြောက်သေးတဲ့အတွက် ည ၁၀ နာရီလောက်မှာ တပည့်တွေကို ရွာထဲက အိမ်တစ်လုံး မှာ အလုံအခြုံ ပိတ်ဆို့အိပ်စေပြီး ရိုင်ဖယ်တစ်လက် အသင့်ပြင်ပြီးတော့ ကျွန်တော် အိပ်ပါတယ်။ ဆယ့်နှစ်နာရီတောင် ကြာသွားတယ်။

နောက်တစ်နေ့မှာ မိုးစိုတဲ့ပစ္စည်းတွေကိုရော၊ ကျားရေကိုရော နေလှန်းရတယ်။ ဒီအချိန်မှာ ရွာသားအားလုံး လယ်တောကို အလုပ်မဆင်းကြတော့ဘဲ ကျွန်တော့်ဆီမှာ ဝိုင်းထိုင်လာကြတဲ့အတွက် ကျားပစ်တဲ့ဇာတ်ကြောင်း လှန်ရတယ်။ သူတို့ကလည်း သူတို့တွေ့ဖူးသမျှကို ပြောကြတယ်။ ရောက်လာသူတိုင်းဟာ သားချင်းတစ်ယောက် ယောက်ကို ကျားချီခံရဖူးသူတွေ ဖြစ်တယ်။ တချို့လည်း ကိုယ်တိုင် ကျားနဲ့ ရင်ဆိုင်ဖူး တဲ့အတွက် သူတို့ကိုယ်မှာ လက်သည်းရာ၊ သွားရာ ဒဏ်ရာဒဏ်ချက်တွေကိုတောင် ပြနိုင်တယ်။ လူစားကျားအစစ်ကို မရလိုက်ရကောင်းလားလို့ သူတို့က အပြစ်မတင်ပါ။ ဘာဖြစ်လို့လဲဆိုတော့ ပထမမှာ ကျားတစ်ကောင်သာ လူကိုရန်မူပေမဲ့ နောင်မှာ နှစ်ကောင်စလုံး ပါဝင်ပြီး အရင်တစ်ဆယ့်ငါးရက်က လင်မယားနှစ်ယောက်စလုံး အသတ်ခံရတာမှာလည်း ကျားနှစ်ကောင်စလုံး ဝင်ဆွဲတဲ့အတွက် ဖြစ်ပါတယ်။

ကျွန်တော့်တဲဟာ တောင်စွယ်တစ်ခုမှာ ဆောက်ထားတဲ့အတွက် တဲကနေပြီး ပတ်ဝန်းကျင်ကို ကောင်းကောင်းမြင်နိုင်တယ်။ အောက်ဘက်မှာ နန်ဒိုမြစ်ဝှမ်းနဲ့ တောင်ကုန်းတစ်ခုရှိပြီး ဘာပင်မှ စိုက်ပျိုးထားခြင်းမရှိတဲ့ နေရာဖြစ်တယ်။ အဲဒီနေရာက စပြီး ပေ ၉၀၀၀ အထိ တဖြည်းဖြည်း မြင့်တက်သွားတဲ့ တောင်ရိုးဖြစ်သွားပါတယ်။ ကျွန်တော်ရှိတဲ့ဘက်မှာ လေ့ကားထစ်စိုက်ခင်းရှိတယ်။ ဒီစိုက်ခင်းအစပ်မှာ မှန်ပြောင်း ကောင်းကောင်းကို ကိုင်ပြီး နယ်မြေပုံကို ဖြန့်ကာ ကျွန်တော်က ထိုင်ပါတယ်။ ရွာသား တွေက အရင်သုံးနှစ်အတွင်း လူနှစ်ဆယ်ကျော် ကိုက်အသတ်ခံရတဲ့ နေရာတွေကို ညွှန်ပြကြပါတယ်။ အဲဒီနေရာတွေဟာ စတုရန်းမိုင်လေးဆယ်အတွင်းမှာ ရှိတယ်။

အဲဒီနေရာတစ်ဝိုက်က သစ်တောတွင်းမှာ ကျွဲနွားတွေ လွှတ်ထားတဲ့ အလေ့

mgyoe.com

mgyoe.com
လည်းရှိတယ်။ နွားလမ်းမှာ ကျွဲလေးကောင်ကို နေရာခွဲပြီး ချည်ထားဖို့ ဆုံးဖြတ်လိုက်ပါတယ်။

နောက်ဆယ်ရက်အတွင်း ကျားမကြီးအကြောင်း ဘာသတင်းမှ မရပါ။ မိုးလင်းချိန်မှာ ချည်ထားတဲ့ ကျွဲတွေကို သွားကြည့်တယ်။ နေ့လယ်မှာ တောအတွင်းကို လှည့်လည်စစ်ဆေးတယ်။ ညနေမှာတော့ ကျွဲတွေ မောင်းယူလာပြီး ချည်မြဲနေရာတို့မှာ ချည်ရတယ်။ ဆယ့်တစ်ရက်မြောက်မှာတော့ အားတက်စရာ သတင်းရလာတယ်။ ကျွန်တော့်တဲရဲ့အထက် တောင်ကုန်းမှာရှိတဲ့ ချောက်တစ်ခုမှာ နွားမတစ်ကောင် အသတ်ခံရတာပဲဖြစ်ပါတယ်။ သွားကြည့်တဲ့အခါ ခြေရာကို မြင်ရတဲ့အတွက် ကျားသစ်အိုတစ်ကောင်ရဲ့ လက်ချက်ပဲလို့ သိရတယ်။ ရွာသားတွေက အဲဒီကျားသစ်ပဲ နွားနဲ့ဆိတ်တွေကို သတ်ဖြတ်နေတဲ့အတွက် နှိမ်နင်းပေးပါလို့ တောင်းပန်ကြလို့ စောင့်ပြီး ပစ်ဖို့ ပြင်ဆင်ရပြန်တယ်။ နွားသေကောင်နားမှာ ဂူငယ်တစ်ခု ရှိတယ်။ အဲဒီဂူမှာ ထိုင်စောင့်တယ်။ မကြာခင် ချောက်ရဲ့တစ်ဖက်က ဆင်းလာတဲ့ ကျားသစ်ကို မြင်တာနဲ့ပစ်ဖို့ ရိုင်ဖယ်ကို မြှောက်လိုက်တုန်းမှာပဲ ရွာဘက်က အရေးတကြီး ကျွန်တော့်ကို ခေါ်သံကြားရတယ်။

ဒီလောက်အရေးတကြီးခေါ်ဖို့ အကြောင်းကိစ္စတစ်ခုတည်းပဲရှိလို့ ဦးထုပ်ကို ဆွဲယူပြီး ဂူထဲက ပြေးထွက်ခဲ့တယ်။ ကျားသစ်ဟာ ပထမ လန့်ပြီး မြေပြင်ထဲမှာ ဝပ်လိုက်တယ်။ ပြီးမှ ဒေါသနဲ့ ဖြီးခနဲ တစ်ချက်မြည်ပြီး လာလမ်းအတိုင်း ခုန်ထွက်ပြေးပါတယ်။ ကျွန်တော်လည်း ချောက်ကို ကုတ်ခြစ်တက်ရတယ်။ ချောက်ထိပ်ကိုရောက်တဲ့အခါ လာပြီဟေ့လို့ အသံပေးပြီး အခေါ်လာသူဆီကို အရောက်ပြေးသွားပါတယ်။

ရွာက တောင်တက်ကို မရပ်မနား ပြေးခဲ့သူဖြစ်လို့ မောလှတာနဲ့ ချက်ချင်း စကားမပြောနိုင်၊ တော်တော်ကြာမှ သူ့ရွာက မိုင်ဝက်အလွန်မှာရှိတဲ့ နောက်တစ်ရွာမှာ မိန်းမတစ်ယောက်ကို ကျားဝင်ဆွဲတယ်လို့ သတင်းပေးပါတယ်။ တောင်ခြေကို ကျွန်တော်တို့နှစ်ယောက် ပြေးဆင်းသွားကြတဲ့အခါ အဲဒီရွာရဲ့ အိမ်ဝင်းတစ်ခုမှာ လူစုလူဝေးကို တွေ့ရတယ်။ အဲဒီသူတွေက ကျွန်တော်တို့ကို ချက်ချင်းမမြင်၊ လူဝိုင်းကို ကျော်ကြည့်မိတဲ့အခါ မိန်းမငယ်တစ်ယောက် မြေမှာ ထိုင်နေတာကို တွေ့ရတယ်။

ကိုယ်အထက်ပိုင်းဝတ်ရုံဟာ နုပျိုတဲ့ ခန္ဓာကိုယ်က ကွာကျနေပါတယ်။ ခေါင်းဟာ နောက်ကိုလန်နေပြီးတော့ မလဲအောင် လက်နှစ်ဖက်နောက်ပစ်ပြီး မြေမှာ ထောက်ထားတယ်။ အသံမထွက် မလှုပ်မယှက်နေပေမဲ့ ရင်နိမ့်လိုက်မြင့်လိုက်နဲ့ အသက်ကို
mgyoe.com

mgyoe.com


ပင်ပင်ပင်ပန်းပန်း ရှုနေပါတယ်။ နောက်ပြီး မျက်နှာနဲ့ လည်ပင်းက သွေးချောင်းစီးကျပြီး ရင်သားကြားမှာ သွေးခဲတွေ ဖြစ်နေပါတယ်။

ကျွန်တော် ရောက်လာတာကို ရွာသားတွေက ချက်ချင်း မမြင်ကြပေမဲ့ မကြာခင်ပဲ တွေ့သွားကြတဲ့အတွက် ဒဏ်ရာရတဲ့ အမျိုးသမီးနားကို သွားသာအောင် လူရှင်းပေးပါတယ်။ ကျွန်တော်က ဒဏ်ရာကို စစ်ဆေးနေတုန်းမှာ လူတိုင်းက ပြိုင်တူ အဖြစ်အပျက်စုံကို ပြောကြတယ်။ မြေပြင်ရှင်းရှင်း လူအများမျက်မှောက်မှာပဲ ဝင်ဆွဲသွားခြင်းဖြစ်တယ်။ ဘေးကမြင်ရတဲ့ လူအုပ်ထဲမှာ အဲဒီကလေးမရဲ့ လင်ယောကျ်ားလည်းပါတယ်။ ဝိုင်းအော်ဟစ်သံကြောင့် ကျားဟာ ကလေးမကို ချထားခဲ့ပြီး တောကိုဝင်ပြေးသွားတယ်။ ကျားကိုက်ခံရသူ သေပြီအထင်ထားခဲ့ပြီး အဖော်တွေဟာ ရွာကိုပြန်ပြေးပြီးတော့ ကျွန်တော့်ဆီကို သတင်းပို့ကြတယ်။ ဒဏ်ရာရသူဟာ သူ့ဘာသာသတိရပြီး ရွာကို တစ်ယောက်တည်း ပြန်ခဲ့တယ်။ ရွာသားအများရဲ့ ခန့်မှန်းခြေအရ ဒီမိန်းကလေးဟာ မိနစ်ပိုင်းအတွင်းမှာပဲ အသက်ထွက်တော့မှာမို့ ကျားထားခဲ့တဲ့ နေရာကိုပဲ အသက်ထွက်ပြီးတဲ့အခါ ပြန်ပို့ပေးမယ်၊ အလောင်းဘေးက ကျွန်တော်က ထိုင်ပြီး ကျားကို စောင့်ပစ်ဖို့ သူတို့က အလိုရှိတယ်။

ဒီလို သူတို့ပြောကြတုန်းမှာ လူနာအမျိုးသမီးရဲ့ မျက်လုံးတွေဟာ ကျွန်တော့်လှုပ်ရှားသမျှကိုပဲ လိုက်ကြည့်နေတယ်။ ဒဏ်ရာရှိတဲ့ ကြောက်လန့်တုန်လှုပ်နေတဲ့ တိရစ္ဆာန်တစ်ကောင်ရဲ့ အသနားခံတဲ့ အကြည့်မျိုးပဲ ဖြစ်တော့တယ်။ ကျွန်တော် ဘာကိုလုပ်ရမယ်လို့ စဉ်းစားဖို့နဲ့ စဉ်းစားရသမျှ စလုပ်ကိုင်ဖို့ လူရှင်းဖို့ လိုတယ်။ ကလေးမလည်း လေချောင်ချောင်ရှုနိုင်အောင် လူချဲပေးဖို့ လိုပါတယ်။ ကြမ်းကြမ်းရိုင်းရိုင်းပဲတွန်းဖယ်ပစ်မိတယ်။ ယောကျ်ားတွေ နောက်ဆုတ် ပျောက်ကွယ်သွားကြတဲ့အခါမှ မိန်းမတွေကိုခေါ်ယူပြီး ရေနွေးကျိုယူခဲ့ဖို့ မှာရတယ်။ ပတ်တီးအဖြစ် ချည်နှောင်ဖို့ အဝတ်သန့်သန့်မရနိုင်တဲ့အတွက် ကျွန်တော့်ရှပ်အင်္ကျီကိုပဲ ဆုတ်ဖြဲရတယ်။ ဘေးက စိုးရိမ်စိတ်နဲ့ အသားလွတ်လန့်ပြီး အော်ဟစ်လဲပြိုမတတ်ရှိတဲ့ ကလေးမတစ်ယောက်ကို စိတ်ပြောင်းသွားအောင် ကတ်ကြေး အရှာခိုင်းလိုက်တယ်။ တစ်ရွာလုံးမှာ ကွယ်လွန်သူ စက်ချုပ်သမားတစ်ယောက်အိမ်မှာပဲ ကတ်ကြေးရှိတယ်။ ရတဲ့ ကတ်ကြေးဟာ စက်ဆရာရဲ့ မယားမုဆိုးမက အာလူးတူးဖို့ သုံးနေပြီမို့ သုံးမရ၊ ဒါကြောင့် သွေးတွေနဲ့ အခဲအထွေးဖြစ်နေတဲ့ ဆံပင်ကို မဖြတ်ဘဲ ထားရတယ်။

အကြီးဆုံးဒဏ်ရာကတော့ ကျားလက်သည်းနဲ့ ခြစ်ဆွဲထားတဲ့ အကွဲနှစ်ခု ဖြစ်

mgyoe.com

တယ်။ တစ်ခုဟာ မျက်စိနှစ်လုံးကြားကစပြီး ခေါင်းတစ်လျှောက်သွားကာ လည်ကုပ် ရောက်တယ်။ ခေါင်းရေပြားနှစ်မြွာကွဲပြီး တွဲလဲရှိတယ်။ နောက်တစ်ကွဲဟာ ပထမကွဲ ကြောင်းအနားကပဲစပြီး နဖူးကို ဖြတ်ကာ လက်ယာနားအထိ ရောက်တယ်။ ဒါတွေ အပြင် လက်ယာရင်သား၊ လက်ယာပခုံးနဲ့ လည်ပင်းတွေမှာလည်း ကုတ်ဖဲ့ရာတွေ ရှိတယ်။ လက်ယာလက်ခုံမှာရှိတဲ့ နက်ရှိုင်းတဲ့ ဒဏ်ရာဟာ ခေါင်းကိုမထိအောင် လက်နဲ့ ကာကွယ်တုန်းက ရဟန်တူတယ်။

ဆရာဝန်မိတ်ဆွေတစ်ယောက် ခြေကျင်လျှောက်ပြီး ကျားပစ်ဖို့ ခေါ်ဖူးတယ်။ ထိတ်ဖွယ်ကြုံရတဲ့ နံနက် အမဲလိုက်ကအပြန်မှာ အဲဒီဆရာဟာ အမြဲဆောင်ပါလေလို့ အရည်ဝါ နှစ်အောင်စဝင် ပုလင်းတစ်လုံး ပေးထားဖူးတယ်။ အမဲလိုက်တဲ့အခါတိုင်း ဝတ်လေ့ရှိတဲ့ ဂျာကင်အတွင်းအိတ်မှာ အဲဒီပုလင်း ပါလေ့ရှိတယ်၊ ထားတာဟာ တစ်နှစ် ကျော်ပြီဖြစ်လို့ လေးချိုးတစ်ချိုးလောက်တောင် ခန်းခြောက်နေပြီ။ မိန်းကလေးရဲ့ ခေါင်း နဲ့ကိုယ်က ဒဏ်ရာတွေကို ဆေးကြောပြီးနောက် ပုလင်းခေါင်းကို ရိုက်ချိုးလိုက်တယ်။ ဒီနောက် တစ်ပုလင်းလုံး တစ်စက်မှ မကျန်တဲ့အထိ အနာတွေပေါ်ကို လောင်းထည့်ပါ တယ်။ ပြီးမှ လန်ကျနေတဲ့ ခေါင်းရေကို အတတ်နိုင်ဆုံး ပုံမပျက်အောင် ပြန်ချုပြီး ပတ်တီးစီးတယ်။ ဒီနောက် မိန်းကလေးရဲ့အိမ်ကို ကျွန်တော်ကိုယ်တိုင် ချီပို့တယ်။ အိမ်ဆိုတာဟာ မီးဖိုခန်း၊ စားခန်း အားလုံးပေါင်းမှ တစ်ခန်းတည်းသာရှိတဲ့ နေရာဖြစ် တယ်။ အမျိုးသမီးတွေ ဝိုင်းပြီး နောက်က လိုက်ပါလာကြတယ်။

အဝင်တံခါးနား ကွပ်ပျစ်တစ်ခုပေါ်က ကြိမ်ခြင်းထဲမှာ ကလေးငယ်က နို့ဆာလို့ ဆူပူနေပါတယ်။ ဒီကိစ္စကိုတော့ ကျွန်တော် ဘာမှမတတ်နိုင်တာနဲ့ အမျိုးသမီးတွေကိုပဲ တာဝန်လွှဲအပ်ပြီး ပြန်ခဲ့တယ်။ နောက်ဆယ်ရက်အလွန် ပြန်ခါနီး ကျွန်တော် နှုတ်ဆက် ရအောင် အဲဒီအိမ်ကို သွားတဲ့အခါ အိမ်ဝမှာထိုင်ပြီး သားငယ်ကို ရင်မှာပိုက်ခါ သိပ်နေ တဲ့ သေရွာပြန် မိန်းကလေးကို တွေ့ခဲ့ရတယ်။

ကုပ်မှာ ကျားလက်သည်း အနက်ဆုံးဝင်သွားတဲ့ နေရာကလွဲပြီး ကျန်နေရာတွေ က ဒဏ်ရာတွေဟာ ကျက်နေပါပြီ။ ဆံပင်ကောင်းတဲ့ ကလေးမက ဆံပင်ကို ခွဲပြီး ဦးရေဆက်ထားတဲ့နေရာကို ပြုံးပြီး ပြတယ်။ နေသားတကျ ဆက်နေတာကို တွေ့ရ တယ်။ သူ့ညီမက စက်ဆရာရဲ့ မုဆိုးမဆီက အဲဒီနေ့က ငှားယူလာတဲ့ ကတ်ကြေးဟာ မှားယွင်းပြီး ကတ်ကြေးဆိုးကို ယူလာမိလို့ ကံကောင်းတယ်လို့ ဆိုပါသေးတယ်။ သူတို့အရပ်မှာ မုဆိုးမတွေသာ ခေါင်းတုံးရတဲ့ အလေ့ရှိတယ်။ အခုစာပိုဒ်ကို မိတ်ဆွေ

mgyoe.com

mgyoe.com

ဆရာဝန်ဖတ်မိရင် ငါပေးဖူးတဲ့ အရည်ဝါပုလင်းတစ်ပုလင်းဟာ ဒီလောက်သတ္တိကောင်းတဲ့ သားငယ်မိခင်တစ်ဦးရဲ့ အသက်ကို ကယ်ပေတယ်တကားလို့ ဝမ်းသာပေမယ်။

အဲဒီမိန်းကလေးကို ကျွန်တော် ဆေးကုသနေတုန်း တပည့်တွေက ဆိတ်တစ်ကောင်ရှာပြီး ထားနှင့်တယ်။ သွေးစက်ကို ခြေရာခံပြီးလိုက်တဲ့အခါ ကျားစတင် ကိုက်ဆွဲတဲ့နေရာကို ရောက်တယ်။ အဲဒီက ချုံတစ်ခုမှာ ဆိတ်ကို ချည်နှောင်ပြီး ပတ်ဝန်းကျင်မှာ အသင့်တော်ဆုံးဖြစ်တဲ့ ဝက်သစ်ချပင်ပေါ်ကိုတက်ပြီး တစ်ညတာ စောင့်ကြည့်ရန် ပြင်ဆင်ရပါတယ်။ ခဏလောက် မှေးအိပ်ဖို့တောင် မဖြစ်နိုင်တဲ့ နေရာဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ လူစားကျားမဟာ အစာမရသေး၊ ကျွန်တော်ထိုင်နေတဲ့ သစ်ခွဟာလည်း မြေက ပေအနည်းငယ်လောက်ပဲ မြင့်တယ်။ ဒါပေမဲ့ အဲဒီညက တစ်ညလုံး ဘာမှမကြား၊ ဘာမှမမြင်။

မနက်လင်းတဲ့အခါကျမှ မနေ့က နေမဝင်ခင် အချိန်မရတာနဲ့ ပတ်ဝန်းကျင်ကို မစစ်ဆေးခဲ့ရသေးလို့ လှည့်ပြီး ကြည့်ပါတယ်။ လူစားကျားမဟာ မိန်းကလေးကိုဆွဲပြီးမှ လျှိုတစ်လျှောက် မိုင်ဝက်လောက် နန်ဒိုမြစ်ကို နွားလမ်းဖြတ်တဲ့နေရာအထိ တက်သွားတာ တွေ့တယ်။ အဲဒီကျတော့ နွားလမ်းကို နှစ်မိုင်လောက် လိုက်သွားပြန်တော့ ဒါလကနိယ အထက်တောင်ရိုးပေါ်က တောလမ်းနဲ့ဆုံတဲ့နေရာကို ရောက်တယ်။ အဲဒီနေရာဟာ မြေမာလို့ ခြေရာပျောက်သွားပါတယ်။

အဲဒီနောက် နှစ်ရက်တိုင်တိုင် ရွာတိုင်းက လူတိုင်းဟာ အခင်းကြီး အခင်းငယ် စွန့်ဖို့တောင် ရွာပြင်ကို မထွက်ဝံ့ဘူး။ သုံးရက်မြောက်တဲ့အခါမှာတော့ ဒါလကနိယ တောင်ဘက် ငါးမိုင်ကွာ လောဟလီရွာက မိန်းမတစ်ယောက်ကို ဆွဲသွားပြန်ပြီလို့ ခြေမြန်လေးယောက် ရောက်လာပြီး သတင်းပေးပါတယ်။ တောလမ်းရိုးရိုးသွားရင် အချင်းဖြစ်သွားရာနေရာကို ဆယ်မိုင်သွားရမယ်လို့ သူတို့က ပြောတယ်။ ဒါပေမဲ့ ဖြတ်လမ်းက ငါးမိုင်ပဲရှိလို့ ဖြတ်လမ်းနဲ့ပို့မယ်၊ လိုက်နိုင်ပါ့မလား မေးပါတယ်။ ကျွန်တော်လည်း လိုက်သွားဖို့ အမြန်ပြင်ဆင်ပြီး မွန်းတိမ်းသာသာမှာ လမ်းပြလေးယောက်နဲ့ ထွက်ခဲ့ကြပါတယ်။

တော်တော့ကိုဖောက်တဲ့ အတက်လမ်းကို နှစ်မိုင်သွားမိရင် ဒါလကနိယတောင်ဘက်က ကုန်းရိုးရှည်ကို ရောက်တယ်။ လျှိုထဲက ရွာနားအထိ သုံးမိုင်ဆင်းရင် ကျားဆွဲတယ်ဆိုတဲ့နေရာကို ရောက်တော့မယ်။ လမ်းပြတွေကို မေးလို့ ဘာမျှ ထပ်မသိ။
mgyoe.com

mgyoe.com


သူတို့နေရာက လောဟာလီရဲ့ ဒီဘက်တစ်မိုင်ကွာ ရွာငယ်ဖြစ်တယ်။ စောစောက ပြောခဲ့ဖူးတဲ့ ပုံစံအတိုင်း လောဟာလီမှာ မိန်းမတစ်ယောက် လူသားစားကျားဆွဲသွားပြီး ဒီသတင်းကို ဒါလကနိယမှာရှိနေတဲ့ ကျွန်တော့်ဆီကို အရောက်သွားပို့လို့ သူတို့ဆီကို မနက် ၁၀ နာရီမှာ သတင်းရောက်လို့ ထွက်ခဲ့ရတယ်ဆိုတာပဲ ပြောတတ်တယ်။

ကျွန်တော်တို့ရပ်နေတဲ့ ကုန်းရိုးထိပ်မှာ သစ်ပင်မရှိ၊ ပြောင်နေတယ်။ ကျွန်တော် အမောဖြေရင်း ဆေးလိပ်တစ်လိပ်သောက်နေတဲ့အခါကျမှ အဖော်တွေက ပတ်လည်မှာ ရှိတဲ့ ကုန်းချိုင့်အနေအထားကို လက်ညှိုးညွှန်ပြီး ပြသကြတယ်။ ကျွန်တော်တို့ နားတဲ့ နေရာနဲ့ မလှမ်းမကမ်းမှာ ကျောက်တုံးကြီးတစ်တုံးရှိတယ်။ အဲဒီကျောက်တုံးအောက်မှာ ဆူးရိုးကာထားတဲ့ တဲပျက်ကလေးတစ်လုံးတွေ့လို့ အကျိုးအကြောင်း မေးကြည့်တော့ ဒီလိုပြောပါတယ်။ အရင်လေးနှစ်လောက်က တစ်ဆောင်းလုံး တောင်ခြေဈေးတွေက ဂူရ် (GUR) ဆား စတဲ့ ပစ္စည်းတွေဝယ်ပြီး အတွင်းနယ်ဘက်ကို ပို့ပေးလေ့ရှိတဲ့ (နယ်ခြားတစ်ဖက်က) ဘူတိယတစ်ယောက်ဟာ ဒီနေရာမှာ တစ်နွေတစ်မိုးခိုပြီး ဆိတ်ကျောင်းရင်း လာမယ့်ဆောင်းမှာ အလုပ်တွင်တွင်လုပ်နိုင်အောင် အားမွေးတယ်။ သီတင်းပတ် နည်းနည်းကြာလာတော့ ဆိတ်တွေက တောင်အောက်အထိ ဆင်းလာပြီး အခု ဇာတ်လမ်းပြန်ပြောနေတဲ့လူရဲ့ ယာထဲဝင်စားလို့ တိုင်ရအောင် လိုက်လာတဲ့အခါ တဲထဲမှာ လူမရှိတော့ဘူး။ ဒီလူမျိုးတွေ အမြဲမွေးလေ့ရှိတဲ့ ရဲရဲတောက် သိုးကျောင်းခွေး ဟာလည်း သံငုတ်မှာ ချည်ထားရင်း သေနေတယ်။ ရာဇဝတ်မှုဖြစ်မယ်ထင်ပြီး နောက်တစ်နေ့ လူစုပြီး ခြေရာခံလိုက်ကြတယ်။ ကိုက်လေးရာကွာလောက်က မိုးကြိုးမှန်ထားဖူးတဲ့ သစ်ချပင်ကြီးကို လက်ညှိုးညွှန်ပြီး အဲဒီအပင်အောက်မှာ သူတို့ရှာတဲ့ လူရဲ့အဝတ်၊ ခေါင်းခွံနဲ့ အရိုးအစအန တွေ့ရတယ်တဲ့။ ဒီလူဟာ ချောင်းဂါးလူစားကျား ပထမဆုံး သတ်စားတဲ့လူပါပဲတဲ့။

ကျွန်တော်တို့ထိုင်နေတဲ့ နေရာကနေပြီး တောင်အောက်ဆင်းဖို့ မဖြစ်နိုင်ဘူး၊ စောက်လွန်းတယ်၊ တောင်ကျောအတိုင်း မိုင်ဝက်လိုက်သွားပြီးမှ အဆင်းလမ်းကို တွေ့မယ်။ ဒါလည်း ပြေပြေမဟုတ်ပါဘူး။ ဒါပေမဲ့ ဆင်းလို့ဖြစ်သေးတယ်။ လမ်းကြမ်းဖြစ်လို့ အဆင်းခက်ပါတယ်။ အဲဒီလမ်းကမှ သူတို့နေတဲ့ရွာကိုဖြတ်ပြီး ဒီအပေါ်က အခုမြင်နေရတဲ့ လောဟာလီကို ရောက်သွားမယ်လို့ ပြောပါတယ်။ တောင်ကြောမှာ သွားရမယ့်လမ်းကို တစ်ဝက်လောက် သွားပြီးကြတဲ့အခါ ဘာ့ကြောင့် ဒီလို စိတ်ထဲမှာ ဖြစ်သလဲဆိုတာ ကျွန်တော် မပြောတတ်ပေမဲ့ ကျွန်တော်တို့ကို အန္တရာယ်ပြုမယ့် ရန်သူ

mgyoe.com

mgyoe.com


တစ်ဦးဦးဟာ နောက်ကချောင်းပြီး လိုက်လာတယ်လို့ သိနေတယ်။ မဟုတ်နိုင်ပါဘူး ဟယ်လို့ ကိုယ့်ဘာသာ ပြောမိပေမဲ့လည်း မရဘူး။ ဒီတစ်ဝိုက်မှာ လူစားကျားဟာ တစ်ကောင်ပဲရှိတယ်။ အဲဒီအကောင်ကလည်း ဒီက သုံးမိုင်ကွာတဲ့နေရာမှာ စားစရာ သတ်ထားပြီမို့ အဲဒီအခါကို ချက်ချင်းစွန့်ပြီး ကျွန်တော်တို့ကို လိုက်ချောင်းနေမယ် မဟုတ်ဘူးလို့ ဆင်ခြေတက်ကြည့်တယ်။ ဒါပေမဲ့ စိတ်ထဲမှာ မဖြောင့်ဘူး၊ နောက်ဆုံး တော့ ကျွန်တော်တို့ရောက်နေတဲ့ ကုန်းကြောဟာ မြက်စိမ်းစိမ်းပေါက်ပြီး အကျယ်ဆုံး နေရာဖြစ်လို့ ကိုယ်လာခဲ့တဲ့လမ်းကို ဝိုက်ပြီး ပြန်ကြည့်ဖို့ အကောင်းဆုံးနေရာဖြစ်တာနဲ့ ငါလူတွေကို ငါပြန်မလာမချင်း ထိုင်ရာက မထဘဲ ဒီမှာနေရစ်လို့မှာပြီး ကျွန်တော် အစုံစမ်းထွက်ခဲ့တယ်။ တောင်ရိုးက ထွက်လာတဲ့လမ်းအတိုင်း ပြန်လျှောက်တဲ့အခါ တောပိုင်းဝင်မိတယ်။ အဲဒီကမှ ကွက်လပ်မြေပြင်ကိုပတ်ပြီး ကိုယ့်လူတွေ ထိုင်နေတဲ့ နေရာရောက်အောင် လာခဲ့တယ်။ ဘယ်တောကောင်၊ ဘယ်ငှက်ကမှ အနီးဝန်းကျင်ကို ကျားလာလေရဲ့လို့ သတိထားဖို့ လှန့်တဲ့အသံ မပေးပါဘူး။ ဒါပေမဲ့ ကိုယ့်လူလေး ယောက်ကို ရှေ့ကတင်ပြီး ကျွန်တော်ကတော့ သေနတ်မောင်းပိတ်ခလုတ်ကို အလွယ် တကူ မ,တင်နိုင်အောင် လက်မနဲ့မှေးပြီး သေနတ်ကို ကိုင်လျက် လည်ပြန်မတတ် ကြည့်ရင်း ထွက်ခဲ့ကြပါတယ်။

ကျွန်တော့်ကိုလာခေါ်တဲ့ လူတွေရဲ့ ရွာကလေးကို ရောက်တော့ သူတို့ နေရစ်ပါ ရစေတော့လို့ ခွင့်တောင်းကြတယ်။ အဲဒီလို ခွင့်တောင်းတာကို ကျေနပ်ဝမ်းသာတယ်။ ရှေ့သွားရမယ့် တစ်မိုင်ဟာ တောထူတယ်၊ စောစောက ကျွန်တော့်မှာဖြစ်လာတဲ့ စိုးရိမ် စိတ်ငြိမ်သွားတာ ကြာပေမဲ့ ကိုယ်တစ်ယောက်တည်းရဲ့အသက်ကို ကိုယ်လုံအောင် စောင့်ဖို့ပဲ တာဝန်ကျန်တော့တယ်ဆိုရင် သက်သာတာပေါ့။ ရွာပြင်အစပ်မှာ ရှိနေတဲ့ လှေကားထစ်လယ်တွေ လွန်တာနဲ့ တစ်ပြိုင်နက် တောထူထူ စပါတယ်။ သလင်း ကျောက်သားလို အင်မတန်ကြည်လင်တဲ့ ရေကို စမ်းချောင်းကလေးမှာ တွေ့ရတယ်။ ဒီနေရာကို တစ်ရွာလုံး ရေလာခပ်ရပါတယ်။ အဲဒီမြေပျော့ပျော့မှာ လူစားကျားရဲ့ ခြေရာ လတ်လတ်ဆတ်ဆတ်ကို တွေ့ပါတယ်။

ကျွန်တော်သွားမယ့်ရွာဘက်က ထွက်လာတဲ့ခြေရာလည်း ဖြစ်တယ်။ စောစော က စိတ်ထဲမှာ တထင့်ထင့်လည်း ဖြစ်ခဲ့တယ်။ ဒီနှစ်ခုပေါင်းလိုက်ရင် ကျားဟာ "သတ်"ပြီးပေမဲ့ အကြောင်းတစ်ခုခုကြောင့် မစားဘဲ ထွက်သွားပြီ၊ ငါသွားပေမဲ့လည်း တွေ့မှာမဟုတ်လို့ အလကားဖြစ်မယ်ဆိုတာ တထစ်ချသိနေတယ်။ ကျွန်တော် ချုံပုတ်

mgyoe.com

mgyoe.com

တောက ထွက်လိုက်တော့ လောဟလီကို မြင်နေရပြီ။ တစ်ရွာလုံးမှ အိမ်ငယ် ငါးအိမ်ခြောက်အိမ်ပဲရှိမယ်။ အိမ်တစ်အိမ်ရဲ့ အဝင်ဝမှာတော့ လူစုစုမြင်တယ်။

သစ်ပင်အကွယ်မရှိတဲ့ ကုန်းတက်နဲ့ လှေကားထစ်လယ်တွေကို ဖြတ်ပြီး ကျွန်တော်လာနေတာကို ရွာသားတွေ လှမ်းမြင်ကြတယ်။ လူစုထဲက ၃–၄ ဦးထွက်လာပြီး ကျွန်တော့်ကို ကြိုပါတယ်။ အဲဒီအထဲက အဘိုးကြီးတစ်ယောက်က ကျွန်တော့်ခြေကို လက်နဲ့ထိဖို့ ငုံ့လိုက်ပြီး မျက်ရည်စက်လက်နဲ့ သူ့သမီးအသက်ကို ကယ်ပါလို့ တောင်းပန်ရှာတယ်။ သူပြောပြတဲ့ အဖြစ်အပျက်ကတော့ တိုသလောက် ကြေကွဲစရာကောင်းတယ်။ သူ့သမီးက မုဆိုးမ၊ သူ့မှာ အားကိုးစရာ ဒီသမီးတစ်ယောက်ပဲ ရှိတယ်။ မနက် ဆယ်နာရီလောက်မှာ နေ့လယ်စာထမင်းချက်ဖို့ ထင်းခွေထွက်တယ်။ လျှိုထဲမှာ စမ်းချောင်းငယ်ကလေးက ရေတသွင်သွင် စီးနေတယ်။ အဲဒီချောင်းရဲ့ တစ်ဖက်ရွာက အပြင်ထွက်ရာဘက်မှာ တောင်ကမ်းပါးယံကြီးဟာ တော်တော်စောက်တယ်။ ဒါပေမဲ့ အောက်ပိုင်းအဆင့်လောက်မှာ လှေကားထစ်လယ် နည်းနည်းလုပ်ရသေးတယ်။ အဲဒီလယ်အထစ်တွေထဲက အောက်ဆုံးထစ်ဟာ သူတို့နေတဲ့တဲနဲ့ ကိုက် ၁၅၀ ပဲရှိမယ်။ ထင်းခွေတယ်ဆိုတာ ဝေးဝေးသွားတာမဟုတ်ဘူး။ အဲဒီလယ်စပ်မှာဖြစ်တယ်။ တစ်အောင့်လောက်ကြာတော့ စမ်းချောင်းမှာ အဝတ်လျှော်နေတဲ့ မိန်းမတွေက အော်သံကြားလို့ မော့ကြည့်ကြတယ်။ ကျားနဲ့လူအတွဲလိုက်ဟာ လယ်စပ်က စမ်းချောင်းအရောက် ထူထူပေါက်နေတဲ့ ဆူးချုံပုတ်တွေထဲ ဝင်သွားတာ မြင်လိုက်ကြပါတယ်တဲ့။ မိန်းမတွေလည်း ရွာအရောက် အော်ပြီး ပြေးလာကြတယ်။ ရွာသားတွေက သွားမကယ်ဝံ့ကြဘူးပေါ့။ လျှိုအထက် သူတို့ရွာထက်မြင့်တဲ့ ရွာကို အကူအညီပေးပါလို့ အော်ပြောကြတယ်။ အဲဒီက ကျွန်တော့်ဆီကို လူလေးယောက်လိုက်လာတဲ့ရွာကို ထပ်ပြီး သတင်းပို့လိုက်ရတယ်တဲ့။ ဒီလိုဖြစ်ပြီး နာရီဝက်ကြာတော့ ကျားဆွဲခံရတဲ့ မိန်းမဟာ အိမ်ကို လေးဖက်တွားပြီး ပြန်ရောက်လာတယ်။ သူအပြောက ကျားကိုမြင်မြင်ချင်း ကျားက ခုန်အုပ်တော့မယ်ဆိုတာကို သိလို့ ပြေးရင်လည်း မလွတ်သာဘူးဆိုပြီး တောင်ချောက်ထဲကို ခုန်ချလိုက်တယ်။ လမ်းတစ်ဝက်မှာ ကျားက သူ့ကိုဖမ်းမိပြီး အတူတူ ကျသွားကြတယ်။ အဲဒီနောက် သူဘာမှမသိ၊ သတိလည်လာတော့ စမ်းချောင်းရေစပ်မှာ တစ်ယောက်တည်းဖြစ်နေတယ်။ အော်ပြီး အကူတောင်းဖို့ အားမရှိတော့ဘူး။ သူ့ဘာသာပဲ တွားပြီး ရွာအရောက်ပြန်ခဲ့ရတယ်တဲ့။

အဲဒီအဖြစ်အပျက်ကို ပြောရင်း ကျွန်တော်တို့ ဆိုင်ရာအိမ်ပေါက်ဝကို ရောက်

mgyoe.com

သွားကြပါတယ်။ အုံနေတဲ့လူတွေကို နည်းနည်းဖယ်ခိုင်းရတယ်။ နံရံလေးဖက်မှာ အပေါက်ဆိုလို့ ဒီတစ်ပေါက်ပဲရှိတဲ့ တံခါးဝမှာ လူရှင်းတော့ လူနာကို တွေ့တယ်။ ဒဏ်ရာကိုသိချင်လို့ သွေးလူးနေတဲ့ ခြုံစောင်ကို ခွာကြည့်တယ်။ မြင်ရတဲ့ ဒဏ်ရာ ဒဏ်ချက်ကို မပြောပါရစေနဲ့တော့။ ကျွန်တော့်အိတ်ထဲမှာ ပါမန်ဂနိတ်ခေါ်တဲ့ ပေါ် တက်နည်းနည်းပါတယ်။ ကျွန်တော့်လို လူသာမန်က အဲဒီဆေးလောက်ကလေးနဲ့ ကုသဖို့ကို ထားပါ။ လက်မှတ်ရဆေးဆရာဝန်ဖြစ်ပြီး ဆေးဝါးအပြည့်အစုံပါလာရင် တောင် အသက်ရှင်အောင် ဒီမိန်းမကို ဆေးကုပေးဖို့မလွယ်ဘူး။ ဘာပြုလို့လဲဆိုတော့ အိုက်လှောင်နေတဲ့ အိမ်ကျဉ်းကလေးထဲမှာ နေရရှာလို့ တစ်ကိုယ်လုံး ပွနေအောင် ရထားတဲ့ လက်သည်းရာ၊ သွားရာ၊ ဒဏ်ချက်တွေဟာ ရင်းနေပြီ။ သတိကောင်းကောင်း မဝင်ဘဲ မြောနေတာပဲ ကောင်းသေးတော့တယ်လို့ ဖြေရတယ်။ အဖေကြီးက အိမ်ထဲ ကျွန်တော်နဲ့ ဝင်လိုက်လာတယ်။ ဘာမှ ကူဖော်မရပါဘူး။ ဒါပေမဲ့ မောင်းထုတ်ဖို့ သနားတာနဲ့ ကြည့်နေလိုက်တယ်။ ပထမဆုံး ခြောက်ခဲနေတဲ့ သွေးတွေကို ပါမင်ဂနိတ် ရည်ဖျော်ပြီး ဆွတ်ထားတဲ့ ကျွန်တော့်လက်ကိုင်ပဝါနဲ့ ပွတ်ပွတ်ပြီး စင်အောင် လုပ်ပါတယ်။

ကျွန်တော်စခန်းချတဲ့နေရာကို အရောက်ပြန်သွားဖို့ နောက်ကျနေပြီ။ ဒီတော့ တစ်ညတာအတွက် နေရာရှာရတယ်။ မိန်းမတွေအဝတ်လျှော်တဲ့နေရာရဲ့ အထက်သိပ် မကွာလှတဲ့နေရာမှာ ဧရာမညောင်ပင်ကြီးရှိတယ်။ အပင်ခြေရင်းဝိုင်းပြီး ပူဇော်ပသပွဲ လုပ်ဖို့ တစ်ပေလောက်မြင့်တဲ့ အင်္ဂတေခုံရှိတယ်။

ခုံပေါ်မှာ အဝတ်တွေချွတ်ပြီး ချောင်းထဲကို ရေချိုးဖို့ ဆင်းခဲ့တယ်။ ရေသုတ်ဖို့ ဖူးစောင်မပါတော့ လေခတ်ပြီး ခြောက်ရတာပေါ့ဗျာ။ အဝတ်ပြန်ဝတ်ပြီး သစ်ပင်ကြီးကို မှီ၊ ယမ်းတောင့်အသင့်သွင်းပြီး ရိုင်ဖယ်ကို ဒေါ်မှာချပြီး တစ်ည ငုတ်တုတ်ထိုင်ဖို့ ပြင်ဆင်လိုက်ပါတယ်။ အမှန်ကို ဝန်ခံရရင် ဒီနေရာဟာ ညလုံးပေါက် စောင့်ကြည့်ဖို့ ကောင်းတဲ့နေရာ မဟုတ်ပါဘူး။ ဒါပေမဲ့ အသက်ရှူကျပ်နေတဲ့ လူမမာမိန်းမဆီကရတဲ့ အနံ့အသက်နဲ့ အိုက်လှောင်ပြီး ယင်ကောင်တွေ တလောင်းလောင်းရှိနေတဲ့ တဲနဲ့စာရင် ဒီကသာတာပေါ့။

မိုးမလင်းခင်ပဲ မိန်းမတွေ ငိုသံကြားတော့ ဝေဒနာရှင် ဝဋ်ကျွတ်ပြီဆိုတာ သိလိုက်ပါတယ်။ မနက် သူတို့ရွာထဲဝင်သွားတော့ သင်္ဂြိုဟ်ဖို့ ပြင်ဆင်လို့တောင် ပြီးတော့မယ်။

mgyoe.com